
# ပေါင်နှင်းငွေ

## သိုင်းရာဇာနှင့်သံမဏိငှက်




ဓနိုင်းပန်းချီ = မင်းကျော်နို

## (၇)

**အရှက်ဦး။**

တစ်နေ့တာ၏ အလှပဆုံးအချိန် ဖြစ်၏။ အပြာရောင် မိုးကောင်းကင်တွင် လိမ္မော်ရောင်၊ မရမ်းရောင်၊ အပြာရောင် စသော အရှက်ဦးလင်းရောင်ခြည်များက ယှက်သန်း ဖြစ်ပေါ်လာစလေပြီ။

လေနုအေးကလေးများက တသုန်သုန် တိုက်ခတ်နေသလို ငှက်ကလေးများက အိပ်တန်းမှထွက်လာခဲ့ကြလေပြီ။

ရသေ့ကျောင်း အတွင်းတွင် ရသေ့ကြီး ယောင်ရှန်က ကပ္ပိယကြီး ဝေါ့ကျင်ဟုန်ငီမံပေးသည့် မန်ထိုခေါ် အသားလွှတ်ပေါက်စီများနှင့် လက်ဖက်ရည်ကြမ်းကို သုံးဆောင်လျက် ရှိနေ၏။





မကြာမီ စင်းပီလျံ ရောက်လာသော ရသေ့ကြီးကို ဦးထောက်ဂါရဝ ပြုလိုက်၏။ ရသေ့ကြီးက စင်းပီလျံနှင့် ကပ္ပိယ ဝေါ့ကျင်ဟုန်တို့အား အနီးသို့ခေါ်လိုက်ပြီး....

'ကပ္ပိယကြီး ကျောင်းမှာ ရိက္ခာကုန်နည်းနေပြီ၊ အောက်ဆင်းပြီး ရိက္ခာသွားဝယ်ရမယ်'

'မှန်လှပါဘုရား'

ကပ္ပိယကြီးက ဝမ်းသာအားရနှင့် ပြောလိုက်၏။ စင်းပီလျံက ကပ္ပိယကြီးအား လေသံတိုးတိုးဖြင့်....

'ဘဘ ကျွန်တော်ပါ လိုက်ချင်တယ်၊ တောင်အောက်ကို တစ်ခါမှမဆင်းဖူးဘူး၊ အဲဒါ ဆရာရသေ့ကို ပြောပေးပါ'

'အရှင်ဘုရား စင်းပီလျံကို တပည့်တော်ခေါ်သွားပါရစေ၊ ဝယ်ရမယ့်ပစ္စည်းတွေကများတော့ တပည့်တော် တစ်ယောက်တည်းနဲ့ ဘယ်လိုမှမသယ်နိုင်ပါဘူး'

ရသေ့ကြီးက မျက်မှောင်ကြုတ်လိုက်ကာ....

'ကောင်းပြီ ဝေါ့ကျင်ဟုန်၊ မင်းက သူ့ကို တာဝန်ယူပြီး ခေါ်သွားမယ်ဆိုရင်တော့ ခေါ်သွားပါ၊ ဘာမှပြဿနာဖြစ်သံတွေ မကြားချင်ဘူး'

ကပ္ပိယကြီးမှာ ဝမ်းသာအားရဖြစ်သွားရကာ...

'စိတ်ချပါဘုရား၊ တပည့်တော် တာဝန်ယူပါတယ် ဘုရား'

စင်းပိလျှံမှာလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိရ၏။ သူက တောင်အောက်သို့ အရွယ်ရောက်ကတည်းက တစ်ခါမှ င်းခဲ့ဖူးပါချေ။ သိုင်းလောကသားများနှင့်လည်း တစ်ခါမှ ဲ့ဖူးမချ။

သူက တောင်အောက်သို့ ပထမဆုံးအကြိမ် ဆင်းရ ည်ဆို၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရတော့ ည်။

ထို့ပြင် ရိက္ခာများ သွားရောက်ဝယ်ယူရမည့်နေရာမှာ မြို့ကလေးတစ်မြို့ဖြစ်သည့် ဟိုပင်းမြို့တွင် သွားရောက်ဝယ်ယူရမည် ဖြစ်၏။

ဟိုပင်းမြို့မှာ စည်ကားသောမြို့တစ်မြို့ဖြစ်ကြောင်းကိုလည်း သူကြားဖူးထား၏။ ထို့ကြောင့် စင်းပိလျှံမှာ စိတ်ဓာတ်များ အထူးပင့်တက်ကြွနေမိလေ၏။

ရသေ့ကြီးက ကပ္ပိယကြီးနှင့် စင်းပိလျှံအား....

'ကိုင်း သွားမယ်ဆိုရင်လဲ မင်းတို့နှစ်ယောက် စောစော သွားကြ၊ ငါလဲ ကိစ္စတစ်ခုရှိလို့ ခရီးထွက်ရဦးမယ်၊ ငါလဲ သန်ဘက်ခါလောက်ဆို ပြန်ရောက်မှာပါ'

'ကောင်းပါပြီ ဆရာတော်'

ကပ္ပိယကြီးနှင့် စင်းပိလျှံတို့က ရသေ့ကြီးကို ဂါရဝပြုကာ ယူဆောင်စရာရှိသည်များကိုယူဆောင်ပြီး တောင်အောက်သို့ ဆင်းလာခဲ့ကြတော့၏။





ယင်းအချိန်တွင် ရသေ့ကြီးကလည်း တောင်ကြောတစ်ဖက် လမ်းမှနေ၍ ဆင်းသွားခဲ့လေပြီ။

စင်းပိလျှံက ကပ္ပိယကြီးအား....

'ကျွန်တော်က ဘဘကို အထူးပဲ ကျေးဇူးတင်ပါတယ်၊ ဘဘသာမပြောရင် ကျွန်တော် တောင်အောက်ကို ဆင်းရမှာ မဟုတ်ဘူး၊ ကျွန်တော်က တောင်အောက်ကို တစ်ခါမှရောက် ဖူးတာ မဟုတ်ဘူး'

ကပ္ပိယကြီးက စင်းပိလျှံကိုစောင်းငဲ့ကြည့်လိုက်ရင်း....

'အေး ဒါကြောင့်လဲ ငါက မင်းကိုသနားလို့ ရအောင် ပြောပေးရတာပေါ့'

ထို့နောက် သူတို့က တောင်ဆင်း လမ်းကျဉ်း ကလေး အတိုင်း ဆင်းလာခဲ့ကြ၏။ ထိုတောင်တက်တောင်ဆင်းလမ်းမှာ အလွန်ချောမွတ်မတ်စောက်ပြီး တော်ရုံတန်ရုံလူများ အတက် အဆင်းမပြုလုပ်နိုင်ပေ။

မကြာမီ သူတို့သည် ဟိုပင်းမြို့သို့ ဦးတည်ရာ လမ်းပေါ်သို့ ရောက်လာခဲ့ကြ၏။ ခရီးသွားများကို တွေ့လိုက်ရသောအခါ စင်းပိလျှံမှာအလွန်အံ့ဩနေမိ၏။

သူက ခရီးသွားများ၏ ဝတ်စားသွားလာဟန်၊ သိုင်းလောကသား အမျိုးမျိုးကိုတွေ့မြင်ရသောအခါ အထူးပင်အံ့ဩနေ မိ၏။

ကပ္ပိယကြီးနှင့် စင်းပီလျံက ဟိုပင်းမြို့အတွင်းသို့ဝင်ရောက်လာခဲ့ကြ၏။ ဟိုပင်းမြို့တစ်မြို့လုံး အုံးအုံးကျွက်ကျွက်နှင့်အထူးစည်ကားနေသည်ကို တွေ့မြင်လိုက်ရ၏။

ကပ္ပိယကြီးက အနီးမှ ခရီးသွားတစ်ယောက်ကို

'ဒီမြို့က ဒီနေ့ အရမ်းကိုစည်ကားနေပါလား၊ ဘာရှိလို့လဲ'

ထိုသူက

'ဟိုပင်းမြို့မှာ နဂါးလှည့်ပွဲ ရှိတယ်လေ၊ ခင်ဗျားတို့ မသိဘူးလား'

မှန်ပေသည်။ နဂါးလှည့်ပွဲဆိုသည်မှာ အထူးပင်စည်ကားပြီး တစ်မြို့လုံး အုံးအုံးကျွက်ကျွက်ဖြစ်လျက် ရှိနေ၏၊ နဂါးအကပြိုင်ပွဲများလည်းရှိနေရာ လူအုပ်စုကြီးများမှာ သူ့ဖက်ကိုယ့်ဖက် အော်ဟစ်အားပေးလျက် ရှိနေ၏။

စင်းပီလျံက ကပ္ပိယကြီးအား

'ဘာဘာ ကျွန်တော် နဂါးကတာ တစ်ခါမှ မမြင်ဖူးဘူး။ ကြည့်ချင်တယ်'

'အေး အေး ကြည့်ရတာပေါ့ကွာ'

ထို့နောက် နှစ်ယောက်သား နဂါးကပွဲကြည့်ရန် လူအုပ်ကြီးကြားသို့ တိုးဝှေ့ဝင်ရောက်လာခဲ့ကြ၏။

'ချွမ်း ချွမ်း ချွမ်း ချွမ်း'

'တုံ တုံ တုံ တုံ'





လင်ကွင်းသံများနှင့် ဗုံသံများက ဆူညံလျက်ရှိ၏၊ နဂါးခေါင်းထဲတွင် လူတစ်ယောက်က ရှိနေပြီး ကိုယ်လုံးရှည်ကြီးတွင် လူပေါင်းမြောက်မြားစွာက စီတန်းလျက်ရှိနေကြ၏။

မကြာမီ နဂါးခေါင်းကြီးက အထက်သို့ ထောင်တက်သွားသည်။အမှန်မှာ နဂါးက ကသူများက တစ်ယောက်ပခုံးပေါ် တစ်ယောက်တက်ကာ ဆင့်ရပ်လိုက်သဖြင့် နဂါးကြီးမှာ လေထဲသို့ မြောက်တက်သွားသလို တွေ့မြင် လိုက်ကြရခြင်းပင်ဖြစ်၏။

စင်းပီလျံမှာ နဂါးကပွဲကို တစ်ခါမှ မမြင်ဖူးသဖြင့် တအံ့တဩ ကြည့်နေမိ၏။ လူအုပ်ကြီးကတိုးလိုက် သူကရွှေ့သွားလိုက်နှင့် ကပ္ပိယကြီးနှင့်သူသည် တဖြည်းဖြည်း ဝေးမှန်းမသိဝေးနေကြရ၏။

ကပ္ပိယကြီးကလည်း နဂါးကပွဲကို အာရုံစိုက်နေရာ စင်းပီလျံနှင့်သူ တဖြည်းဖြည်းဝေးကွာသွားသည်ကို သတိမထားမိလိုက်ပေ။ လူအုပ်ကြီးမှာ အထူးများပြားကာ တအုံးအုံးနှင့် တိုးဝှေ့ကြည့်လျက်ရှိနေ၏။

'ဟာင်'

စင်းပီလျံမှာ အတန်ကြာတော့မှသတိရကာ သူ့အနီးတွင် ရပ်နေသော ကပ္ပိယကြီးကိုကြည့်လိုက်ရာ မတွေ့ရတော့သဖြင့် အံ့ဩထိတ်လန့်သွားမိရ၏။

သူတို့နှစ်ယောက် လူချင်းကွဲသွားပြီဆိုသည်ကို သတိပြုရိပ်စားမိလိုက်၏။

နဂါးကပွဲတွင် တီးမှုတ်သံများမှာ ဆူညံနေပြီး အော်ဟစ်အားပေးသံများက ပွက်လောရိုက်နေရာ သူကအော်ဟစ်ခေါ်သော်လည်း အရာရောက်မည် မဟုတ်သဖြင့် မအော်မိတော့ပေ။

ကပ္ပိယကြီးကလည်း တိုးဝှေ့လိုက်သော လူအုပ်ကြီးကြောင့် ဘေးသို့ တဖြည်းဖြည်းရောက်သွားရ၏။

'အို…စင်းပိလျံ ဘယ်ရောက်သွားပါလိမ့်'

ကပ္ပိယကြီးက သူ့အနီးတွင် စင်းပိလျံကို မတွေ့ရတော့သဖြင့် ထိတ်လန့်ကာ စင်းပိလျံကို အတင်းတိုးဝှေ့ လိုက်ရှာသော်လည်း လူအုပ်ကြီးကစံနေသဖြင့် မည်သို့မျှ တိုးဝှေ့မရဘဲ ရှိနေ၏။

'စင်းပိလျံ…စင်းပိလျံ'

ကပ္ပိယကြီးက အထင်း အော်ခေါ်ကာ လိုက်ရှာသော်လည်း မတွေ့ရတော့ပေ။

'ဒုက္ခပါပဲ၊ စင်းပိလျံသာမပါရင် ငါ ကျောင်းကိုမပြန်ရဲဘူး၊ ဒီကောင်လေးကို မတွေ့တွေ့အောင်လိုက်ရှာမှ ဖြစ်မယ်'





ကပ္ပိယကြီးက လူအုပ်ကြီးများ အကြား တိုးဝှေ့ကာ စင်းပိလျံအား လိုက်လံ ရှာဖွေကြည့်လိုက်၏။ စင်းပိလျံကလည်း ကပ္ပိယကြီးကို လိုက်လံ ရှာဖွေရာ တစ်ယောက်နှင့်တစ်ယောက် လူချင်းလွဲကာ မတွေ့ရဘဲ ရှိနေကြ၏။

စင်းပိလျံမှာ ကပ္ပိယကြီးအား လိုက်လံရှာဖွေရင်း နတ်ကွန်းကြီးတစ်ခု အနီးသို့ ရောက်ရှိလာ၏။

နတ်ကွန်းကြီးအတွင်းသို့ ဝင်ထွက်နေသူ အထူးများပြားလှပြီး နတ်ကွန်းကြီးတစ်ပိုက်တွင်လည်း လူများမှာ အထူး စည်ကားလျက် ရှိနေ၏။

'ကပ္ပိယကြီးဟာ ဒီနတ်ကွန်းကြီးထဲများ ဝင်နေမလား မသိဘူး၊ ငါ ဝင်ကြည့်ဦးမှပဲ'

စင်းပိလျံ တွေးကာ နတ်ကွန်းကြီး အတွင်းသို့ ဝင်ရောက်လာခဲ့၏။

နတ်ကွန်းကြီးအတွင်းတွင် ဝင်ရောက်လည်ပတ်သူများ၊ ပူဇော်သူများနှင့် ပြည့်နှက်လျက် ရှိနေ၏။ အမွှေးတိုင်နံ့များက တထောင်းထောင်းထွက်ပေါ်နေကာ ကျောက်ဖယောင်းတိုင်ကြီးများ၏ တောက်လောင်သံများကလည်း တဖျစ်ဖျစ်မြည်ဟည်းလျက် ရှိနေ၏။

'ဟိတ် ကောင်လေး'

ရွှတ်တရက် သူ့နောက်ကျောဖက်မှ ခေါ်လိုက်သံကြောင့် စင်းပီလျံက တအံ့တသြဖြစ်ကာ လှည့်ကြည့်လိုက်ရာ အဘွား အိုကြီးတစ်ယောက်ကို တွေ့မြင်လိုက်ရ၏။

အဘွားအိုကြီးက စင်းပီလျံအား လက်ယပ်ခေါ်လိုက်ပြီး....

'မင်း လူတစ်ယောက်ကို လိုက်ရှာနေတာ မဟုတ်လား'

စင်းပီလျံက အဘွားအိုကို တအံ့တသြနှင့် ကြည့်လိုက်ရင်း....

'ကျွန်တော် လူတစ်ယောက် လိုက်ရှာနေတာကို အဘွားက ဘယ်လိုလုပ် သိနေရတာပါလဲ'

အဘွားအိုက ဟက်ခနဲ ရယ်မောလိုက်ရင်း....

'သိတာပေါ့ကွာ၊ ငါက လူတစ်ယောက်ကို ကြည့်လိုက်တာနဲ့ ဘာဖြစ်နေတယ်ဆိုတာ ဒက်ခနဲ အတိအကျ ပြောနိုင်တယ်၊ ငါက ဗေဒင်ပညာရှင်ကြီးတစ်ယောက်ပဲ'

စင်းပီလျံမှာ ဝမ်းသာအားရ ဖြစ်သွားကာ အဘွားအိုကို လက်နှစ်ဖက် အရှိအသေပြုလိုက်ပြီး....

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် လူတစ်ယောက်နဲ့ နဂါးကပွဲမှာ ကြည့်ရင်း လူချင်းကွဲသွားကြလို့ပါ၊ သူ့ကို ဘယ်နေရာမှာများ တွေ့နိုင်မှာပါလဲ'





အဘွားအိုက....

'ဒီလိုဘယ်ရမလဲ၊ ငါက အလကား ဟောနေတာ မဟုတ်ဘူး၊ ထိုက်သင့်သလောက်ငွေပေးမှ ဟောမယ်'

စင်းပီလျံက ကမ္ဘိယကြီး ပေးထားသည့် ငွေများအနက်မှ ငွေစအချို့ကို အဘွားအိုအား ပေးအပ်လိုက်၏။ အဘွားအိုက ငွေစများကို အင်္ကျီအတွင်းအိတ်ထဲသို့ ထည့်ကာ မျက်လုံးကို အသာမှိတ်လိုက်ပြီး တတွတ်တွတ် ရွတ်ဆိုလိုက်၏။

အတန်ကြာမှ အဘွားအိုက မျက်လုံးအစုံဖွင့်လိုက်ပြီး....

'မင်း လိုက်ရှာနေတဲ့ လူဟာ အခု မြို့ရဲ့ အနောက်ဖက်က အိမ်ကြီး တစ်လုံးမှာ ရောက်နေပြီ၊ မင်းကို စောင့်နေတယ်၊ အဲဒီမှာ သွားရှာပါ၊ အိမ်ရှေ့မှာ ချယ်ရီပင်ကြီး တစ်ပင် ရှိတယ်၊ ခြံဝင်းထဲမှာ ကျောက်ပြားလမ်း နှစ်လမ်း ခင်းထားတယ်'

'ကျေးဇူးပါပဲဘွားဘွား'

စင်းပီလျံက ဝမ်းသာအားရနှင့် ပြောရင်း အဘွားအိုကို အရှိအသေပြုကာ နတ်ကွန်းပျက်ကြီး အတွင်းမှ အလျင်အမြန် ပြန်လည် ထွက်ခွာလာခဲ့လေတော့၏။

အဘွားအိုက စင်းပီလျံ၏နောက်ကျောကိုကြည့်ကာခေါင်းတညိတ်ညိတ်နှင့် ကျန်ရစ်ခဲ့၏၊ စင်းပီလျံ ထွက်ခွာသွားသည်

နှင့် အဘွားအိုလည်း နတ်ကွန်း၏ အခြား တံခါးပေါက် တစ်ပေါက်မှ လျင်မြန်စွာ ထွက်ခွာသွားတော့၏။

စင်းပီလျံကည့် အဘွားအိုပြောလိုက်သည့်အတိုင်း ဟိုပင်၊ မြို့အနောက်ဖက်သို့ ခပ်သုတ်သုတ်လျှောက်လာခဲ့၏။ နေက ဝင်တော့မည် မဟုတ်ပါလား။

မိုးချုပ်သွားပါက သူ့အတွက်တစ်ယောက်တည်း အခက်ကြုံရပေလိမ့်မည်။

တည်းခိုဆောင်များတွင် ဝင်ရောက် တည်းခို၍ ရသော်လည်း ကပ္ပိယကြီးကို ပြန်မတွေ့မချင်း သူ အိပ်ပျော်တော့မည် မဟုတ်ပေ။

သူက လျှောက်လာခဲ့ရင်း မြို့၏ အနောက်ဖက်သို့ ရောက်မှန်းမသိ ရောက်လာခဲ့၏။ မြို့အနောက်ဖက်တွင် အိမ်များမှာ ကျဲသွားပြီး ခြံဝင်းကြီးများမှာ ကြီးမားလှ၏။

အိမ်ကြီးတစ်လုံးကို မြင်လိုက်ရသောအခါ စင်းပီလျံမှာ အံ့သြဝမ်းသာသွားမိ၏။ အဘွားအို ပြောလိုက်သည့်အတိုင်း ကျောက်ခင်းလမ်းသွယ်နှစ်ခုက ရှိနေ၏။

ခြံဝင်းထဲတွင် လူရိပ်လူရောင် မတွေ့ရဘဲ အိမ်တံခါးကြီးမှာလည်း ပိတ်ထားသည်ကို တွေ့လိုက်ရ၏။ အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။





စင်းပီလျံက ခြံတံခါးကို ဖွင့်ကာ အတွင်းသို့ ဝင်ရောက်လာခဲ့၏။

ကျောက်ခင်းလမ်းသွယ်ကလေးအတိုင်း လျှောက်သွားလိုက်သောအခါ မကြာမီ အိမ်ကြီးရှေ့သို့ ရောက်ရှိလာခဲ့၏။

သူက တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီးကိုကြည့်ကာ သံသယစိတ်များ ဖြစ်ပေါ်လာရ၏။ ကပ္ပိယကြီးသာ အိမ်ထဲတွင် ရှိနေမည်ဆိုပါက သူ့ကို ထွက်ပြီး ဝမ်းသာအားရနှင့် ခေါ်မည်ဖြစ်၏။

ခြံဝင်းအတွင်း အမှောင်ရိပ်များက သန်းစပြုလာလေပြီ။ နေလုံးက အနောက်ဖက် တောင်တန်းများတွင် မေးတင်စပြုနေပြီဖြစ်သည်၊

'ကျွိ'

စင်းပီလျံက အိမ်တံခါးမကြီးကို အသာအယာ တွန်းဖွင့်ကြည့်လိုက်၏။ တံခါးကြီးမှာ အလွယ်တကူပွင့်ကာ အတွင်းတွင် တစ်ယောက်မှ မတွေ့ရပေ။

'ဟင်'

စင်းပီလျံမှာ သူ လှည့်စားခံလိုက်ပြီကို သိကာ ချက်ချင်း လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။

'ဟိတ် မလှုပ်နဲ့'

ရုတ်တရက် ချွန်ထက်သော ဓားဦးများ၏ ထောက်ခြင်း ခံလိုက်ရကာ အမိန့်ပေးသံကို ကြားလိုက်ရသည်။

သူ၏ ပတ်ဝန်းကျင်တွင် ဓားသမားများ ထွက်ပေါ်လာကြ၏၊ အားလုံးက အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားကြပြီး မျက်နှာဖုံးများ စွပ်ထားကြသည်။

စင်းပီလျံမှာ ရုတ်တရက် ဓားများနှင့် ထောက်ခြင်း ခံလိုက်ရသဖြင့် မလှုပ်နိုင်ဘဲ ဖြစ်သွားရ၏။ ဓားသမားများ စုစုပေါင်း ငါးယောက်ဖြစ်သည်။

'ဟိတ်ကောင် လှုပ်တာနဲ့ ထိုးသွင်းလိုက်မယ်။ ငြိမ်ငြိမ်နေ'

ဝတ်စုံတစ်ယောက်က ပြောလိုက်ပြီး ကျန်သူများကို အချက်ပြလိုက်၏။ စင်းပီလျံ အံ့အားသင့်နေစဉ်မှာပင် ဝတ်စုံနက်များက စင်းပီလျံ၏ လက်များကို ကြိုးတုတ်ကာ ပါးစပ်ကို အဝတ်ဖြင့် စည်းထားလိုက်သည်။

'ရှိုး'

ဝတ်စုံနက်တစ်ယောက်က မြားတစ်စင်းကို အထက်သို့ ပစ်လွှတ်လိုက်ပြီး အချက်ပေးလိုက်ရာ မကြာမီ ခြံဝင်းအတွင်းသို့ မြင်းရထားတစ်စီး ဝင်ရောက်လာသည်။

ဝတ်စုံနက်များက စင်းပီလျံအား မြင်းရထားအတွင်းသို့ ပစ်ထည့်ထားလိုက်ကြ၏။ မကြာမီ မြင်းရထားက ခြံဝင်းအတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားသည်။





စင်းပီလျံမှာ မြင်းရထားအတွင်းတွင် လဲကျရင်း ပါလာရကာ....

'ဒီလူတွေ ဘယ်သူတွေလဲ၊ ငါနဲ့ ရန်ငြိုးရန်စလဲ မရှိပါဘူး၊ သူတို့ ငါ့ကို ဘယ်ခေါ်သွားကြမလို့လဲ မသိဘူး'

ဝတ်စုံနက်များက မြင်းကိုယ်စီဖြင့် မြင်းရထားနံဘေးမှ လိုက်ပါလာကြ၏။ မြင်းရထားက မြို့ပြင်သို့ ပြေးနှင်ထွက်ခွာလျက် ရှိနေ၏။ ထမင်းတစ်အိုးချက်ခန့် ကြာသော အချိန်တွင် တောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိလာပြီး အိမ်ကလေးတစ်လုံးရှေ့တွင် မြင်းရထားက ရပ်တန့်လိုက်သည်။

အိမ်ကလေးအတွင်းတွင် မီးရောင်က လင်းလက်တောက်ပလျက် ရှိနေ၏၊ ဝတ်စုံနက်များက စင်းပီလျံအား မြင်းရထားအတွင်းမှ ဆွဲထုတ်ကာ အိမ်ကလေးအတွင်းသို့ ဆွဲခေါ်သွားကြသည်။

အိမ်ကလေးအတွင်းမှ အပြင်အဆင်မှာ အထက်တန်းကျလှပြီး တစ်စုံတစ်ယောက်က အပန်းဖြေ နားနေရန် ဆောက်လုပ်ထားခြင်း ဖြစ်ဟန်တူပေသည်။

ဝတ်စုံနက် ခေါင်းဆောင်ဖြစ်ဟန်တူသူက အိမ်ထဲမှ ဝတ်စုံနက်တစ်ယောက်အား....

'ဂိုဏ်းချုပ်ကြီး ရောက်မလာသေးဘူးလား'

ထိုသူက ခေါင်းခါယမ်းပြလိုက်ပြီး....

'မရောက်သေးဘူး၊ မကြာခင်မှာ ရောက်လာမှာပါ၊ ဗိုကောင်လေးက စင်းပီလျံ ဆိုတာလား'

'ဟိုက်'

ဝတ်စုံနက်က ဆက်မပြောရန် အချက်ပြလိုက်ရာ ထိုသူမှာ ဆက်လက် မပြောဝံ့တော့ပေ။ ထို့နောက် ဝတ်စုံနက် ခေါင်းဆောင်က စင်းပီလျံ ကို စားပွဲကြီးရှေ့ရှိ ကုလားထိုင်တစ်လုံးတွင် ထိုင်ခိုင်းလိုက်၏။

စင်းပီလျံ ပါးစပ်မှ စည်းထားသော အဝတ်စကို ဖြုတ်ပေးလိုက်ပြီး လက်မှ တုပ်နှောင်ထားသော ကြိုးများကိုမူ ဖြည်မပေးပေ။

'ခင်ဗျားတို့ ဘယ်သူတွေလဲ'

'ဖြောင်း'

စင်းပီလျံက မေးလိုက်ရာ ဝတ်စုံနက် ခေါင်းဆောင်က စင်းပီလျံ၏ မျက်နှာအား ကြမ်းတမ်းသော လက်ဝါးဖြင့် ရိုက်ပစ်လိုက်သည်။ စင်းပီလျံမှာ မျက်လုံးထဲတွင် ကြယ်များ တောက်ပသွားရကာ ခေါင်းတစ်ခုလုံး မူးဝေနောက်ကျိသွားရသည်။

ဝတ်စုံနက် ခေါင်းဆောင်က တဟဲဟဲ ရယ်မောလိုက်ရင်း....

'ငါတို့ကို မေးခွန်းထုတ်ဖို့ မကြိုးစားနဲ့၊ မေးခွန်းထုတ်ရင် ဒီလိုပဲ အရသာတွေ့သွားလိမ့်မယ်၊ ဒါက ပဏာမပဲ ရှိသေး





တယ်၊ ခဏကြာ ငါတို့ ဂိုဏ်းချုပ်သခင်ကြီး ရောက်လာတော့မှာပါ၊ အဲဒီအခါကျရင် မင်း သိချင်တာတွေ သိရမှာပါ'

ထိုသို့ပြောနေစဉ်မှာပင် အိမ်ကလေးအပြင်ဖက်မှမြင်းများ အပြင်းနှင်လာသံ ကြားလိုက်ရပြီး 'ဂိုဏ်းချုပ်ကြီးလာနေပြီ' ဟူသော အသံတစ်သံကို ကြားလိုက်ရ၏။

မကြာမီ အိမ်ကလေးရှေ့သို့ မြင်းရထားတစ်စီး ဆိုက်ရောက်လာသံကို ကြားလိုက်ရပြီး ကြိုဆို လိုက်သံများကိုပါ ကြားလိုက်ရ၏။ အိမ်တံခါး ပွင့်သွားပြီးနောက် အတွင်းသို့ လူတစ်စု ဝင်ရောက်လာကြ၏။

ရှေ့ဆုံးမှ ပုဂ္ဂိုလ်မှာ မျက်နှာဖုံး စွပ်ထားပြီး တဖိတ်ဖိတ် တောက်လက်နေသော ငွေရောင်ဝတ်ရုံကို ဝတ်ဆင်ထား၏။ ထိုသူမှာ အနက်ရောင်သိုင်းသမားများ၏ ဂိုဏ်းချုပ်ကြီး ဖြစ်ဟန်တူပေ၏။

ဝတ်စုံနက်ခေါင်းဆောင်က ငွေရောင်ဝတ်စုံနှင့် ပုဂ္ဂိုလ်ကို အရိုအသေ ပြုလိုက်ပြီး....

'ဂိုဏ်းချုပ်ကြီး ခင်ဗျား၊ စင်းပီလျံ ကို ဖမ်းမိလာပါပြီ၊ ယောဒီမှာပါ'

ဂိုဏ်းချုပ်ကြီးဆိုသည့် မျက်နှာဖုံးစွပ်က စင်းပီလျံ ကို အသေအချာ ကြည့်လိုက်ပြီး....

'စင်းပိလျံ'ဆိုတာ မင်းကိုး၊မင်းက အတော်တောင် ကြီးနေမှပဲ၊ မင်း ငါတို့နဲ့ လာတွေ့ရတာ ကံဆိုးတာပဲ'

စင်းပိလျံက ဂိုဏ်းချုပ်ဆိုသူကို စူးစိုက်ကြည့်လိုက်ပြီး....

'ခင်ဗျား ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်ကို ဖမ်းခေါ်လာရတာလဲ'

ဂိုဏ်းချုပ်ဆိုသူက တဟဲဟဲ ရယ်မောလိုက်ကာ....

'မင်းဟာ ငါတို့ရဲ့ ရန်ကြွင်းရန်စကလေးတစ်ခု ဖြစ်တယ်၊ ဒီရန်ကြွင်းရန်စကလေးကို အပြတ်ရှင်းဖို့ ခေါ်လာတာပဲ'.

စင်းပိလျံမှာ အံ့အားသင့်သွားရှာ....

'ခင်ဗျားတို့နဲ့ကျုပ် တစ်ခါမှ ရန်ငြိုးရန်စလဲ မရှိပါလား၊ ဘာဖြစ်လို့ ရန်ပြုချင်ရတာလဲ'

ငွေရောင်ဝတ်စုံရှင်က အေးစက်ခက်ထန်သော လေသံဖြင့်....

'ဒီအကြောင်းတွေ ပြောရရင် အရှည်ကြီးပဲ၊ မင်း သေကာနီးမှာတော့ သိရမှာပေါ့ကွာ၊ဒီကနေ့တော့ ငါ့မှာ အရေးကြီးတဲ့ကိစ္စတစ်ခုက ရှိနေတယ်၊ မနက်ဖြန်ကျမှ မင်းကို ငါ ကိုယ်တိုင် စီရင်မယ်၊ ဒီကနေ့ည မင်းကို အိမ်ကလေးထဲမှာပဲ ချုပ်ထားရမယ်၊ကိုင်း မနက်ဖြန် မနက်စောစော ငါ ပြန်လာခဲ့မယ်၊ ဒီကောင့်ကို ဒီည ကောင်းကောင်းကြည့်ထား၊ လွတ်မသွားစေနဲ့'





'စိတ်ချဂိုဏ်းချုပ်ကြီး'

ထို့နောက် ဂိုဏ်းချုပ်ကြီး ဆိုသည့် ငွေရောင်ဝတ်စုံနှင့် ပုဂ္ဂိုလ်သည် နောက်လိုက်များကိုခေါ်ဆောင်ကာ အိမ်ကလေး အတွင်းမှ ပြန်လည်ထွက်ခွာသွားတော့၏။

အိမ်ကလေးအပြင်ဖက်မှ အပြင်းနှင် ထွက်ခွာသွားသော မြင်းခွာသံများကို ကြားလိုက်ရ၏။ ဂိုဏ်းချုပ်ကြီး ဆိုသော ပုဂ္ဂိုလ်မှာ ပြန်လည်ထွက်ခွာသွားလေပြီ။

သူ့ကို မနက်စောစောတွင် ထိုသူက လာရောက်သတ်ဖြတ်မည်မှာ ကျိန်းသေလှ၏။ သူ့ကို မည်သည့်အတွက်ကြောင့် သတ်ဖြတ်မည်ကို စဉ်းစားမရဘဲ ရှိနေရ၏။

ဝတ်စုံနက် ခေါင်းဆောင်က စင်းပိလျံ၏ ခြေထောက်အစုံကို ကုလားထိုင်နှင့် ပူးတွဲကာ ကြိုးနှင့် ချည်နှောင်လိုက်ရင်း....

'ဟဲ ဟဲ ဟဲ မင်း ဒီကနေ့ သိပ်ကံကောင်းသွားတယ်၊ မနက်ကျရင် ဂိုဏ်းချုပ်ကြီး ရောက်လာမှာပါကွာ၊ ဘာမှ မပူပါနဲ့'

စင်းပိလျံက ထိုဝတ်စုံနက် ခေါင်းဆောင်ကို ဘာမှ ပြန်မပြောဘဲ မကျေမနပ်ဖြင့်သာ ကြည့်နေလိုက်၏။

ဝတ်စုံနက်ခေါင်းဆောင်က....

'မင်းက ငါ့ကို မကျေမနပ်နဲ့ ကြည့်နေတာပေါ့လေ၊ဟုတ်လား၊ ကဲကွာ'

'ခွပ်'

'အင့်'

ဝတ်စုံနက်ခေါင်းဆောင်က ပြောရင်း စင်းပိလျံ၏ မျက်နှာကို လက်သီးဖြင့် ထိုးပစ်လိုက်ရာ စင်းပိလျံမှာ ပါးစပ်မှ သွေးများ စီးကျလာရ၏။ စင်းပိလျံက အံကိုကြိတ်ကာ ထိုသူကို စူးစိုက်ကြည့်နေမိ၏။

ဝတ်စုံနက် ခေါင်းဆောင်က စင်းပိလျံအား....

'အေး မနက်ကျရင် မင်း ဘယ်လိုအရသာရှိရှိနဲ့ သေရမယ်ဆိုတာ စောင့်ကြည့်ပေါ့ကွာ၊ ဂိုဏ်းချုပ်ကြီးဆီက အမိန့်ရတာနဲ့ ငါကိုယ်တိုင် မင်းကို ဓားနဲ့ ငါးမွှန်းသလို အရသာရှိရှိလေးမွှန်းပြလိုက်မယ်'

ဝတ်စုံနက်ခေါင်းဆောင်က စင်းပိလျံအား ကြိမ်းမောင်းပြောဆိုရင်း စောင့်ကြပ်နေကြဟန် တူပေ၏။ အိမ်ကလေးအတွင်းတွင် စင်းပိလျံ တစ်ယောက်တည်းသာ ကျန်ရှိနေ၏။

စင်းပိလျံမှာ အတော်ဆာလောင်နေပြီဖြစ်၍ သူက ညစာကို မစားရသေးသည့်အပြင် နေ့ခင်းဖက်ကလည်း နဂါးကမ္ဘာတွင် ကြည့်နေရာ ဘာမျှမစားရသေးချေ။





သူက ကပ္ပိယကြီးကိုလိုက်လံရှာဖွေနေခဲ့သဖြင့် စားသောက်ရန်ပင် သတိမရခဲ့ပေ၊ စားသောက်ရန်လည်း အချိန်မရခဲ့ပေ။ ထို့ကြောင့် စင်းပိလျံမှာ အတော်ကလေး ဆာလောင်ကာ ဝမ်းဗိုက်ထဲမှ တကျုတ်ကျုတ်ပင်အော်မြည်လာရ၏။

အိမ်ကလေးအတွင်းတွင် မီးအိမ်ကလေး တစ်လုံးက လင်းလက်နေသဖြင့် အလင်းရောင် ရနေခြင်း ဖြစ်၏၊ ဝန်းကျင်ရှိ တောအုပ်ကြီးတစ်ခုလုံးမှာ မှောင်မည်း တိတ်ဆိတ်လျက် ရှိနေကြ၏။

[illegible]
[illegible] 1500
[illegible]
[illegible] [illegible]
[illegible] [illegible] - Japan
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

## (၉)

ညဉ့်လေသည် အေးမြစွာ တိုက်ခတ်လာ၏။

တောအုပ်ကြီးတစ်ခုလုံး ပိုးကောင် မွှားကောင် ကလေးများ၏ အော်မြည်သံများမှအပ အခြားမည်သည့်အသံမှမကြားရပါချေ။

ဝတ်စုံနက် ခေါင်းဆောင်နှင့် ဝတ်စုံနက်များက အိမ်ကလေး ပတ်ဝန်းကျင်တွင် မီးပုံဖိုကာ စားသောက်လျက် ရှိနေကြ၏။

ဝတ်စုံနက်ခေါင်းဆောင်နှင့် ဝတ်စုံနက်များက မီးပုံကြီးအနီး ဝိုင်းဖွဲ့ကာ အရက်သောက်လျက် ရှိနေကြ၏။

ဝတ်စုံနက်အချို့က အိမ်ကလေးအနီးရပ်ကာ ကင်းစောင့်လျက် ရှိနေကြ၏။





အိမ်ကလေးအတွင်း စင်းဝိလျံမှာလည်း ကုလားထိုင်ထက်တွင် မလှုပ်နိုင် မယှက်နိုင် ဖြစ်နေရ၏။ သူ့ကို ဝတ်စုံနက်များက ခြေရောလက်ပါ ကြိုးများဖြင့် တုတ်နှောင်ထားသည်မဟုတ်ပါလား။

အပြင်ဖက်တွင် အအေးဓာတ်က ပိုမိုလာ၏။ ဝတ်စုံနက်ခေါင်းဆောင်က အရက်တစ်ခွက်သောက်လိုက်ပြီး ဝတ်စုံနက်များအား....

'မင်းတို့ ဒီတစ်ညပဲ ဒုက္ခရောက်မှာပါကွာ၊ မနက်ဖြန်မနက်ဆို အိမ်ထဲကကောင်လေးကို ဂိုဏ်းချုပ်ကြီးက သုတ်သင်ပြီးတာနဲ့ ကိစ္စကပြီးသွားမှာပါ'

ယင်းအချိန်မှာပင် အဝတ်လေတိုးသံများကို တောအုပ်ထဲမှကြားလိုက်ရသောကြောင့် ဝတ်စုံနက်ခေါင်းဆောင်က အလျင်အမြန် ခုန်ပျံရှောင်တိမ်းပေးလိုက်၏။

'ရှိုး'
'ဒုတ်'
'အား'

မြားတစ်စင်းက ဝတ်စုံနက်ခေါင်းဆောင်ကို မထိလိုက်ဘဲ ဝတ်စုံနက်တစ်ယောက်ကို သွားရောက်စိုက်မှန်လိုက်၏။ မြားထိခံလိုက်ရသော ဝတ်စုံနက်မှာ အားခနဲအော်ဟစ်ကာ နောက်သို့ပက်လက်လန်ကျသွားရ၏။

ဝတ်စုံနက်ခေါင်းဆောင်မှာ အရောင်မြန်သဖြင့် အသက်ပျောက်မသွားရခြင်းပင်ဖြစ်၏။ အရှိန်ပြင်းစွာဝင်လာသောမြားတံက သူ့ကိုမထိဘဲ ဝတ်စုံနက်တစ်ယောက်၏ရင်ဝကို စိုက်ဝင်သွားခြင်းပင်ဖြစ်၏။

'ရန်သူ'

ဝတ်စုံနက်ခေါင်းဆောင်က အော်ဟစ်သတိပေးပြီး ဓားကိုဖျတ်ခနဲ ဆွဲထုတ်ပစ်လိုက်၏။ ဝတ်စုံနက်များကလည်း ရန်သူများ ရောက်လာပြီကို သိလိုက်ရသည်နှင့် ဓား၊ လှံများကို အသင့်ပြင်လိုက်ကြ၏။

'အကျဉ်းသားကို သတိထား၊ ရန်သူ့လက်ပါမသွားစေနဲ့'

ဝတ်စုံနက်ခေါင်းဆောင်က အော်ဟစ် အမိန့်ပေးလိုက်၏။ ဝတ်စုံနက်များက ချက်ချင်းပင် အိမ်ကလေးကို စက်ဝိုင်းသဏ္ဍာန် ဝိုင်းရံကာ အကာအကွယ်ပေးထားလိုက်၏။

အိမ်ထဲမှစင်းပိုလျံမှာ အပြင်ဖက်မှ ဆူညံသောအသံများကို ကြားလိုက်ရသောကြောင့် မကြာမီ တိုက်ပွဲဖြစ်တော့မည်ကို ခန့်မှန်းမိလိုက်၏။

သူထင်သကဲ့သို့ပင် မကြာမီ အပြင်ဖက်တွင် အော်ဟစ်တိုက်ခိုက်သံ၊ လက်နက်ချင်းထိခတ်သံ၊ အော်ညည်းသံများကိုအဆက်မပြတ် ကြောက်ခမန်းလိလိ ကြားလိုက်ရ၏။





'ထန်း ထန်း ထန်း'
'ချွမ်း ချွမ်း ချွမ်း'
'အား အိုး အိုး'
'အမယ်လေး....'

အပြင်ဖက်တွင် တိုက်ပွဲမှာ အတော်ပြင်းထန်လှ၏။ ဝတ်စုံနက်များနှင့် ရင်ဆိုင်တိုက်ခိုက်နေကြရသူများမှာ ကျားသစ်ရေနှင့် ကျားရေ အင်္ကျီများကို ဝတ်ဆင်ထားသူများ ဖြစ်ကြလေသည်။

ထိုသူများက ဓားပြားကြီးများနှင့်လည်းကောင်း၊ လှံရှည်ကြီးများနှင့်လည်းကောင်း၊ တုတ်ရှည်များနှင့် လည်းကောင်း ကြမ်းတမ်းခက်ထန်စွာ တိုက်ခိုက်နေကြ၏။

'ဝုန်း'

'အား'

ရုတ်တရက် ကျားသစ်ရေ ဝတ်ဆင်ထားသည့် လူထွားကြီးတစ်ယောက်က ရှေ့သို့ ခုန်ပျံပြီး လက်ဝါးဖြင့် ရိုက်ချပစ်လိုက်ရာ ဝတ်စုံနက်တစ်ယောက်မှာ ဇက်ကျိုးကျသွားရပြီး ပါးစပ်မှ သွေးပွက်ပွက် အန်ထွက်ကျသွားရ၏။

'ဟား ဟား ဟား'
'အား အင့် အိုး'

လူထွားကြီးက အားပါးတရ ရယ်မောလိုက်ပြီး ထိုဝတ်စုံနက်ကို အရှုပ်တစ်ရှုပ်လို ကိုင်မြှောက်ကာ တိုက်ခိုက်ရန် ပြေးဝင်လာသည့် ဝတ်စုံနက်များဆီသို့ ပစ်ပေါက်လိုက်သည်။

'ဝုန်း'

'အား အင့် အိုး'

ဝတ်စုံနက် သုံးယောက်မှာ နောက်သို့ လွင့်စင်ထွက်သွားရ၏။ လူထွားကြီးက ခုန်ပျံ လိုက်ပါသွားကာ ထိုဝတ်စုံနက် သုံးယောက်စလုံးကို လက်ဝါးနှစ်ဖက်ဖြင့် တဝုန်းဝုန်း ရိုက်ကာ သတ်ဖြတ်ပစ်လိုက်သည်။

'ဟင်'

ဝတ်စုံနက် ခေါင်းဆောင်မှာ ထိုမြင်ကွင်းကို မြင်လိုက်ရလျှင် အလွန်ထိတ်လန့် ချောက်ချားသွားရကာ နောက်သို့ ခုန်ဆုတ်မိလိုက်သည်။

'ယား'

'ချွမ်း'

ရှတ်တရက် ဝတ်စုံနက်ခေါင်းဆောင်းအား ကျွန်းသစ်ရေဝတ်ဆင်ထားသည့် သိုင်းသမားတစ်ယောက်က ဝင်ရောက်တိုက်ခိုက်လာရာ ဝတ်စုံနက်ခေါင်းဆောင်က ဓားဖြင့် ကာကွယ်ပေးလိုက်ရသည်။





ဝတ်စုံနက်များမှာ တစ်ယောက်ပြီးတစ်ယောက် ကျနေကြရလေပြီ။ ထို့ကြောင့် ဝတ်စုံနက်ခေါင်းဆောင်မှာ နောက်သို့ တဖြည်းဖြည်း ဆုတ်နေရင်း....

'အင်း ဒီအတိုင်းဆို ငါလဲ မလွယ်ဘူး၊ ဒီကောင်တွေက ဘယ်ဂိုဏ်းက ကောင်တွေလဲ မသိဘူး၊ စင်းပိုလျှံနဲ့ ဘယ်လိုပတ်သက်နေလဲ မသိဘူး၊ ငါ ဒီနေရာကနေ အမြန်ပြေးပြီး ဂိုဏ်းချုပ်ကြီးကို သတင်းပို့မှပဲ'

ဝတ်စုံနက်ခေါင်းဆောင်က စဉ်းစားပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်းသစ်ရေ ဓားသမားများကို နောက်သို့ ဆုတ်သွားစေရန် ပြင်းထန်သော ဓားသုံးချက်ကို ဆက်တိုက် တိုက်ခိုက်လိုက်ပြီးနောက် အမှောင်ရိပ်အတွင်းသို့ ခုန်ပျံ ဝင်ရောက်သွားတော့သည်။

'မလိုက်နဲ့'

ကျွန်းသစ်ရေ သိုင်းသမားက ဝတ်စုံနက်ခေါင်းဆောင်နောက်သို့ အတင်းလိုက်သွားမည် ပြုစဉ် လူထွားကြီးက အော်ဟစ်တားမြစ်လိုက်၏။ တိုက်ပွဲမှာ ပြီးဆုံးသွားလေပြီ၊ မြေပြင်ပေါ်တွင် ဝတ်စုံနက်များ၏ အလောင်းများက မြင်မကောင်းအောင် ပြန့်ကြဲလျက်ရှိနေသည်။

လူထွားကြီးက အိမ်ကလေးဆီသို့ ညွှန်ပြလိုက်ပြီး....

'အိမ်ထဲက ကောင်လေးကို ထုတ်လာခဲ့စမ်း'

ချက်ချင်းပင် ကျားသစ်ရေအင်္ကျီနှင့် လူတစ်ယောက်က အိမ်အတွင်း ပြေးဝင်သွားပြီး စင်းပိလျ်ကို ခေါ်ဆောင်လာခဲ့သည်။ လူထွားကြီးက စင်းပိလျ်ကို မြင်လိုက်လျှင် ကျေနပ်အားရစွာဖြင့် တဟဲဟဲ ရယ်မောလိုက်ပြီး....

'စင်းပိလျ်၊ မင်းဟာ ငါတို့အတွက် ငွေခဲပဲကွ၊ မကြာခင်မှာ တို့ဟာ ငွေတွေအမြောက်အမြား ရတော့မယ်'

ထို့နောက် လူထွားကြီးက မီးစွဲနေသော ထင်းချောင်းတစ်ချောင်းကို အိမ်ကလေးအတွင်း ပစ်သွင်းလိုက်၏။ တစ်ခဏချင်းမှာပင် အိမ်ကလေးမှာ မီးတဟုန်းဟုန်း တောက်လောင်လာရသည်။

'ကိုင်း သွားကြစို့၊ ဒီကောင်လေးကို ခေါ်ခဲ့ဟေ့'

စင်းပိလျ်မှာ ယခုတစ်ကြိမ်သာ သိုင်းလောကသို့ ရောက်ဖူးကာ ယခုတစ်ကြိမ်တွင်ပင် ရန်သူအမျိုးမျိုးနှင့် ကြုံတွေ့နေရသဖြင့် ထူးဆန်းအံ့ဩနေမိရ၏။

'ကျွန်တော့်ကို ဘယ်ခေါ်သွားကြမလို့လဲ'

'စကားမရှည်နဲ့၊ မင်းအသား နာသွားမယ်၊ အေးအေးဆေးဆေးလိုက်ခဲ့'

လူထွားကြီးက အော်ငေါက် ပြောရင်း စင်းပိလျ်အားဆွဲခေါ်ဆောင်သွားတော့၏။ လူထွားကြီး ခေါင်းဆောင်





သည့် ကျားသစ်ရေ၊ ကျားရေ ဝတ်ဆင်ထားသည့် သိုင်းသမားများမှာ ကိုယ်ဖော့ပညာဖြင့် ပြေးထွက်သွားကြရာ စင်းပိလျ်မှာ ဘာမှမမြင်ရဘဲ နားထဲတွင် လေတိုးသံကို တဟူးဟူး ကြားနေရသည်။

လူထွားကြီးနှင့် သိုင်းသမားများက သူတို့ မည်သည့်နေရာသို့ ခေါ်ဆောင်သွားသည်ကို မသိသေးပေ။ တောအုပ် သုံးလေးခုမျှ ဖြတ်ကျော်လာပြီးနောက် ကျောက်တောင်ကြီးတစ်တောင်အပေါ်သို့ ပြေးတက်လာခဲ့ကြသည်။

ကျောက်တောင်ကြီး၏ အထက်တောင်ကြားများမှ ရှိနေသေး၏။ ထိုကျောက်ကြိုကျောက်ကြားများ လိုက်သွားရာ မကြာမီ အရှေ့ဘက်မှ မီးရောင်များကို တွေ့မြင်လိုက်ရလေသည်။

ထိုမီးရောင်များကို တောင်အောက်မှ တွေ့မြင်ရမည် မဟုတ်ဘဲ တောင်ထိပ်တက်ကြည့်မှသာ တွေ့မြင်ရမည်ဖြစ်၏။ ဤနေရာမှာ လူထွားကြီး၏ စခန်း ဖြစ်ရပေလိမ့်မည်။

'ကရီး....ကရီး....ကရီး'

လူထွားကြီးက ငှက်အော်သံသုံးချက် အချက်ပေးလိုက်ရာ ထိုမီးရောင်ကလေးများဆီမှလည်း ငှက်အော်သံသုံးချက် ပြန်လည် ထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

'ဟေး'

လူထွားကြီးက သူ၏ ကျယ်လောင်စူးရှသော အသံကြီးဖြင့် တစ်ချက်အော်ဟစ်လိုက်ရာ မီးရောင်များဆီမှ ပြန်လည်အော်သံကြားလိုက်ရ၏။ မကြာမီ ကျောက်လမ်းကြား တစ်လျှောက် မီးရောင်များဖြင့် လင်းထိန်သွားရ၏။

မီးတုတ်အလင်းရောင်များဖြင့် မြင်လိုက်ရသောမြင်ကွင်းကို စင်းပိလျှံမှာ တအံ့တသြဖြစ်သွားရ၏။ သူတို့ရှေ့မှ ကျောက်လမ်းမှာ ကျောက်လမ်းနှစ်ခုဆက်ထားခြင်းဖြစ်ပြီး တစ်ဖက်ရှိ ခလုတ်သာဖြုတ်ချလိုက်ပါက အားလုံး အောက်သို့ ထိုးဆင်းကျသွားရမည်သာဖြစ်၏။

ကျောက်လမ်းကြီးအောက်တွင် နက်ရှိုင်းသော ချောက်နက်ကြီးကရှိနေပြီး အတွင်းမှ အခိုးအငွေ့များက အထက်သို့ ထိုးတက်လျက်ရှိနေ၏။ လူထွားကြီးက စင်းပိလျှံအား....

'ဟဲဟဲဟဲ ဟိတ်ကောင်လေး မင်းမြင်တယ် မဟုတ်လား၊ ငါတို့စခန်းက ဘယ်လောက်စိတ်ချလုံခြုံသလဲဆိုတာ'

ထို့နောက် လူထွားကြီးက စင်းပိလျှံကိုဆွဲကာ ကျောက်လမ်းမှ ဖြတ်ကျော်သွား၏။ ကျားသစ်ရေဝတ်စုံနှင့်သိုင်းသမားများကလည်း ကျောက်လမ်းမှ လျင်မြန်စွာ ဖြတ်ကျော်သွားကြ၏။





'ဝေါ'

'ဂျိမ်း'

သူတို့ဖြတ်ကျော်သွားကြပြီးနောက် ကျောက်လမ်းကြီးမှာ နှစ်ခြမ်းကွဲကာ အပေါ်သို့ တဖြည်းဖြည်း မြောက်တက်သွားသည်ကို တွေ့မြင်လိုက်ရ၏။ လူထွားကြီး ပြောသကဲ့သို့ပင် စခန်းမှာ အထူးလုံခြုံစိတ်ချရပေ၏။ မည်သူကမှ စခန်းထဲသို့ ထိုးဖောက်ဝင်နိုင်ကြမည်မဟုတ်ပါချေ။

စခန်းအတွင်းရောက်လျှင် စင်းပိလျှံကို ကြိုးများဖြည်ပေးကာ အခန်းတစ်ခန်းထဲ ထည့်သွင်းထားလိုက်ကြ၏။ လူထွားကြီးက စင်းပိကျံအား....

'ဟိတ်ကောင်လေး မင်း ဘာမှမစားရသေးဘူး မဟုတ်လား'

စင်းပိလျှံက ခေါင်းညိတ်ပြလိုက်ရာ....

'ဟုတ်တယ်၊ ကျုပ် ဘာမှမစားရသေးဘူး'

'အေး မင်းအတွက် အရက်နဲ့စားစရာတွေ ငါ ပို့ခိုင်းလိုက်မယ်'

လူထွားကြီးကပြောကာ တံခါးကိုပိတ်ပြီး အပြင်ဖက်တွင် အစောင့်ချထားလိုက်၏။ ထို့နောက် စင်းပိလျှံကိုမျက်မှောင်ကြုတ်ကြည့်ကာ ထွက်ခွာသွားတော့၏။

စင်းပီလျံမှာ ခြေလက်များမှ ကြိုးများ မရှိတော့သဖြင့် အနည်းငယ် နေသာထိုင်သာ ရှိသွားရ၏။ အခန်းထဲတွင် ကောက်ရိုးများခင်းထားသဖြင့် အိပ်ရာသဖွယ်ဖြစ်နေရာ စင်းပီလျံက ကောက်ရိုးပုံကြီးထက်တွင် ခါးဆန့်ကာ လဲလျောင်းနေလိုက်၏။

'အင်း....ကပ္ပိယကြီးတစ်ယောက်လဲ ဘယ်ရောက်နေသလဲ မသိဘူး၊ ငါလဲ သိုင်းလောကကို ဒီတစ်ခါပဲ ရောက်ဖူးတာ၊ ဒီတစ်ခါပဲ ပြဿနာပေါင်းစုံနဲ့တွေ့ရတာပဲ၊ စောစောကတော်စုံနက်တွေက ဘယ်သူတွေလဲမသိဘူး၊ အခု ဒီကျားသစ်ရေဝတ်စုံနဲ့သူတွေကလဲ ဘယ်သူတွေလဲမသိဘူး၊ သူတို့က ငါ့ကို ဘာကြောင့် သတ်ချင်နေကြပါလိမ့်၊ ငါလဲ တစ်ခါမှ သိုင်းလောကထဲ မဝင်ဖူးပါဘူး၊ လူများ မှားနေကြသလား မသိဘူး၊ လူမှားတာလဲမဖြစ်နိုင်ဘူး၊ သူတို့က ငါ့နာမည်ကို သိနေကြတာပဲ၊ ငါနဲ့ ရန်ငြိုးမရှိရင့် ငါ့ဆရာရသေ့ကြီးနဲ့များရန်ငြိုးတွေ ရှိနေကြသလား မသိဘူး'

စင်းပီလျံမှာ ကောက်ရိုးများထက်တွင် လဲလျောင်းနေရင်း စဉ်းစားနေမိ၏။ သူ့အိတ်ထဲတွင် ငွေတုံးကလေးပေါင်း မြောက်မြားစွာရှိနေ၏။

ထိုငွေတုံးကလေးများမှာ ရသေ့ကြီးက လမ်းခရီးတွင် အရေးကြုံက ထုတ်သုံးနိုင်ရန်ပေးထားခြင်းပင် ဖြစ်၏။





ကံကောင်းသည်မှာ ထိုငွေများကို ဝတ်စုံနက်များနှင့် ကျားသစ်ရေ သိုင်းသမားများက မတွေ့ရှိ သွားကြခြင်းပင် ဖြစ်၏။

သူတို့က အိတ်ထဲသို့လည်း မရှာဖွေကြပေ။ လူကိုအမိအရ ဖမ်းရန်သာ အာရုံစိုက်နေကြသဖြင့် ရှာဖွေရန် မေ့နေကြခြင်းပင် ဖြစ်၏။

စင်းပီလျံတွင် မည်သည့်လက်နက်မှလည်း ပါရှိမလာပေ။ ဓားဆို၍ ဓားရှည်ရော ဓားတိုပါ မပါလာပေ။ သူက နောက်ဆုံး သတိပြုလိုက်မိသည်မှာ အရေးကြုံလာပါက ငွေတုံးကလေးများကိုပင် လက်နက်ပုန်းအဖြစ် ပစ်ခတ်ပြီး တိုက်ခိုက်ရတော့မည် ဖြစ်ပေ၏။

ငွေတုံးကလေးများနှင့် အထိမှန်ခံလိုက်ရပါက တစ်ချက်တည်းနှင့်ပင် လဲကျသွားနိုင်၏။ အခြေအနေကိုကြည့်ပြီး မီးစင်ကြည့် ကရပေတော့မည်သာဖြစ်၏။

'ဟိတ်ကောင်လေး၊ ရော့ မင်းအတွက် အရက်နဲ့ စားစရာတွေ'

သူက အတွေးကောင်းနေစဉ်မှာပင် အခန်းထဲသို့ အိုးတစ်အိုးနှင့် အထုပ်တစ်ထုပ် ရောက်ရှိလာ၏။ စင်းပီလျံမှာ ဆာလောင်နေပြီဖြစ်၍ အထုပ်ကို ကောက်ယူဖွင့်ကြည့်လိုက်ရာ မုန့်လာဥကြော်ဟင်းနှင့် ထမင်းများကို တွေ့လိုက်ရ၏။

အရက်မှုသမှု အပြင်းစားထဲကပင် ဖြစ်၏။ စင်းပီလျံမှာ ဆာလောင်နေပြီဖြစ်ရာ ဘာမှမစဉ်းစားတော့ဘဲ အရက်အိုးကို မော့သောက်လိုက်ပြီး မုန်လာဥဟင်းနှင့် ထမင်းကို အားပါးတရ စားသောက်လိုက်၏။

စားသောက်ပြီးသောအခါ သူက တံခါးဆီသို့ လျှောက်သွားလိုက်ပြီး ကင်းသမားအား....

'ဇီမှာ....ဇီမှာ'

'ဘာလဲကွ'

ကင်းသမားက ပြန်ဟောက်လိုက်၏။ စင်းပီလျံက ထိုဘုဆတ်ဆတ်ငနဲကို ပြုံးပြလိုက်ပြီး....

'ခင်ဗျားတို့က ဘာတွေလဲ၊ ခင်ဗျားတို့ဂိုဏ်းက ဘာလဲ'

'ဟား ဟား ဟား'

ထိုကင်းသမားက တဟားဟားရယ်မောလိုက်တာ—

'ငါတို့က ဓားပြတွေကွ၊ ဓားပြတိုက်၊ လူသတ်နေတဲ့ ဂိုဏ်းကွ၊ ရွှေကျားသစ်ဓားပြဂိုဏ်းဆိုတာ ငါတို့ပဲ၊ ဟား ဟား ဟား'

'ခင်ဗျားတို့ ကျုပ်ကို ဘာဖြစ်လို့ ဖမ်းခေါ်လာကြတာလဲ'





'မင်းကို ငါတို့က အလဲအလှယ်လုပ်ဖို့ ခေါ်လာတာကွ၊ ညတုန်းက မင်းကို ငွေရောင်ဝတ်စုံနဲ့ ဂိုဏ်းချုပ်ဆိုတာလာတွေ့တယ် ရဟုတ်လား'

'ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လို့လဲ'

'အေး၊ အဲဒီလူက မင်းကို အရမ်းကို အလိုရှိနေတာ၊ သူက ငါတို့ တောင်းသလောက်ငွေကို ပေးနိုင်တယ်၊ ဒါကြောင့် ငါတို့က မင်းကို ကြားဖြတ်ခေါ်လာတာ၊ မင်းကို မြို့ထဲမှာ ကတည်းက ငါတို့က အရင်ဖမ်းဖို့ပဲ၊ သူလက်ဦးသွားလို့ မင်းက ပါသွားတာ'

စင်းပီလျံက ဟင့်ခနဲ ပြက်ရယ်ပြုလိုက်ရင်း....

'ဒါဆို ကျွန်တော်က အတော်တန်ဖိုးရှိနေတာပေါ့'

'ဟုတ်တယ်၊ မင်းက ခုအချိန်မှာ ငါတို့အတွက် အင်မတန်မှ တန်ဖိုးရှိနေတာ မင်းကို မျက်ခြည်ပြတ်ခံလို့ မဖြစ်ဘူး ကိုင်း အေးအေးဆေးဆေးသွားပြီး အိပ်နေချေ၊ တော်ကြာ ငါတို့ ဂိုဏ်းချုပ်ကြီးမြင်သွားရင် မင်းမလွယ်ဘူး'

'ခဏနေပါဦး၊ ခင်ဗျားတို့ ဂိုဏ်းချုပ် လူထွားကြီးက နာမည် ဘယ်လိုခေါ်သလဲ'

'ငါတို့ ဂိုဏ်းချုပ်ကြီးနာမည်က တူကူဖုန်းလို့ခေါ်တယ်၊ မင်းမြင်တယ် မဟုတ်လား၊ ငါတို့ ဂိုဏ်းချုပ်ကြီးက အင်မတန်

မှ အားသန်တာ၊ လူတစ်ယောက်ကို အသာကလေး လက်နှစ်ဖက်နဲ့ကိုင်ပြီး လွှင့်ပစ်နိုင်စွမ်းရှိတယ်'

ထို့နောက် စင်းပီလျံက ဘာမှ ထပ်မမေးတော့ဘဲ ကောက်ရိုးပုံဆီသို့ ပြန်လျှောက်လာကာ လဲလျောင်းနေလိုက်၏။ မကြာမီ သူသည် မျက်လုံးများ မှေးစင်းလာကာ နှစ်ခြိုက်စွာ အိပ်မောကျသွားလေတော့၏။

• • •

ကျိန်းစပ်နေသော နေရောင်ခြည်ကြောင့် စင်းပီလျံမှာ လန့်နိုးလာရ၏။ သူက မျက်လုံးအစုံဖွင့်ကြည့်လိုက်ရာ နေအတော် မြင့်နေပြီကို တွေ့ရှိလိုက်ရ၏။

'ဟိတ်၊ ကောင်လေးနိုးပြီလား'

စကားသံနှင့်အတူ တံခါးဝတွင် ခါးပြခေါင်းဆောင် လူထွားကြီးနှင့် နောက် ခါးပြဂိုဏ်းဝင်များကို တွေ့လိုက်ရ၏။ အားလုံးကျားသစ်ရေအင်္ကျီများ ဝတ်ဆင်ထားကြ၏။

လူထွားကြီးက တံခါးကို သော့ဖြင့် ဖွင့်လိုက်ပြီး....





'ဟိတ်ကောင်လေး လာမင်း ငါ့နောက်လိုက်ခဲ့စမ်း'

စင်းပီလျံက ဘာမှမပြောပဲ လူထွားကြီးခေါင်းဆောင်ရာ နောက်သို့ လိုက်သွား၏။ လူထွားကြီးက ကျောက်နံရံနှင့် ကပ်ကာ တည်ဆောက်ထားသည့် အိမ်တစ်လုံးဆီသို့ ခေါ်ဆောင်သွားရင်း....

'မင်းဒီနေရာကနေ ထွက်ပြေးဖို့ မကြိုးစားနဲ့၊ မင်းက ငါ့တို့ကို တိုက်ခိုက်ပြီး ထွက်ပြေးတာတောင်မှ ဘယ်လိုမှ လွတ်မှာမဟုတ်ဘူး၊ အားလုံးဘေးလေးတန်မှာ နက်ရှိုင်းတဲ့ ချောက်နက်ကြီးတွေရှိတယ်၊ လမ်းကျွမ်းကျင်တဲ့လူတွေတောင်မှ တစ်ခါတစ်ခါ လမ်းပျောက်ပြီး ဒုက္ခရောက်တတ်ကြတယ်၊ မင်းလိုကောင်မျိုး မအူမလည်နဲ့ ထွက်ပြေးရင် ချောက်တစ်ခုခု ထဲကျပြီး ကိစ္စချောမှာပဲ'

'စိတ်ချပါ၊ ကျွန်တော်ထွက်မပြေးပါဘူး'

'အေး ဒီလိုလိမ္မာမှပေါ့၊ ဟောဟိုကျောက်စက်မှာသွားပြီး မျက်နှာသစ်လိုက်'

လူထွားကြီးက ပြောလိုက်သဖြင့် ကျောက်စက်ကြီး တစ်စက်မှ သဘာဝအတိုင်းဖြာကျနေသည့် ရေများကို လက်ခုပ်ဖြင့် ခပ်ကာ မျက်နှာသစ်လိုက်၏။

အေးမြသော ကျောက်စက်ရေကြောင့် စင်းပီလျံမှာ တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးသွားသလို ထင်မှတ်မိ၏။

သူက ကိုယ်လက် သန့်စင်လိုက်ပြီးနောက် လူထွားကြီးထံ ပြန်လျှောက်လာသော လူထွားကြီးက....

'မင်းနဲ့ လဲလှယ်ဖို့ တစ်ဖက်က ဂိုဏ်းကို လူလွှတ်ပြီး အကြောင်းကြားထားပြီးပြီ၊ သူတို့ ရောက်လာရင် မင်းကို ထည့်ပေးလိုက်မှာပါ'

'သူတို့က ကျုပ်ကို သတ်ကြမှာ မဟုတ်လား'

'ဟဲ ဟဲ ဟဲ ဒါတော့ ငါ မသိဘူး၊ ငါသိတာက ငွေတွေ အများကြီး ရဖို့ပဲ၊ သူတို့က မင်းကို ငွေနဲ့ လဲကြမှာပါကွ'

ထို့နောက် လူထွားကြီးက စင်းပိလျံအား အထက်သို့ တစ်ချက် ညွှန်းတင်လိုက်သည်နှင့် စင်းပိလျံမှာ လှေကားထိပ်သို့ ဟူးခနဲမြောက်တက်ကာ ကျရောက်သွားရလေ၏။

'ဝှစ်'

လူထွားကြီးက နောက်မှ လိုက်ပါလာ၏။ စင်းပိလျံက ကြိုးလှေကားကို ဆွဲတက်လာရာ မကြာမီ အိမ်တစ်အိမ်အတွင်းသို့ ရောက်ရှိလာ၏။ အိမ်ရှေ့ ပရုံတာထက်မှ ကြည့်လိုက်လျှင် ပြာလွင်သော တောင်တန်းကြီးများနှင့်အတူ တိမ်စိုင်တိမ်လိပ်များကို မျက်စိတစ်ဆုံး တွေ့မြင်နေရလေတော့၏။

သူတို့က ကုလားထိုင်များတွင် ထိုင်လိုက်ကြပြီးနောက် အမျိုးသမီးကြီးတစ်ယောက်က လက်ဖက်ရည်ကြမ်းနှင့် ပေါက်စီများ ယူဆောင်လာကာ တည်ခင်းလိုက်၏။ အမျိုးသမီးကြီး





က စင်းပိလျံအား မသိမသာ တစ်ချက်အကဲခတ်သွားသည်ကို စင်းပိလျံ သတိပြုမိလိုက်၏။

လူထွားကြီးက စင်းပိလျံအား....

'မင်း ဆာနေရောပေါ့၊ လက်ဖက်ရည်ကြမ်းနဲ့ ပေါက်စီ စားလိုက်ဦး'

စင်းပိလျံမှာလည်း အမှန် တကယ်ပင် ဆာလောင်နေပြီ ဖြစ်ရာ လက်ဖက်ရည်ကြမ်းကို ပန်းကန်ထဲ ငှဲ့လိုက်ပြီး ပေါက်စီ တစ်လုံးကို ကောက်ယူစားလိုက်၏။

လူထွားကြီးက စင်းပိလျံအား တစ်ချက် အကဲခတ်လိုက်ရင်း....

'မင်းကြည့်ရတာ သိုင်းလောကကို တစ်ခါမှမရောက်ဖူးဘူး ထင်တယ်'

'ဟုတ်တယ်၊ ကျွန်တော်က သိုင်းလောကကို ဒီတစ်ခါပဲ ရောက်ဖူးပါသေးတယ်၊ ဒီတစ်ခါပဲ ပြဿနာနဲ့ ကြုံတွေ့ရတာ ပါပဲ'

လူထွားကြီးက ရယ်မောလိုက်ရင်း....

'နောင်ဆိုရင် မင်းအတွက် ဘာပြဿနာမှ မရှိနိုင်တော့ပါ ဘူးကွာ၊ ဟား ဟား ဟား'

လူထွားကြီး ဘာကို ဆိုလိုသည်ကို စင်းပိလျံက ကောင်းစွာ ရိပ်စားမိလိုက်၏။ စင်းပိလျံက ဘာမှ မပြောတော့ဘဲ

လက်ဖက်ရည်ကြမ်းကိုသာ သောက်နေလိုက်၏။ ခါးပြစခန်း တည်ထားပုံမှာ အလွန်စနစ်ကျပြီး တော်ရုံတန်ရုံ လူစိမ်းများ ဖြန်းခနဲ မဝင်ရောက်နိုင်ပေ။

ဝင်ရောက်လာပါကလည်း ပြန်ထွက်ဖို့ရာ လမ်းကြောင်းမှာ အလွန် ခဲယဉ်းပြီး အသက်ရှင်လျက်နှင့် ပြန်ထွက်ဖို့ရန် မလွယ်ပါချေ။ ခါးပြများမှာ အလွန် ရက်စက်ကြမ်းကြုတ်သူများ ဖြစ်ကြ၏။

လူတစ်ယောက်အသက်ကို ကြက်ကလေးငှက်ကလေး သတ်ဖြတ်သည့်ပမာ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူနေသူများ ဖြစ်၏၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းရေးကို ဟန့်တားနှောင့်ယှက်နေသူများလည်း ဖြစ်ကြပေ၏၊

'ချလွင် ချွင် ချွင်'

ရုတ်တရက် အိမ်ကလေးအောက်မှတပ်ဆင်ထားသည့် ကြိုးလှေကားမှ သာယာသော ခေါင်းလောင်းသံကလေးများကို ကြားလိုက်ကြရ၏။ မကြာမီ ကျားသစ်ရေအင်္ကျီဝတ်ဆင်ထားသည့် လူတစ်ယောက်က ကြိုးလှေကားအတိုင်း အပေါ်သို့ တက်လာ၏။

ထိုသူက ရွှေကျားသစ်ဂိုဏ်းတွင် လက်ထောက်ဂိုဏ်းချုပ်ပင် ဖြစ်၏။ ထိုသူက လူထွားကြီးကို အရိုအသေ ပြုလိုက်ပြီး....





'ဂိုဏ်းချုပ်ကြီး ခင်ဗျား၊ ရွှေမျက်နှာဖုံးနဲ့ တွေ့ခဲ့ရပါတယ်၊ သူက ပထမတော့ ဂိုဏ်းချုပ်ကြီးကို အတော်ဒေါပွနေပါတယ်၊ နောက်တော့ သူ့စိတ်ပြောင်းသွားပြီး ဂိုဏ်းချုပ်ကြီး တောင်းဆိုတာကို လိုက်လျောခဲ့ပါတယ်'

လူထွားကြီးက မျက်မှောင်ကြုတ်လိုက်ပြီး....

'သူက စခန်းကို ဘယ်တော့ လာမှာတဲ့လဲ'

'သူ စခန်းကို မလာပါဘူး၊ သူက ကြယ်တံခွန် တောင်ကြားမှာ အလဲအလှယ်လုပ်ဖို့ ချိန်းလိုက်ပါတယ်'

လူထွားကြီးက လက်သုံးချောင်း ထောင်ပြလိုက်ငင်း....

'သူက ဒီလောက် တောင်းထားတာကို သဘောတူရဲ့လား'

'ဟုတ်ကဲ့ သဘောတူပါတယ်'

'သူက ကျေနပ်ရဲ့လား၊ တို့ကို အကောက်ကြံမယ့် အနေအထားမျိုး ရှိသလား'

'သူက မျက်နှာဖုံးစွပ်ထားတော့ မျက်နှာရိပ် မျက်နှာကဲ ဘာမှ မတွေ့ရပါဘူး'

'ဘယ်နေ့ချိန်းထားသလဲ'

'ဒီကနေ့ မွန်းတည့်ချိန်မှာ သူတို့က ကြယ်တံခွန် တောင်ကြားကို အရောက်လာခဲ့မယ်လို့ ပြောပါတယ်'

'အေး၊ ဒါဆိုရင် မင်း ခုသွားပြီး ဂိုဏ်းသားတွေကို ခရီးထွက်ဖို့ အသင့်ပြင်ခိုင်းထားလိုက်၊ မြင်းတွေကို တောင်ခြေမှာ အဆင်သင့်လုပ်ထားခိုင်း'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီးခင်ဗျား'

လက်ထောက်ဂိုဏ်းချုပ်က လူထွားကြီးကို အရိုအသေပြုကာ ကြိုးလှေကားမှတစ်ဆင့် အောက်သို့ လှော်ဆင်းသွားတော့သည်။ ထိုသူများကိုကြည့်ရသည်မှာ မျောက်များပမာ လျင်မြန်စွာ ခုန်ပျံသွားလာနိုင်ကြသည်ကိုပါ စင်းပိလျံက သတိထားမိလိုက်၏။

လူထွားကြီးက လက်ဖက်ရည်ကြမ်းတစ်ခွက် မော့သောက်လိုက်ပြီး....

'ကိုင်း....မင်းကိစ္စကတော့ အဆင်မပြေပြီကွာ၊ ကြယ်တံခွန်တောင်ကြားမှာ အလဲအလှယ်လုပ်ကြမယ်၊ ဟိုကိုနေမွန်းတည့်အချိန် အရောက်သွားရမယ်ဆိုတော့ ခုကတည်းက စောစောထွက်မှဖြစ်မယ်၊ ကိုင်း သွားကြစို့'

လူထွားကြီးက စကားဆုံးသည်နှင့် စင်းပိလျံ၏ လက်တစ်ဖက်ကိုဆွဲကာ ကြိုးလှေကားကိုခို၍ အောက်သို့ခုန်ဆင်းလိုက်၏။ စင်းပိလျံမှာ လေထဲရောက်လျှင် အသည်းထဲတွင် အေးခနဲဖြစ်သွားရ၏။

အောက်ရောက်လျှင် ဓားပြဂိုဏ်းသားများကို ခရီးထွက်ရန် အဆင်သင့်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။ လူထွားကြီးအောက်ရောက်လျှင် ဓားပြဂိုဏ်းသားများက တညီတညွတ်တည်း အရိုအသေပြုလိုက်ကြ၏။





လူထွားကြီးက....

'ကိုင်း....ငါတို့ ကြယ်တံခွန်တောင်ကြားကို ခရီးထွက်ကြမယ်၊ စခန်းမှာကျန်တဲ့လူတွေက စခန်းကို သေသေချာချာ ဂရုစိုက်ကြ၊ ငါတို့ ကိစ္စပြီးတာနဲ့ အမြန်ဆုံးပြန်လာခဲ့မယ်'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး'

စခန်းစောင့်ဓားပြများနှင့် လိုက်ပါသည့် ဓားပြများက လူထွားကြီးကို အရိုအသေပြုကာ ပြောကြားလိုက်ကြ၏။

ထို့နောက် လူထွားကြီးက စင်းပိလျံကိုခေါ်ကာ စခန်းမှ ထွက်ခွာလာခဲ့တော့၏။

## (၁၀)

ဖုန်များမှာ လမ်းပေါ်တွင် တထောင်းထောင်းထလျက်ရှိနေ၏။

လမ်းပေါ်တွင် မြင်းများပြေးသွားသဖြင့် မြင်းခွာသံများမှာ ဆူညံထွက်သွားရ၏။ ရှေ့ဆုံးမြင်းတွင် လူထွားကြီးကစီးနေပြီး သူ့မြင်းနောက်တွင် စင်းပိလျက မြင်းတစ်စီးနှင့်လိုက်ပါလာ၏။

လူထွားကြီးအပါအဝင် အားလုံးစုစုပေါင်း ဆယ့်ငါးယောက်တိတိဖြစ်၏။ မြင်းများမှာ မြင်းကောင်းများချည်းဖြစ်ကာ မြားတန်များ ပစ်လွှတ်လိုက်သည့်ပမာ တစ်ဟုန်ထိုးပြေးနှင်လျက်ရှိနေကြသည်။





နေလုံးမှာ တဖြည်းဖြည်း မြင့်တက်လာပြီဖြစ်၏။ ကြယ်တံခွန်တောင်ကြားသို့မရောက်မီ သိန်းငှက်တောင်ကြားကို ဖြတ်သန်းရမည်ဖြစ်၏။ သိန်းငှက်တောင်ကြားကို ကျော်ဖြတ်ပြီးနောက်ထပ် ငါးမိုင်ခန့်သွားမှ ကြယ်တံခွန်တောင်ကြားသို့ရောက်မည်ဖြစ်ပေ၏။

သိန်းငှက်တောင်ကြားဟု ခေါ်တွင်ရခြင်းမှာ တောင်ကြားနှစ်ခုသည် သိန်းငှက်ပုံသဏ္ဌာန် ဖြစ်ပေါ်နေခြင်းကြောင့်ပင်ဖြစ်၏။ သိန်းငှက်တောင်ကြားတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ၏။

သိန်းငှက်တောင်ကြားအတွင်းသို့ လူထွားကြီးက ဦးဆောင်ကာ မြင်းကိုအပြင်းနှင်စင်ရောက်သွား၏။

'ဝုန်း'

'အား'

ရုတ်တရက် လူထွားကြီး၏ကိုယ်ပေါ်သို့ ငွေရောင်ပိုက်ကွန်ကြီးတစ်ခုက အထက်မှ ဖြန့်ကြက် အုပ်မိုး ကျရောက်လာပြီးဝုန်းခနဲ မြည်ဟည်းကာ လူထွားကြီးမှာသည်း အထက်သို့ ပိုက်ကွန်ကြီးနှင့်အတူ မြောက်တက်သွားရလေ၏။

'ဟာ'

'ဟင်'

'ဟယ်'

ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရလျှင် အားလုံးမှာ အံ့အားသင့်သွားကြရ၏။ ငွေရောင်ပိုက်ကွန်ကြီးမှာ အထက်မှကျဆင်းလာပြီး အထက်သို့ပြန်တက်သွားခြင်းပင်ဖြစ်၏။

အားလုံးက အထက်သို့မော့ကြည့်လိုက်ကြရာ အဝါရောင်ဝတ်စုံနှင့် မိန်းမပျိုကလေးများကို တွေ့မြင်လိုက် ကြရ၏။

'အား....ကယ်ကြပါဦး ကယ်ကြပါဦး'

လူထွားကြီးမှာ ပိုက်ကွန်အတွင်း ငါးကြီးတစ်ကောင်ပမာ မိခနကာ လေထဲတွင် ချာချာလည်ရင်း အော်ဟစ်လျက် ရှိနေသည်။ ခါးပြမျှားက မြင်းများထက်မှလွှားဆင်းပြီး တောင်ကြားလမ်းအပေါ်သို့ ပြေးတက်မည်ပြုစဉ် မိန်းမပျို တစ်ယောက်က....

'ရှင်တို့ တစ်ယောက်မှမလှုပ်ကြနဲ့၊ လှုပ်တာနဲ့ ရှင်တို့ဂိုဏ်းချုပ်ကြီးကို သတ်ပစ်လိုက်မယ်'

'ဟာ'

'ဟင်'

ထိုမိန်းမပျို၏စကားကြောင့် ခါးပြမျှားမှာ အထက်သို့ မတက်ဝံ့ကြတော့ပေ။ မိန်းမပျိုများ၏ ခေါင်းဆောင် မိန်းမချောလေးက စင်းပီလျံအား...

'စင်းပီလျံ ကျွန်မတို့ ကြိုးတစ်ချောင်း ချပေးလိုက်မယ်၊ ကြိုးနဲ့ အပေါ်ကိုဆွဲပြီးတက်လာခဲ့ပါ'





စကားဆုံးသည်နှင့် အထက်မှကြိုးတစ်ချောင်းကအောက်သို့ လျှောခနဲ ကျဆင်းလာ၏။ စင်းပီလျံက မြင်းထက်မှနေ၍ ကြိုးစကိုဆွဲပြီး အပေါ်သို့တက်မည်ပြုစဉ် ခါးပြမျှားက စင်းပီလျံကို ဓားဖြင့်ထောက်ထားလိုက်ကြ၏။

မိန်းမပျိုက ပိုက်ကွန်ထဲမှာ အမိခံထားရသည့် ခါးပြခေါင်းဆောင် လူထွားကြီးအား....

'ရှင့်လူတွေကိုအော်ပြောလိုက်စမ်း၊ စင်းပီလျံကို လွှတ်ပေးလိုက်လို့၊ မပြောရင် ရှင့်ကို ချောက်ထဲပစ်ချလိုက်မယ်'

လူထွားကြီးမှာ မျက်လုံးအစုံ ပြူးကျယ် ဝိုင်းစက်သွားရှာ....

'ဟာ မလုပ်ပါနဲ့၊ ကျုပ် ကျုပ်ပြောလိုက်ပါမယ်'

ထို့နောက် လူထွားကြီးက အောက်သို့ ငုံ့ကြည့်ရင်း....

'ဟိတ်ကောင်တွေ၊ စင်းပီလျံကို လွှတ်ပေးလိုက်ကြစမ်း၊ မြန်မြန်လွှတ်ပေးလိုက်ကြစမ်း'

ထိုအခါကျမှ ခါးပြမျှားက ဓားများကို ပြန်ရုပ်လိုက်ကြရာ စင်းပီလျံက ကြိုးစကိုဆွဲပြီး အထက်သို့ လျင်မြန်စွာ တက်လာခဲ့၏။ လူထွားကြီးမှာ ပိုက်ကွန်ကြီးနှင့်အတူ လေထဲတွင် ချာချာလည်လျက် ရှိနေ၏။

အကယ်၍ မိန်းမပျိုများကသာ ပိုက်ကွန်ကြိုးကို ဓားဖြင့် ခုတ်ဖြတ်ပစ်လိုက်ပါက လူထွားကြီးသည် ပိုက်ကွန်နှင့်အတူ

ချောက်ထဲသို့ထိုးဆင်းကျကာ အသက် ပျောက်သွားရမည်သာ ဖြစ်၏။

စင်းပီလျံက အပေါ်သို့ရောက်ပြီး ကြည့်လိုက်ရာ မိန်းမပျို များချည်း တွေ့မြင်ရပြီး အားလုံးစုစုပေါင်းဆယ့်ရှစ်ယောက် တိတိ ရှိနေသည်ကို တွေ့လိုက်ရ၏။

'ထောက်'

'အင့်'

မိန်းမပျိုတစ်ယောက်က စင်းပီလျံကို နောက်ကျောဖက်မှ သွေးကြောပိတ်လိုက်ရာ စင်းပီလျံမှာ မလှုပ်နိုင် မယှက်နိုင် ဖြစ်သွားရ၏။ သူက မလှုပ်ရှားနိုင်သော်လည်း စကားတော့ ပြောနိုင်သေး၏။ သူက မိန်းမပျို ခေါင်းဆောင်ကို စူးစိုက် ကြည့်လိုက်ပြီး

'မင်းတို့ကရော ငါ့ကိုဖမ်းကြမလို့လား'

မိန်းမချောလေးက ခစ်ခနဲရယ်မောလိုက်ပြီး

'ဟုတ်တယ်၊ ရှင့်ကို သူခိုးလက်ကသူ့ဝှက်လုဘယ်ဆိုတာ မျိုးပေါ့၊ ကိုင်း ရှင် ကျွန်မတို့နဲ့လိုက်ခဲ့ပေတော့'

မိန်းမချောလေးက စကားဆုံးသည်နှင့် စင်းပီလျံကို မြင်း တစ်ကောင်အပေါ်၌ တင်လိုက်စေပြီး မြင်းများဖြင့် နေရာ လျင်မြန်စွာ ထွက်ခွာသွားကြတော့၏။ ဓားပြခေါင်းဆော





လူထွားကြီးမှာ ပိုက်ကွန်ကြီးနှင့်အတူ ရုန်းကန် ကျန်ရစ်ခဲ့ရလေ သည်။

'ဟိတ်ကောင်တွေ အပေါ်မှာ မင်းတို့အမေတွေ မရှိတော့ ဘူး၊ အပေါ်ကိုတက်လာပြီး ငါ့ကိုဆွဲတင်ကြ ဆွဲတင်ကြ'

ဓားပြခေါင်းဆောင် လူထွားကြီးက အော်သံတကြီးနှင့် အောက်သို့ အော်ဟစ်ပြောကြားလိုက်၏။ ထိုအခါကျမှ ဓားပြ များ အပေါ်သို့ပြေးတက်လာကာ ပိုက်ကွန်ကြီးကို အပေါ် သို့ ဆွဲတင်လိုက်ရ၏။

ဓားပြခေါင်းဆောင်လူထွားကြီးက ခေါ် မပျိုများကို ကြည့်လိုက်ရာ မိန်းမပျိုများ မတွေ့ရတော့ပေ။ လူထွားကြီးမှာ တရှူး [illegible] ကို ဘာအ ထွက်နေရ၏၊

ဓားပြဂိုဏ်း လက်ထောက် ခေါင်းဆောင်က လူထွားကြီး အား....

'ဂိုဏ်းချုပ်ကြီး၊ ဒီကောင်မလေးတွေက အတော် အတင့်ရဲ ကြပါလား၊ ဘယ်ဂိုဏ်းကကောင်မလေးတွေလဲ'

လူထွားကြီးက တောက်သံပြင်းပြင်းခေါက်ရင်း

'ဒီကောင်မလေးတွေက စံပယ်ဖြူဂိုဏ်းက ကောင်မလေး တွေပဲ၊ စောစောက စင်းပီလျံကိုခေါ်သွားတဲ့ ကောင်မလေး ဟာ စံပယ်ဖြူဂိုဏ်းချုပ် လွှမ်းဖေးဟုန်ရဲ့သမီး ဖြစ်ရမယ်၊ လွှ

ဖေးဟုန်ဟာ ငါ့ရဲ့ဂိုဏ်းတူ ညီမတစ်ယောက်ပဲ၊ ငါမှုန်း သိလို့ မေတ်မသွားတာ၊ တခြားလူဆိုရင် သေသွားပြီ'

'ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ ဂိုဏ်းချုပ်ကြီး'

'ဘာမှဆက်လုပ်စရာမရှိဘူး၊ စခန်းကို ပြန်ကြဖို့ပဲ ရှိတော့တယ်၊ ကိုင်း ပြန်ကြစို့၊ နောက်မှ ဘာဆက်လုပ်ရမယ်ဆိုတာ စဉ်းစားမယ်'

စင်းပီလျံမှာ စံပယ်ဖြူဂိုဏ်း လက်သို့ ပါသွားရလေပြီ။ ံပယ်ဖြူဂိုဏ်းမှာ မိန်းကလေးများချည်းရှိနေသောဂိုဏ်း ဖြစ် ... စင်းပီလျံက တောင်အောက်သို့ ဆင်းမိသည်ကိုပင် မိန်းမပျို့ရတော့၏။

သေးကြောပါ

ဖြစ်သွားရင်

ပြောနိုင်

•  •  •

စံပယ်ဖြူဂိုဏ်း....

စံပယ်ဖြူဂိုဏ်းစခန်းသို့ ရောက်သည်နှင့် မိန်းမပျိုများက စင်းပီလျံအား စခန်းအတွင်းသို့ ခေါ်ဆောင်သွားကြ၏။ ခန်းမဆောင်ကြီးအတွင်း ရောက်ရှိသည်နှင့် စင်းပီလျံကို သေ... ကြော ပြန်ဖွင့်ပေးလိုက်သည်။





စံပယ်ဖြူဂိုဏ်းချုပ်မှာ အမျိုးသမီးကြီးတစ်ယောက်ဖြစ်ပြီး သူမ၏နာမည်မှာ လေ့ဖေးဟုန်ဖြစ်၏။ စင်းပီလျံအား ဖမ်းဆီးခေါ်ဆောင်လာသည့် မိန်းမချောလေးမှာ လေ့ဖေးကျင့်ပှင် ဖြစ်၏။

စံပယ်ဖြူဂိုဏ်းချုပ်ကြီး လေ့ဖေးဟုန်က စင်းပီလျံကို အခါခေါ်ဆောင်လာနိုင်သည့်အတွက် သမီးဖြစ်သူ နှင်းဆီမယ် လေ့ဖေးကျင့်ကို ချီးကျူးစကားများ ပြောလိုက်၏။

ထို့နောက် သူမက စင်းပီလျံကို စူးစိုက်ကြည့်လိုက်ပြီး....

'မင်းက စင်းပီလျံလား'

စင်းပီလျံက ခေါင်းအေးစက်စက်လေသံဖြင့်....

'ဟုတ်တယ်၊ ကျုပ်က စင်းပီလျံပဲ၊ ကျုပ်ကို ဘာအကြောင်းနဲ့ ဖမ်းဆီးခေါ်ဆောင်လာရတာလဲ'

လေ့ဖေးဟုန်က တဟဲဟဲဟဲ ရယ်မောလိုက်ကာ....

'မင်းက စကားပြော မာကျောလှချည်းလား၊ ငါတို့ဂိုဏ်းက မိန်းမသားတွေချည်းပဲဆိုပြီး အထင်မသေးလိုက်နဲ့၊ အားလုံး ထိပ်တန်းသိုင်းသမားတွေချည်းပဲ၊ ရွှေကျားသစ်ခေါင်းပြဂိုဏ်းကောင် ပြေးပြေးဝပ်သွားရတယ် မဟုတ်လား၊ အခု မင်းကို ခေါ်လာရတာက ရွှေကျားသစ်ခေါင်းပြဂိုဏ်းက ရမယ့်ငွေကို ငါတို့က ကြားဖြတ်ယူလိုက်တာပဲ၊ မင်းကို ရွှေမျက်နှာ

ဖိုး ဂိုဏ်းချုပ်ကြီးဆီပို့ပြီး ငွေအမြောက်အမြားနဲ့ အလဲအလှယ် လုပ်ရမယ်'

စင်းပိလျှံက မျက်မှောင်ကြုတ်လိုက်ပြီး....

'ရွှေမျက်နှာဖုံးဂိုဏ်းချုပ်ဆိုတာ ဘယ်သူလဲ၊ သူက ကျွန်တော်နဲ့ ဘယ်လိုရန်ငြိုး ရန်စတွေ ရှိနေလို့လဲ'

'အဲဒါတော့ ငါမသိဘူး၊ ခုလောလောဆယ်မှာတော့ သူက မင်းကို သူ့ငွေအမြောက်အမြား ထုတ်ထားတာတော့ အမှန်ပဲ'

'ခင်ဗျားတို့ကလဲ ခေါ်ပြစ်တော့ပဲလား'

'ဟုတ်တယ်၊ ဒါပေမယ့် ငါတို့က လူမသတ်ဘူး၊ ငါတို့ ဂိုဏ်းရဲ့ အဓိက စည်းကမ်းချက်က လူမသတ်ရဘူးဆိုတဲ့ စည်းကမ်းချက်ပဲ'

စင်းပိလျှံက ပြက်ရယ်ပြုသော လေသံဖြင့်....

'အခုကော ဘာထူးသလဲ၊ ကျုပ်ကို ရွှေမျက်နှာဖုံးလက်ထဲ အပ်လိုက်ရင် ရွှေမျက်နှာဖုံးက ကျုပ်ကို သတ်မှာပဲ'

လေ့ဖေးဟုန်က နှာခေါင်းရှုံ့လိုက်ကာ....

'လူသတ်တာ ငါတို့ သတ်တာမှမဟုတ်တဲ၊ ငါတို့က မင်းကို သူ့လက်ထဲ ကောင်းကောင်းမွန်မွန်နဲ့ ထည့်ပေးလိုက်တာပဲ၊ နောက်ပိုင်းကိစ္စက ငါတို့နဲ့ မပတ်သက်ဘူး'

စင်းပိလျှံက အံကြိတ်ကာ....





'ခင်ဗျားတို့က အနက်ရောင်ဂိုဏ်းသားတွေပီပီ တော် ... ဘယ်လိုမှ ရက်စက်ယုတ်မာကြတာပဲ၊ ငွေမျက်နှာတစ်ခုတည်း ... တတ်ကြတယ်'

လေ့ဖေးဟုန်က ဟက်ခနဲ ရယ်လိုက်ရင်း.... ...း စမ်းကြည့်

'အဲဒါဘာဖြစ်သလဲ၊ လောလောဆယ်မှာ ငါ ... တွက် ငွေအမြောက်အမြား လိုအပ်နေတယ်၊ မင်း ... ျက်လုံးအစုံ ... က်လက် တာဟာ ငါတို့ ဂိုဏ်းအတွက် ငွေအမြောက်အမြားရောက တာနဲ့ အတူတူပဲ'

ထို့နောက် လေ့ဖေးဟုန်က ဆက်ပြောလိုက်ပြန်၏။

'ရွှေကျားသစ်ခေါ်းပြဂိုဏ်းချုပ်ဆီမှာ အမျိုးသမီးကြီးတစ်ယောက် တွေ့တယ်မဟုတ်လား၊ ကြိုးလှေကားနဲ့တက်ရတဲ့အိမ်အလေးမှာလေ၊ အဲဒီအမျိုးသမီးကြီးက မနက်ကတည်းက ငါ့ဆီကို စာပို့ခိုနဲ့ လှမ်းပြီး အကြောင်းကြားထားပြီးပြီ၊ ဒါကြောင့် ငါတို့က လမ်းကနေဖြတ်ပြီး မင်းကို ရွှေကျားသစ်ဂိုဏ်း လက်ထဲက လုယူနိုင်တာပဲ'

ထိုအခါကျမှ စင်းပိလျှံမှာ ရိပ်စားမိလိုက်၏။ မနက်က ရွှေကျားသစ်ဂိုဏ်းတွင် သူနှင့်လူထွားကြီးတို့ စားသောက်ရန် ပေါက်စီနှင့် လက်ဖက်ရည်ကြမ်း လာရောက်ပို့ပေးသော အမျိုးသမီးမှာ စံပယ်ဖြူဂိုဏ်းမှ တိတ်တဆိတ်စေလွှတ်ထားသော စံပယ်ဖြူဂိုဏ်းဝင်တစ်ယောက် ဖြစ်နေ၏။

ဖုံး ဂိုဏ်းမျိုးသမီးကြီးက စာပို့ခိုဖြင့် စေလွှတ်ကာ အကြောင်းလှယ် လုပ်ရမှာဖြင့် စံပယ်ဖြူဂိုဏ်းချုပ်လေ့ဖေးဟုန် သိရှိခြင်းပင်ဖြစ်၏။

စင်းပီလျံနှင့်မှာပင် မိန်းမပျိုကလေးများက အရက်နှင့် 'ရွှေမျက်'ကို ယူဆောင်လာကာ စားပွဲပေါ်သို့ တရိုတသေ ကျွန်တော်နဲ့ လိုက်ကြ၏။

'ဒခဲက်မှာ မွှေးကြိုင်သင်းပျံ့လှကာ ဟင်းပွဲများမှာလည်း မှော်ပူငွေ့ တထောင်းထောင်းနှင့် ရှိနေ၏။

စံပယ်ဖြူဂိုဏ်းချုပ် လေ့ဖေးဟုန်က အရက်ခွက်များထဲသို့ အရက်များ လောင်းငှဲ့လိုက်ကာ....

'ကိုင်း သောက်စားရင်း စကားပြောကြတာပေါ့၊ ပျော်ပျော်ပါးပါးပေါ့ကွာ၊ ငါတို့ဂိုဏ်းမှာ ရောက်တုန်းရောက်ခိုက် ပျော်ပျော်ပါးပါး နေစမ်းပါ'

စင်းပီလျံမှာ မထူးတော့ပြီဖြစ်၍ အရက်ခွက်ကို ကောက်ကိုင်ကာ မော့သောက်ပစ်လိုက်၏။ မွှေးကြိုင်သင်းပျံ့သော အရက်များက သူ့လည်ချောင်းတစ်လျှောက် ပူနွေးစွာစီးဆင်းသွားကြ၏။

လေ့ဖေးဟုန်က အရက်တစ်ခွက် သောက်လိုက်ရင်း....

'မင်းကြည့်ရတာ သိုင်းပညာကို အတော်လိုက်စားထားပုံရတယ်၊ ဒါပေမယ့် အတွင်းအားတော့ အတော့ကို လိုသေး





တယ်၊ သိုင်းပညာဆိုတာ အတွင်းအား မပြည့်စုံရင် ဘယ်လိုမှ အစွမ်းမထက်မြက်ဘူး'

'အစွမ်းထက်တယ်၊ မထက်ဘူးဆိုတာ ခင်ဗျား စမ်းကြည့်ပါလား'

စင်းပီလျံ စကားကြောင့် လေ့ဖေးဟုန်၏ မျက်လုံးအစုံမှာ ကျားတစ်ကောင်၏ မျက်လုံးပမာ အရောင်တောက်လက်သွားရကာ မျက်နှာလည်း ခက်ထန်တင်းမာသွားရ၏။

လေ့ဖေးဟုန်က အရက်တစ်ခွက် မော့လိုက်ပြီး....

'ကောင်းပြီ၊ မင်းနဲ့ ငါ သိုင်းသုံးလေးကွက်လောက် စမ်းကြတာပေါ့၊ အတွင်းအားဆိုတာ သိုင်းပညာမှာ ဘယ်လောက် အရေးပါတယ်ဆိုတာ မင်း လက်တွေ့ သိသွားစေရမယ်'

ထို့နောက် လေ့ဖေးဟုန်က ခန်းမဆောင်ကြီးအတွင်း စားပွဲကုလားထိုင်များ ဖယ်ရှားစေလိုက်၏။ ထိုအခါ တိုက်ခိုက်ရန် အကောင်းဆုံး နေရာတစ်ခု ဖြစ်ပေါ်လာရသည်။

ထိုကွက်လပ်ကျယ်တွင် စင်းပီလျံနှင့် လေ့ဖေးဟုန်တို့က မျက်နှာချင်းဆိုင် ရပ်လိုက်ကြ၏။ လေ့ဖေးဟုန်က စင်းပီလျံကို လက်သုံးချောင်း ထောင်ပြလိုက်ပြီး....

'မင်းကို ငါက သိုင်းသုံးကွက် အသာပေးလိုက်မယ်၊ ဒီသိုင်းကွက်အတွင်းမှာ မင်းက ငါ့ကို အနိုင်ရအောင် တိုက်ခိုက်ပါ၊

သိုင်းကွက်ပြည့်လို့မှ မင်း ငါ့ကို လဲကျသွားအောင် မတိုက်ခိုက်နိုင်ဘူးဆိုရင် ငါက မင်းကို သိုင်းတစ်ကွက်အသည်းနဲ့ ပညာပေးလိုက်မယ်'

'ကောင်းပြီ၊ ကျုပ်လက်နဲ့ခြေတွေကို ကြည့်သာ ရှောင်ပေတော့'

စင်းပီလျံက စကားဆုံးသည်နှင့် မာန်သွင်ကာ ခုန်ပျံပြီး လေ့ဖေးဟုန်၏ နားထင်နှင့် ရင်ဝဆီသို့ ခြေထောက်ပါပူးတွဲ တိုက်ခိုက်ပစ်လိုက်၏။

'ယား'

'ဝှစ် ဝှစ် ဝှစ်'

စင်းပီလျံ၏ တိုက်ကွက်မှာ ရိုးစင်းသော်လည်း အလွန်ကြောက်စရာကောင်းသော တိုက်ကွက်ပင် ဖြစ်၏။ လေ့ဖေးဟုန်၏ နားထင်ကို ညာလက်က ဖြတ်ဝင်သွားပြီး ဘယ်ခြေက ရင်ဝကို လျှပ်တစ်ပြက် ကန်ပစ်လိုက်ခြင်းပင် ဖြစ်၏။ လေ့ဖေးဟုန်က ကိုယ်ကို ယိမ်းကာ အသာအယာပင် ရှောင်တိမ်းပေးလိုက်ရာ စင်းပီလျံ၏ ပထမသိုင်းကွက်မှာ ပွတ်ကာသီကာကလေး လွဲချော်ထွက်သွားရ၏။

'ယား'

စင်းပီလျံက ပထမဆုံးသိုင်းကွက် လွဲချော်သွားသည်နှင့် ကိုယ်ကို ချာခနဲ လှည့်ကာ ကြိုးကြာခြေကွက်ဖြင့် လေ့ဖေးဟုန်





၏ ဝမ်းဗိုက်ကို ကန်ပစ်လိုက်၏။ လေ့ဖေးဟုန်က မျက်စိတစ်ချက် ကြောင်သွားပါက ခြေကန်ချက်မိကာ လွင့်စဉ်ထွက်သွားရပေမည်။

'ဝှစ် ဝှစ် ဝှစ်'

စင်းပီလျံက ကြိုးကြာခြေကွက်ကို သုံးချက်ဆင့်ကာ ကန်ပစ်လိုက်ခြင်းပင်ဖြစ်၏။ လေ့ဖေးဟုန် ကိုယ်ကို နောက်သို့လှန်ချကာ ရှောင်တိမ်းပေးလိုက်သဖြင့် ကြိုးကြာခြေကန်ချက်များမှာ လေကိုသာခွင်းလိုက်မိတော့၏။

လေ့ဖေးဟုန်မှာ တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်ကာ သိုင်းလောက အတွေ့အကြုံလည်း ရင့်ကျက်နေပြီဖြစ်၏။ စင်းပီလျံမှာမူ ယခုမှ သိုင်းလောကသို့ ဝင်ရောက်ရမည့် တက်သစ်စလူငယ် သိုင်းသမားတစ်ယောက်ဖြစ်ရာ တိုက်ပွဲအတွေ့အကြုံ မရှိသေးပေ။

လေ့ဖေးဟုန်က တဟဲဟဲ ရယ်မောလိုက်ရင်း....

'ကိုင်း ဒီတစ်ခါ မင်းရဲ့ နောက်ဆုံး သိုင်းကွက်ပဲ၊ ကြိုးစားပြီး ငါ့ကို ထိအောင် တိုက်ခိုက်စမ်းပါ'

လေ့ဖေးဟုန်၏ စကားကြောင့် စင်းပီလျံမှာ စိတ်ထဲတွင် ထောင်းခနဲ ဖြစ်သွားရပြီး ရသေ့ကြီး သင်ကြားပေးထားသည့် ကျားလက်သည်း သိုင်းကွက်ဖြင့် တအားဝင်၍ ကုပ်ဆွဲပစ်လိုက်တော့သည်။

'ယား'
'ဝှစ် ဝှစ် ဝှစ်'

စင်းပိလျံ၏ လက်ချောင်းများက လေ့ဖေးဟုန်၏ မျက်နှာနှင့် လည်မျိုဆီသို့ ဟူးခနဲ ထိုးဝင်သွား၏။ ထိုကျားသက်သည်း သိုင်းကွက်များနှင့်သာ မိမိရရကြီး အကုပ်ခံလိုက်ရပါက လေ့ဖေးဟုန်၏ မျက်နှာနှင့် လည်ပင်းတွင် အပေါက်ကြီးများ ဖြစ်ပေါ်သွားရပေလိမ့်မည်။

'ဟိုင်း'

ရုတ်တရက် လေ့ဖေ့းဟုန်က ခေါင်းကို စောင်းကာ ရှောင်ပေးလိုက်ပြီး နံဘေးသို့ ဖျတ်ခနဲ ခုန်ထွက်သွား၏။ စင်းပိလျံက ဟာသံ့ခြေကွက်ဖြင့် ကန်ပစ်လိုက်သော်လည်း လေ့ဖေးဟုန်၏ ပြောင်းလဲသွားသော ခြေကွက်မှာ မြန်ဆန်လှသဖြင့် မထိလိုက်တော့ပေ။

လေ့ဖေးဟုန်က သူ့ကို အသာပေးထားသည့် သိုင်း သုံးကွက် ပြည့်မြောက်သွားရလေပြီ။ စင်းပိလျံမှာ မျက်နှာတစ်ခုလုံး နီမြန်းကာ အံကို ကြိတ်ထားလိုက်၏။

လေ့ဖေးဟုန်က ဟက်ခနဲ ရယ်မောလိုက်ရင်း....

'မင်းမသိုးဘူး၊ မင်းသာ ငါပြောသလို အတွင်းအား ကြီးမားတဲ့ လူတစ်ယောက် ဖြစ်နေခဲ့မယ်ဆိုရင် မင်းရဲ့ ပထမ သိုင်း





ကွက်ကတည်းက ငါ့အသက်ပျောက်သွားလောက်ပြီ၊ အခု မင်းရဲ့ အတွင်းအား မပြည့်စုံသေးတဲ့အတွက် ငါ ခုလို ရပ်တည်နေနိုင်သေးတာပဲ၊ ကိုင်း အခု မင်းကို ငါက သိုင်းပညာမှာ အတွင်းအား ဘယ်လောက် အရေးကြီးတယ်ဆိုတာ ပညာပေးလိုက်မယ်၊ ငါ့လက်ဝါးရိုက်ချက်ကို တစ်ချက်တည်းပဲ မြိန်မြိန်ကြည့်လိုက်စမ်း'

စကားဆုံးသည်နှင့် လေ့ဖေးဟုန်က သူ့မ၏လက်ဝါးနှစ်ဖက်တွင် အတွင်းအားထည့်ကာ ရှေ့သို့ ခုန်ဝင်ပြီး စင်းပိလျံ၏ ရင်ဝကို ရိုက်ချပစ်လိုက်၏။

'ယား'

'ဝုန်း'

'အိုး'

စင်းပိလျံက သူ၏ လက်ဝါးနှစ်ဖက်ကို ဆန့်ထုတ်ကာ လေ့ဖေ့းဟုန်၏ လက်ဝါးချက်နှစ်ချက်ကို ရိုက်ထုတ် ပစ်လိုက်၏။ လက်ဝါးချင်း ထိတွေ့လိုက်သည်နှင့် စင်းပိလျံမှာ တစ်ကိုယ်လုံး မီးစကြီးနှင့် အထိုးခံလိုက်ရသလို ဖြစ်ကာ အော်ဟစ်ရင်း နောက်သို့ လွင့်စဉ်ထွက်သွားရ၏။

လေ့ဖေးဟုန်၏ အတွင်းအား လက်ဝါးရိုက်ချက်ကို သူ၏ရှိသမျှ အတွင်းအားကို စုစည်းကာ တုံ့ပြန် တိုက်ခိုက်လိုက်

သော်လည်း အတွင်းအားချင်းက မညီမျှသဖြင့် ယခုလို မရှုမလှ ခံလိုက်ရခြင်းပင် ဖြစ်ပေတော့၏။

စင်းပီလျံမှာ အော်ဟစ်ရင်း လိမ့်ဆင်းထွက်သွားရ၏။

'ဟား ဟား ဟား'

စံပယ်ဖြူဂိုဏ်းချုပ်ကြီးလေ့ဖေးဟုန်က လိမ့်ဆင်းထွက်သွားသော စင်းပီလျံကို ကြည့်ကာ တဟားဟား ရယ်မောလိုက်၏။ စင်းပီလျံက ခုန်ထရင်း လေ့ဖေးဟုန့်ထံသို့ ထပ်မံ ပြေးဝင်သွားပြန်၏။

'ဖြောင်း'
'အင့်'

လေ့ဖေးဟုန်က စင်းပီလျံ၏ လက်ဝါးရိုက်ချက်ကို ရှောင်တိမ်းပေးလိုက်ပြီး သူမှ၏ အတွင်းအားလက်ဝါးဖြင့် စင်းပီလျံ၏ ပခုံးကို ပုတ်ထုတ်လိုက်ရာ စင်းပီလျံမှာ အော်ဟစ်ကာ လွင့်ထွက်သွားရပြန်၏။

ယခုတစ်ကြိမ်၌မူ စင်းပီလျံမှာ လုံးဝ မလှုပ်ရှားနိုင်တော့သည့် အပြင် သတိလစ်မေ့မျောသွားရတော့၏။ လေ့ဖေးဟုန်က အင်္ကျီလက်စကြီးအတွင်းမှ ခရမ်းရောင် ကြွေဘူးကလေး တစ်ဘူးကို ထုတ်ယူလိုက်ပြီး ကြွေဘူးအဖုံးကို ဖွင့်လိုက်၏။

ပြီးနောက် ကြွေဘူးထဲမှ ဆေးရည် အချို့ကို စင်းပီလျံ ပါးစပ်ထဲသို့ လောင်းချပေးလိုက်၏။ ဆေးရည်များ စင်းပီလျံ





မျိုချလိုက်ပြီးနောက် ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာမှာ ပြန်လည် သွေးရောင်လွှမ်းလာရ၏။

လေ့ဖေးဟုန်က အခြေအရံ မိန်းမပျို လေးယောက်ဖက်သို့ လှည့်လိုက်ပြီး....

'သူ့ကို အကျဉ်းခန်းထဲ မှိုထားလိုက်၊ သူ သတိရလာရင် စားသောက်ဖို့ အရက်နဲ့ စားစရာတွေ အဆင်သင့် လုပ်ထားပေးလိုက်ပါ'

'ကောင်းပါပြီ သခင်မကြီး'

အခြေအရံမိန်းမပျိုများက လေ့ဖေးဟုန်ကို အရိုအသေ ပြုလိုက်ပြီး စင်းပီလျံကို ပွေ့ယူကြကာ ထွက်ခွာသွားကြ၏။ လေ့ဖေးကျင့်က လေ့ဖေးဟုန်အား ...

'မေမေ၊ စင်းပီလျံရဲ့ သိုင်းပညာဟာ သမီးတို့ထက်တောင် မနိမ့်ကျဘူး၊ သူက ဘာဖြစ်လို့ မေမေ့ကို ရှုံးနိမ့်သွားရတာလဲ'

လေ့ဖေးဟုန်က....

'တခြား ဟုတ်ပါရိုးလား သမီးရယ်၊ သူဟာ အတွင်းအား လိုအပ်နေသေးပဲကွယ့်၊ သူသာ အတွင်းအားပြည့်စုံတဲ့သိုင်းသမား တစ်ယောက် ဖြစ်ခဲ့နမယ်ဆိုရင် မေမေ မပြောနဲ့၊ ထိပ်တန်း သိုင်းပညာရှင်တွေတောင် သူ့ကို အနိုင်ရမှာ မဟုတ်ဘူး၊ သူ့ရဲ့ သိုင်းပညာက ထိပ်တန်းအဆင့်ကို ရောက်နေပြီ'

'ဟင်'

လေ့ဖေးဟုန်၏ စကားကြောင့် လေ့ဖေးကျင့်မှာ တအံ့တဩဖြစ်ကာ မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်သွားရတော့၏။

• • •

စင်းပီလျံ ပြန်လည်သတိရလာသောအခါ အခန်းတစ်ခန်းထဲ ရောက်နေကြောင်း တွေ့လိုက်ရ၏။ အခန်းမှာ သန့်ရှင်းသပ်ရပ်သော အခန်းတစ်ခန်း ဖြစ်ပြီး ခုတင်၊ အိပ်ရာများမှာ မွှေးကြိုင်နေသည်ကိုပါ သတိပြုလိုက်မိ၏။

မိန်းမပျိုများချည်း ရှိနေသောဂိုဏ်း ဖြစ်သဖြင့် သန့်ရှင်းမွှေးပျံ့လျက်ရှိနေ၏။ စင်းပီလျံက အိပ်ရာမှထပြီးကြည့်လိုက်ကာ အပြင်ဖက်တွင် အမှောင်ရိပ်များသန်းနေပြီကို တွေ့လိုက်ရ၏။

အခန်းထဲတွင် ပိုးမီးအိမ်ကြီးတစ်ခုက လင်းထက်လျက်ရှိနေ၏။ သူက လေ့ဖေးဟုန်နှင့် တိုက်ခိုက်ရင်း သတိမေ့မျောသွားရခြင်းပင်ဖြစ်၏။





သူက အတွင်းဒဏ်ရာ ရမရကို အသက်ပြင်းပြင်း ရှူရှိုက်ကြည့်လိုက်ရာ အတွင်းဒဏ်ရာမရကြောင်း တွေ့လိုက်ရသဖြင့် စိတ်သက်သာရာရသွားမိ၏။

'ကျွီ'

ယင်းအချိန်မှာပင် အခန်းတံခါးပွင့်သွားပြီး အတွင်းသို့ မိန်းမပျိုနှစ်ယောက် ဝင်ရောက်လာကြ၏။ မိန်းမပျို နှစ်ယောက်၏လက်များထဲတွင် လင်ပန်းများ ကိုင်ဆောင်ထားကြပြီး လင်ပန်းနှစ်ချပ်ထက်တွင် အရက်နှင့် အရက်ခွက်၊ ထမင်းဟင်းပွဲများ ပါရှိလာ၏။

'သခင်မကြီးက ပို့ခိုင်းလိုက်တာပါ'

မိန်းမပျိုတစ်ယောက်က ပြောလိုက်၏။ ပြီးနောက် အရက်နှင့် စားစရာများကို စားပွဲပေါ်သို့တင်ကာ ပြန်လည်ထွက်ခွာသွားကြ၏။ စင်းပီလျံက အရက်ကို အနည်းငယ်သောက်ကြည့်လိုက်ရာ အရက်ထဲတွင် အဆိပ်ခပ်မထားကြောင်း တွေ့လိုက်ရ၏။

စင်းပီလျံမှာ ဆာလောင်နေပြီဖြစ်ရာ အရက်နှင့်စားစရာများကို အားပါးတရ စားသောက်လိုက်၏။

စားသောက်နေစဉ်မှာပင် အခန်းတံခါးပွင့်သွားကာ လေ့ဖေးကျင့် ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရ၏။ လေ့ဖေးကျင့်က စင်းပီလျံအား....

'ရှင် သတိရလာပြီကိုး၊ ရှင့်ရဲ့သိုင်းပညာက အတော့်အဆင့်မြင့်တာပဲ၊ ရှင့်မှာ အတွင်းအားသာ ပြည့်စုံမယ်ဆိုရင် မေမေတာ ရှင့်ကို ဘယ်လိုမှအနိုင်ရမှာမဟုတ်ဘူး'

'အဲဒါကို မင်းမေမေက ပြောသလား'

'ဟုတ်တယ် မေမေကပြောတယ်၊ ရှင်သာ အတွင်းအား ပြည့်စုံရင် သူ ဘယ်လိုမှအနိုင်ရမှာမဟုတ်ဘူးတဲ့'

'အတွင်းအား... အတွင်းအား'

ချက်ချင်းပင် စင်းပီလျံက သိမဏိငှက်ကို သွားရောက်သတိရမိလိုက်၏။ သိမဏိငှက်၏ အသားနှင့် အသွေးကိုသာ စားသောက်ရပါက သူ၏အတွင်းအားမှာ ပြည့်စုံကြီးမားလာမည် ဖြစ်ပေ၏။

သူသာ နေမဝင်တောင်ထိပ်သို့ ပြန်ရောက်ပါက ဆရာရသေ့ကို ခွင့်ပန်ကာ သိမဏိငှက်ကို သွားရောက်ရှာဖွေ ဖမ်းဆီးမည်ဟု ဆုံးဖြတ်ချက်ချလိုက်မိ၏။

လေ့ဖေးကျင့်က ခစ်ခနဲရယ်မောလိုက်ပြီး ...

'ရှင် ဘာတွေစဉ်းစားနေတာလဲ၊ လောလောဆယ် ရှင်ဟာ အကျဉ်းသားတစ်ယောက် ဖြစ်နေရပြီ၊ နောက်ပြီး မကြာခင်မှာ ရှင်ဟာ ရွှေမျက်နှာဖုံးရဲ့လက်ထဲရောက်ပြီး ဘယ်လို ဖြစ်ဦးမလဲ မသိဘူး'

စင်းပီလျံကွ ဟက်ခနဲ ပြက်ရယ်ပြု ရယ်မောလိုက်ကာ...





'ကျုပ်က သေရမှာကို မကြောက်ပါဘူး၊ ဒါပေမယ့် အခိုပွာယ်မဲ့ မသေချင်ဘူး၊ တိုင်းပြည်နဲ့လူမျိုးအတွက် ဘာမှ မလုပ်ဘဲနဲ့ သေရမှာကိုတော့ ဝမ်းနည်းမိတယ်၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းရေးနဲ့သိုင်းလောကအကျိုးအတွက် ဆောင်ရွက်ချင်သေးတယ်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး အတွက် အလုပ်တွေ အများကြီး လုပ်ချင်သေးတယ်၊ ကျုပ်အသက်ကို အများအတွက်ပဲစွန့်လွှတ်ချင်တယ်၊ အခုလို အဓိပ္ပာယ်ကင်းမဲ့စွာနဲ့ သေရမှာကိုတော့ လုံးဝမလိုလားဘူး'

လေ့ဖေးကျင့်က ကြည်လင်ဝိုင်းစက်သော မျက်လုံးကလေးများဖြင့် စင်းပီလျံကို စူးစိုက်ကြည့်လိုက်ရင်း...

'သိုင်းလောကအကျိုး၊ အများအကျိုးဟုတ်လား၊ ရှင်ပြောတာတွေ အများကြီးပဲ၊ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာ အေးချမ်းရေးဆိုတာ ရှင် ဘာကိုဆိုလိုတာလဲ၊ ကျွန်မကို ရှင်းပြပါလား....'

'မင်းမေမေက ဒါတွေပြောမပြဘူးလား'

'မာင့်အင်း မေမေက ကျွန်မကို တစ်ခါမှ ရှင်းမပြဖူးဘူး၊ တော်ရုံတန်ရုံ ဘာမှပြောမပြဘူး'

စင်းပီလျံက တည်ကြည်လေးနက်သော လေသံဖြင့်....

'ငါက သိုင်းလောကကို အခုမှဝင်မယ် ဆိုပေမယ့် သိုင်းလောကအကြောင်းကိုတော့ ကြားဖူးနားဝ ရှိထားပါတယ်၊

သိုင်းလောကမှာ အဖြူရောင်သစ္စာဖက်တော်သား သိုင်းသမားတွေ၊ အနက်ရောင် ဒုစရိုက် သိုင်းသမားတွေ အများကြီး ရှိနေတယ်၊ အဖြူရောင်သိုင်းသမားတွေက အများအကျိုး ဆောင်ရွက်ပြီး တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာ အေးချမ်းရေး အတွက် လုပ်ဆောင်ကြတယ်၊ အနက်ရောင် သိုင်းသမားတွေ ကတော့ သိုင်းလောကကိုဖျက်ဆီးဖို့ ကြံစည်ကြတယ်၊ အများ အကျိုး တိုင်းပြည်အကျိုးလဲ မဆောင်ရွက်ကြဘူး၊ ဘယ်သူက မှန်မြတ်မှန်ကန်တယ်ဆိုတာ မင်းဘာသာမင်း စဉ်းစားဆုံးဖြတ် ကြည့်စမ်းပါ'

လှေဖေးကျောင့်က တစ်ချက်စဉ်းစားလိုက်ရင်း

'အဖြူရောင်သစ္စာဖက်တော်သား သိုင်းလောကသားတွေက မှန်ကန်မှန်မြတ်တာပေါ့၊ သူတို့က အများအကျိုး ဆောင်ရွက်ကြတာပဲ'

'အခု မင်းတို့က ဘာတွေလဲ၊ မကောင်းမှုဒုစရိုက်လုပ်ငန်း တွေ လုပ်နေတဲ့ အနက်ရောင် သိုင်းသမားတွေ မဟုတ်လား'

'ကျွန်မက မေမေခိုင်းသမျှလုပ်နေရတာပါ၊ အလျင်တုန်းက အာမှမသိရပါဘူး'

'မင်း ငါ့ကိုကူညီမလား'

'ဘာကိုလဲ'





'ငါ လွတ်မြောက်ရေးအတွက်ပေါ့'

'ဒါတော့ မဖြစ်ဘူး၊ မေမေက သူ့လုပ်ငန်းမှာ ခွေစင် ယှက်တာ မကြိုက်ဘူး၊ ရှင်နဲ့ ကျွန်မ သိုင်းလောကမှာပြန်ဆုံလို့ အကူအညီတောင်းရင် ကျွန်မ အတတ်နိုင်ဆုံးကူညီနိုင်ပါတယ်၊ အခုလောလောဆယ်မှာတော့ ကျွန်မမှာ မေမေ့ကိုကြောက်နေ ရတယ်'

လှေဖေးကျောင့်ကပြောရင်း အခန်းထဲမှပြန်ထွက်ခွာသွား သည်။ စင်းပီလျံက ခုတင်ထက်တွင် အသာ ပြန်လှဲနေလိုက်သ သည်။ အခန်းအပြင်ဖက်တွင် အစောင့်များ ရှိနေဟန်တူသော တစ်ခါတစ်ခါ စကားပြောသံများကိုကြားနေရ၏။

အချိန်က တရွေ့ရွေ့ ကုန်ဆုံးသွား၏၊ အတော်အတော် ညဉ့်နက်နေလေပြီ။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက် လျက် ရှိနေ၏။

'ကျွီ'

ရုတ်တရက် အခန်းတံခါးပွင့်သွားပြီး လူတစ်ယောက် ရပ် နေသည်ကို တွေ့မြင်လိုက်ရ၏။ ထိုသူကိုတွေ့မြင်လိုက်ရလျှင် စင်း ပီလျံမှာ တအံ့တသြဖြစ်သွားရ၏။

ထိုသူသည် စံပယ်ဖြူဂိုဏ်းမှမိန်းမပျိုတစ်ယောက် မဟုတ်သဲ ကြီးမားသော အရက်အိုးကြီး တစ်အိုးကို ကျောတွင်ပိုးလွယ်

ထားသည့် အသက် ငါးဆယ်ဝန်းကျင်ခန့် လူကြီးတစ်ယောက် ဖြစ်နေသောကြောင့်ပင်တည်း။

ထိုလူကြီး၏မျက်နှာမှာ နီစပ်စပ်ဖြစ်နေပြီး အရက်ကို အမြဲ တမ်း သောက်ကာ ယစ်ထုပ်ကြီးတစ်ယောက်ဖြစ်ဟန်တူပေ၏။ စင်းပိလျံမှာ ယစ်ထုပ်သိုင်းသမားကြီးကို တအံ့တသြကြည့်နေ မိ၏။

သူက တအံ့တသြကြည့်နေမိစဉ်မှာပင် ယစ်ထုပ်သိုင်းသမား ကြီးက အခန်းထဲသို့ဝင်လာပြီး

'စင်းပိလျံ မင်းသိပ်အံ့သြနေသလား၊ ငါကတော့ မင်း ရန်သူမဟုတ်ပါဘူး၊ မင်းကိုကယ်မယ့်လူ အစစ်အမှန်ပါ၊ဘယ် ဂိုဏ်းလက်ထဲမှ ငါဟာ ထည့်မှာမဟုတ်သလို ငါမှာလဲ ဘာ ဂိုဏ်းမှမရှိပါဘူး၊ ငါက ယစ်ထုပ်သိုင်းသမားကြီးပဲ၊ အပြင် ဖက်မှာတော့ အဆိပ်ငွေ့မိပြီး မိန်းကလေးတွေ မေ့လဲကုန် ကြပြီ၊ သူတို့သတိမေ့နေတုန်း မင်း ငါနဲ့ အမြန်လိုက်ခဲ့ပေ တော့'

'ဟုတ်ကဲ့ ကျေးဇူးပါပဲခင်ဗျာ'

စင်းပိလျံက ယစ်ထုပ် သိုင်းသမားကြီးနှင့်အတူ အခန်း အပြင်ဖက်သို့ ထွက်လိုက်၏။ အခန်းအပြင်ဖက် တံခါးအနီး တွင် စံပယ်ဖြူဂိုဏ်းမှ အစောင့်တင်းတာဝန်ကျသည့် မိန်းမပျို လေးယောက်တို့ လဲကျမေ့မျောနေသည်ကို တွေ့လိုက်ရ၏။





'သူ....သူတို့ သေကုန်ကြပြီလား'

စင်းပိလျံက အထိတ်တလန့်ဖြင့် မေးလိုက်မိ၏။ ယစ်ထုပ် သိုင်းသမားကြီးက တစ်ချက် ရယ်မောလိုက်ရင်း....

'သူတို့မသေပါဘူးကွ၊ ကင်းမြီးကောက်အဆိပ်မိလို့ ခဏ မေ့သွားကြတာ'

ယစ်ထုပ်သိုင်းသမားကြီးကပြောရင်း အကျီစကိုလှန်ပြလိုက် ရာ ယစ်ထုပ်သိုင်းသမားကြီး၏စမ်းဗိုက်တွင် ကင်းမြီးကောက် များ ငြိမ်သက်စွာ တွယ်ကပ်နေကြသည်ကို တွေ့မြင်လိုက်ရ၏။

စင်းပိလျံမှာ မျက်လုံးအစုံ ပြူးကျယ် ဝိုင်းစက်သွားမိ၏။ ယစ်ထုပ်သိုင်းသမားကြီးက လေသံတိုးတိုးဖြင့်....

'လေ့ဖေးဟုန်နဲ့ လေ့ဖေးကျင့်တို့ အိပ်ခန်းထဲမှာလဲ ငါ တပည့် ကင်းမြီးကောက် နှစ်ကောင်ကို လွှတ်ထားတယ်၊ ဒီအကောင်ကြီးနှစ်ကောင်ကတော့ အကောင်နည်းနည်းပိုကြီး တယ်၊ အနည်းဆုံး သူတို့သားအမိဟာ နှစ်ရက်လောက် မေ့ သွားကြလိမ့်မယ်၊ ကိုင်း သွားကြစို့'

'အောင်မယ်လေး'

'အား'

ရုတ်တရက် လေ့ဖေးဟုန်နှင့် လေ့ဖေးကျင့်တို့ သားအမိနှစ် ယောက်၏ အိပ်ခန်းများဆီမှ အထိတ်တလန့် အော်ဟစ်လိုက်-

ဆော အသံများကို ကြားလိုက်ရ၏။ ယစ်ထုပ် သိုင်းသမားကြီးက အချိန်ဆိုင်းမနေတော့ဘဲ စင်းပီလျှ၏ လက်ကိုဆွဲကာ အပြင်ဖက်သို့ ပြေးထွက်လာခဲ့လေတော့၏။

'ယား'

'ဝှစ် ဝှစ် ဝှစ် ဝှစ်'

ယင်းအချိန်မှာပင် အပြင်ဖက် တံခါးမကြီးရှေ့မှ စောင့်ဆိုင်းနေကြသော စံပယ်ဖြူဂိုဏ်းသား မိန်းမပျို လေးယောက်တို့က လှံရှည်များဝေ့ယမ်းကာ သူတို့နှစ်ယောက်ထံသို့ လွှားစင်လာကြ၏။

'ယား'
'ဟိုင်း'
'ဖြောင်း ဖြောင်း ဖြောင်း'

ယစ်ထုပ်သိုင်းသမားကြီးနှင့် စင်းပီလျှတို့က မိန်းမပျိုများ၏ လှံရှည်များကို ရှောင်တိမ်းဖမ်းဆုပ်ကာ ချိုးဖြတ်ပစ်လိုက်ကြ၏။ မိန်းမပျိုများမှာလည်း နောက်သို့ လဲကျသွားကြရ၏။

လှံများကို ချိုးပစ်လိုက်ကြပြီးနောက် နှစ်ယောက်သား အထက်သို့ ကိုယ်ဖော့ပညာသုံးကာခုန်လွှားလိုက်ကြရာ စံပယ်ဖြူဂိုဏ်း၏ တံခါးမကြီးကို ကျော်ဖြတ်သွားနိုင်ကြ၏။





'ဝှစ် ဝှစ် ဝှစ် ဝှစ်'
'ရှိုး ရှိုး ရှိုး ရှိုး'

မိန်းမပျိုများက နောက်မှလက်နက်ပုန်းများနှင့် မြားတန်များ တရစပ်ပစ်လွှတ်လိုက်သော်လည်း စင်းပီလျှနှင့် ယစ်ထုပ်သိုင်းသမားကြီးကို ခြေဖျားပင်မမီကြတော့ပေ။

ယစ်ထုပ်သိုင်းသမားကြီးက စင်းပီလျှ၏ အင်္ကျီကိုဆွဲကာ ရှေ့မှပြေးလွှားလျက်ရှိနေ၏။ စင်းပီလျှမှာ နားထဲတွင် လေသံ တဟူးဟူးသာ ကြားနေရပြီး ယစ်ထုပ်ကြီး ဆွဲခေါ်ရာနောက်သို့ လွင့်မျောပါသွားရ၏။

ထမင်းတစ်အိုးချက်ခန့်အကြာတွင် တောင်ခြေရှိ အိမ်ကလေးတစ်လုံးသို့ ရောက်ရှိလာခဲ့၏။

'ဟူး....မောလိုက်တာကွာ၊ ငါ အရက်သောက်ဦးမယ်'

ယစ်ထုပ်ကြီးက ပြောလိုက်ရင်း အရက်အိုးကြီးကို မော့သောက်လိုက်၏။ ပြီးမှ အိမ်တံခါးကို ခေါက်လိုက်၏။

'ဒေါက် ဒေါက် ဒေါက်'
'ဖေဖေလား'
'အေး....သမီးရေ တံခါးဖွင့်ပါကွယ်၊ ဟောဒီမှာ ဧည့်သည် ပါလာတယ်ဟေ့'

အတွင်းမှ ခစ်ခနဲရယ်သံတစ်ချက် ကြားလိုက်ရပြီး တံခါး ချောက်ခနဲ ပွင့်ထွက်သွား၏။ မီးရောင်ဖြာကျလာပြီး

နောက် တံခါးဘွင် ရုပ်ရည်ချောမောကာ ကိုယ်ဟန်ကျော့ရှင်းသော မိန်းမပျိုတစ်ယောက်၏ အသွင်သဏ္ဌာန် ပေါ်ထွက်လာလေ၏။

စင်းပိလျံမှာ မိန်းမချောလေးကိုကြည့်ကာ ငေးခနဲ ဖြစ်သွားရ၏။

မိန်းမပျိုမှာ ယစ်ထုပ်ကြီး၏သမီးဖြစ်ဟန်တူပြီး စင်းပိလျံကို အိမ်အတွင်းသို့ဝင်ရန် ယဉ်ကျေးဖော်ရွေစွာ ဖိတ်ခေါ်လိုက်၏။

'အထဲကိုဝင်ပါရှင်'

စင်းပိလျံက အတွင်းသို့ ဝင်လိုက်ရာ တစ်စုံတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် မျက်လုံးအစုံမှာ ပြူးကျယ်ဝိုင်းစက်သွားရတော့၏။

'ဟင်၊ ဘဘ၊ ဘဘကပ္ပိယကြီးပါလား'

မှန်ပေသည်။ အိမ်ကလေးအတွင်း ကြိုတင်ရောက်နှင့်နေသူမှာ ကပ္ပိယကြီး ငေါ့ကျင်ဟုန်ပင် ဖြစ်ပေတော့၏။ ကပ္ပိယကြီးက စင်းပိလျံ အံ့အားသင့်နေသည်ကို သဘောကျစွာနှင့် ကြည့်လိုက်ရင်း...

'စင်းပိလျံ၊ မင်းသိပ်အံ့သြနေသလား၊ ငါလဲ မင်းပျောက်နေတာနဲ့ လိုက်ရှာရင်း ဟောဒီ ငါ့မိတ်ဆွေယစ်ထုပ်ကြီးနဲ့





တွေ့ရလို့ သူ့ကို အကူအညီ တောင်းရတာပဲ၊ သူနဲ့တွေ့လို့တော်သေးတာပေါ့ကွာ၊ သူနဲ့သာမတွေ့ရရင် မင်းတော့ဒုက္ခပဲ'

စင်းပိလျံက ကပ္ပိယကြီးအား....

'ဘဘ၊ ဘဘက ဘယ်ရောက်သွားတာလဲ'

'ဟ၊ ငါလဲမင်းလိုပေါ့ကွ၊ နဂါးပွဲကြည့်ရင်း လူချင်းကွဲသွားတာပေါ့၊ မင်းကိုလိုက်ရှာတာ ဘယ်မှ မတွေ့ရဘူး၊ နောက်ဆုံး စံပယ်ဖြူဂိုဏ်းက မင်းကိုဖမ်းသွားမှန်း သိလို့ ယစ်ထုပ်ကြီးကို အကူအညီ တောင်းရတာပဲ'

ထို့နောက် ကပ္ပိယကြီးက ယစ်ထုပ်ကြီးအား ကျေးဇူးတင်စကားများ ပြောကြားလိုက်၏။

'ရီကျင့်ပန်း၊ ခင်ဗျားကို ကျုပ်အများကြီး ကျေးဇူးတင်ပါတယ် ဒီကောင်လေးသာ မပါရင်တော့ ရသေ့ကြီးကို ဘယ်လိုမျက်နှာပြရမှန်း မသိတော့ဘူး၊ တောင်ပေါ်ကိုပြန်ဖို့တောင် ခပ်ခက်ခက်ပဲ'

ယစ်ထုပ်ကြီး ရီကျင့်ပုန်းက အရက်အိုးကြီးကို မော့သောက်လိုက်ရင်း...

'ဟဲ ဟဲ၊ ကျုပ်ကို ကျေးဇူးအထူးတင်နေစရာမလိုပါဘူးဗျာ၊ သိုင်းလောကသားချင်း ကူညီရမှာက ဝတ္တရားပါ၊ ကျုပ်တို့က အများအကျိုး ဆောင်ရွက်နေတဲ့ အဖြူရောင်

သိုင်းသမားတွေပါ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေး
ချမ်းရေးအတွက် ကျုပ်တို့ ခင်ဗျားတို့အပေါ် ဝင်ဆောင်ရွက်
ကြရမှာပါ'

ကပ္ပိယကြီးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း....

'မှန်တာပေါ့ဗျာ၊ ခင်ဗျားတို့ ကျုပ်တို့ဟာ သိုင်းလော
ကနဲ့ ပြည်သူတွေကို အနှောင့်အယှက်ပြုနေတဲ့ အနက်ရောင်
ဓုစရိုက်သမားတွေကို ရှာဖွေချေမှုန်းပစ်ရမှာပဲ တိုင်းပြည်နဲ့
လူမျိုးအတွက် တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းရေး
အတွက် တတ်နိုင်တဲ့ဘက် စွမ်းဆောင်နိုင်တဲ့ဘက်က တာဝန်ယူ
ကြရမှာပဲ'

ထို့နောက် ယစ်ထုပ်ကြီးက သူ၏သမီးချော ရိကျင့်စန်း
နှင့် စင်းပိလျံကို မိတ်ဆက်ပေးလိုက်၏။

'စင်းပိလျံ သူက ငါ့သမီးပဲ ရိကျင့်စန်းလို့ခေါ်တယ်၊ ခုအ
ချိန်ကစပြီး မင်းတို့နှစ်ယောက်က ဂိုဏ်းတူမောင်နှမတွေ ဖြစ်
သွားကြပြီ တစ်ယောက်နဲ့တစ်ယောက် ကူညီဖေးမကြ'

'ဟုတ်ကဲ့ ကျွန်တော် ကတိပြုပါတယ်'

စင်းပိလျံကပြောရင်း မိန်းမချောလေး ရိကျင့်စန်းကို
ဆက်နှုတ်ဖက်ဆုပ်ကာ လေးစားမှုပြသလိုက်၏။ မိန်းမချော
လေး ရိကျင့်စန်းကလည်း သူမ၏ဖြူနုသော လက်ဖဝါးနှစ်ဖက်
ကို ဆုပ်လိုက်ကာ စင်းပိလျံအား လေးစားမှုပြသလိုက်၏။





ရိကျင့်စန်းမှာ ချောမောလှပသူကလေးဖြစ်ပြီး ကိုယ်လုံး
ကလေးမှာ ဖွံ့ထွားကာ အစွမ်းကုန် ဖူးပွင့်တော့မည် နှင်းဆီဖူး
ကလေး တစ်ပွင့်နှင့် မခြား ရှိနေ၏။

သူတို့ သည်စားပွဲတွင်ဝိုင်းဖွဲ့ထိုင်လိုက်ကြ၏။ စားပွဲပေါ်တွင်
အရက်နှင့် စားသောက်ဖွယ်ရာများက ရှိနေ၏။ သူတို့အား
ဧည့်ခံပြီးပါး စားသောက်ရင်း ယစ်ထုပ်ကြီးက ကပ္ပိယ
ကြီးအား....

'ဝေါ်ကျင့်ဟုန်၊ မင်း စင်းပိလျံရဲ့ မိဘတွေနဲ့ပတ်သက်ပြီး
ပြောပြပြီးပြီလား'

ကပ္ပိယကြီးက ခေါင်းခါယမ်းပြလိုက်ကာ....

'ပြောမပြရသေးဘူး အချိန်မရောက်သေးလို့ပါ'

ယစ်ထုပ်ကြီးက မျက်မှောင်ကြုတ်လိုက်ရင်း...

'အချိန်က ကျနေပြီပဲ မင်းမပြောမပြရင် ငါပြောပြလိုက်
မယ်'

'ကိုင်း ငါပဲပြောပြလိုက်မယ်'

ကပ္ပိယကြီးက စင်းပိလျံကို စူးစိုက်ကြည့်လိုက်ရင်း....

'စင်းပိလျံ၊ ဆရာရသေ့ကြီးကို ဘယ်သူမှတ်သလဲ'

စင်းပိလျံက ခေါင်းခါယမ်းပြလိုက်ပြီး....

'ကျွန်တော် ဘယ်သိပါ့မလဲ၊ ဆရာရသေ့ကြီးက ကျွန်
တော့်ကို သိုင်းပညာ သင်ကြားပေးတဲ့ ဆရာရသေ့ကြီးပေါ့'

ကပ္ပိယကြီးက မျက်နှာကို တည်လိုက်ကာ တည်ကြည်လေးနက်သော လေသံဖြင့်....

'မဟုတ်သေးဘူး၊ ဆရာရသေ့ကြီးက မင်းမေမေရဲ့ဖေဖေ၊ မင်းရဲ့ ဘိုးဘိုး အစစ်အမှန်ပဲ'

'အင်'

ကပ္ပိယကြီး၏ စကားကြောင့် စင်းပိလျံမှာ မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်သွားရ၏။ သူက ပြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံဖြင့် ကပ္ပိယကြီးကို စူးစိုက်ကြည့်လိုက်ကာ....

'ဗျာ ဆရာရသေ့ကြီးက ကျွန်တော့် ဘိုးဘိုး ဟုတ်လား'

'အေး ဟုတ်တယ်ကွယ့်၊ သူဟာ မင်းရဲ့ ဘိုးဘိုး အရင်းခေါက်ခေါက်ကြီးပဲ'

စင်းပိလျံက အံကြိတ်လိုက်ကာ....

'ဘာကို ကျွန်တော် တစ်ခါပြောဖူးတဲ့ စကားကို မှတ်မိသေးတယ် မဟုတ်လား၊ သူဟာ ကျွန်တော့် ဘိုးဘိုး ဖြစ်ခဲ့ရင် ဒီလောက် ရက်စက်မှာ မဟုတ်ဘူးလို့, သူဟာ ကျွန်တော့် ဘိုးဘိုး ဖြစ်နိုင်ပါ့မလား'

ကပ္ပိယကြီးက....

'ဟုတ်ပါတယ်ကွယ်၊ ဒါတွေကို ငါ ရှင်းပြပါ့မယ်၊ အကြောင်းစုံ သိရရင် မင်း သဘောပေါက်လာမှာပါ၊ တကယ်





တော့ မင်းဘိုးဘိုးဟာ မင်းအပေါ်မှာ အင်မတန် ချစ်ရှာပါတယ်။ သူက ချစ်တာတွေကို မျိုသိပ်ပြီး မင်းကို တင်းမာစွာ ဆက်ဆံနေတာက မင်းက သူ့အပေါ်မှာ လေးစားကြောက်ရွံ့မှု လျော့ပါးသွားမှာစိုးလို့ပဲ ဖြစ်တယ်၊ သူက မင်းကို ငယ်ငယ်လေးတည်းက ပြုစုစောင့်ရှောက်ပြီး သိုင်းပညာတွေ သင်ကြားပေးခဲ့တယ် မဟုတ်လား၊ မင်းကို သူက သိုင်းပညာတွေ ထူးချွန်စေချင်တယ်၊ ရန်သူနဲ့တွေ့ရင် မင်းက မျက်နှာမငယ်စေလိုအောင် သိုင်းပညာကို ကြပ်ကြပ်မတ်မတ် စည်းကမ်းကြီးကြီးနဲ့ အုပ်ချုပ်သင်ကြားပေးခဲ့တယ်၊ ဒါကို မင်းကတော့ ပြင်းထန်တယ် ထင်နေတာပေါ့၊ သူ့ဘက်ကကြည့်ရင် မင်းအပေါ် ဘယ်လောက် စေတနာထားတယ်ဆိုတာ သိနိုင်ပါတယ်၊ သူက ဒီလို တင်းတင်းမာမာနဲ့ သင်ကြားပေးလိုက်လို့ပဲ မင်း အခုလို မခံချင်စိတ်နဲ့ ကြိုးစားခဲ့တာ မဟုတ်လား၊ နောက်ပြီး သူက မင်းကို သံမဏိငှက်ပါ ခေါ်ပြခဲ့တယ် မဟုတ်လား'

'အင်း'

ကပ္ပိယကြီး၏ စကားများမှာ မှန်ကန်နေသဖြင့် စင်းပိလျံမှာ ငြိမ်ကျသွားရ၏။ သူက ဆရာရသေ့ကြီးနှင့် ပတ်သက်၍ စဉ်းစားလိုက်သောအခါ ကပ္ပိယကြီး ပြောသည့်အတိုင်း အားလုံးမှန်ကန်နေကြောင်း တွေ့လိုက်ရသည်။

မှန်ပေသည်။

ဆရာရသေ့ကြီးက သူ့ကို ထိပ်တန်းသိုင်းပညာရပ်များကို မချွင်းမချန် အကုန်အစင် သင်ကြားပေးခဲ့သည် မဟုတ်ပါ

လား၊ ရသေ့ကြီးက စည်းကမ်းကြီးသော်လည်း သူ့ကို တခါမှ ရိုက်နှက်ညှဉ်းပန်းခြင်း မပြုလုပ်ခဲ့ပါချေ။ သိုင်းလေ့ကျင့်ရာတွင်မူ စည်းကမ်းကို လျှော့လေ့မရှိပေ။

စင်းပိလျှံမှာ စဉ်းစားရင်းနှင့် ရသေ့ကြီး၏ စေတနာ မေတ္တာ အမှန်ကို သိရှိလာရသည်။

သူက ကပ္ပိယကြီးအား လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုလိုက်ရင်း....

'ကျွန်တော် ဆရာသခင် ရသေ့ကြီးအပေါ် အထင်အမြင်လွဲမှားမိတာကို ခွင့်လွှတ်ပါဘဘ၊ ကျွန်တော် ဆရာသခင် ရသေ့ကြီးအပေါ်မှာ ကောင်းဆောင်းကြီး သဘောပေါက်ပါပြီ'

'အေး'

ကပ္ပိယကြီးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း....

'မင်းဘိုးဘိုးဟာ မင်းအပေါ်မှာ တကယ်ပဲ ကောင်းရှာပါတယ်ကွယ်၊ မင်းယေယေတုန်းကဆိုရင် သူကိုယ်တိုင် ချီပွေ့ပြီး မင်းကို ပိုးမွေးသလို မွေးလာခဲ့ရတာပါ'

'ကျွန်တော့် မိဘတွေကရော'

'မင်းမိဘတွေဟာ ငါသိသလောက်ဆိုရင် ခုအချိန်ထိ အသက်ထင်ရှား ရှိနေကြဆဲပဲ၊ သူတို့ ဘယ်ရောက်နေသလဲဆိုတာတော့ စုံစမ်းမရသေးဘူး၊ မင်းဖေဖေဟာ တစ်ချိန်က ဖေ





စကြာဂိုဏ်းချုပ် ဆင်းပိလုံပဲ၊ မင်းမေမေကတော့ ခြသေ့်အားမာန် ဂိုဏ်းချုပ်ကြီး ယောင်ရှန်ရဲ့သမီးပဲ'

'ဒါ ဒါဆိုရင် ဆရာသခင် ရသေ့ကြီးဟာ တစ်ချိန်က ခြသေ့်အားမာန် ဂိုဏ်းချုပ်ကြီးပေါ့'

ကပ္ပိယကြီးက ခေါင်းညိတ်ပြလိုက်ရင်း....

'ဟုတ်တယ်၊ ဆရာရသေ့ကြီးဟာ တစ်ချိန်က ခြသေ့်အားမာန် ဂိုဏ်းချုပ်ကြီးပဲ'

'ဘိုးဘိုးက ဘာဖြစ်လို့ ရသေ့ဝတ်သွားရတာလဲ'

'အကြောင်းရှိလို့ပေါ့ကွ၊ ဒီလိုကွ၊ မင်းဖေဖေဟာ နေ့စကြာဂိုဏ်းချုပ် မဖြစ်ခင်မှာ ထန်စန်တောင်မှာ သွားပြီး သိုင်းပညာတွေ သင်ကြားခဲ့တယ်၊ တစ်နေ့မှာ သူဟာ တောင်အောက်ဆင်းလာပြီး မမျှော်လင့်ဘဲ မင်းမေမေနဲ့ ဆုံတွေ့ခဲ့ရတယ်၊ သူတို့နှစ်ယောက်က မေတ္တာမျှသွားပြီး နောက်ပိုင်းမှာ လက်ထပ်လိုက်ကြတယ်၊ မင်းမေမေက ခြသေ့်အားမာန်ဂိုဏ်းချုပ်ရဲ့ သမီးဖြစ်သလို မင်းဖေဖေကလဲ နေ့စကြာ ဂိုဏ်းချုပ်ဘဝကို ရောက်နေပြီ၊ တစ်နေ့မှာ အင်အားကြီးမားတဲ့ ရန်သူတွေကြောင့် ဂိုဏ်းကြီး နှစ်ဂိုဏ်းစလုံး ပြိုကွဲပြီး အားလုံးဟာ အစဉ်ကရဲ လက်လွတ် ထွက်ပြေးကြရတယ်၊ မင်း ဘိုးဘိုးက ရသေ့ဝတ်ပြီး နေမဝင် တောင်ထိပ်မှာ လျှို့ဝှက်စွာ နေထိုင်ခဲ့တယ်၊ မင်းမေမေနဲ့ မင်းဖေဖေလဲ ရန်သူတွေ လက်က လွတ်

အောင် ရှောင်တိမ်းရင်း လူချင်း ကွဲသွားကြတာ ခုအချိန်အထိ စုံစမ်းမရဘူး၊မင်းဘိုးဘိုးက ဏလေးကို သူနဲ့အတူ ခေါ်ထား လိုက်တယ်၊ အဲဒီကလေးကိုတော့ မင်းပဲ'

'ဒါဆို ခြသေ့အားမာန်ဂိုဏ်းနဲ့ နေစကြာဂိုဏ်းကြီး နှစ်ဂိုဏ်းစလုံး ပြိုကွဲသွားရတာပေါ့'

'ဟုတ်တယ်'

'အခု နေစကြာဂိုဏ်းမှာ ဘယ်သူ အုပ်ချုပ်နေသလဲ'

'ဂိုဏ်းချုပ်ကြီး မရှိတော့ လက်ထောက်ဂိုဏ်းချုပ်ကြီးကပဲ ယှဉ်ချုပ်နေတယ်၊ မင်းဟာ သံမဏိဌက်စားပြီး အတွင်းအား ဒွန်စုံတဲ့ နေ့မှာ နေစကြာဂိုဏ်းကို စေလွှတ်မယ်လို့ ငါ့ကို သြဇသကြီးက လျှို့ဝှက်စကား ပြောကြားထားတယ်'

'ကျွန်တော့်မိဘတွေနဲ့ ပတ်သက်ပြီး ဘာသတင်းများ စုံစမ်းရထားပါသလဲ'

'ငါတို့လဲ အမျိုးမျိုး စုံစမ်းနေတာပဲ၊ရသေ့ကြီးပဲ တစ်ခါ တစ်ခါ တောင်အောက် ဆင်းပြီး စုံစမ်းတယ်၊ မင်းဖေဖေနဲ့ မေမေက တစ်ခါတည်း စုပ်စမြုပ်စ ပျောက်ဆုံးနေကြတယ်၊ ဘယ်လိုမှ စုံစမ်းလို့ မရဘူး၊ ဒါပေမယ့် သူတို့ဟာ အခုအချိန် အထိ မသေကြသေးဘဲ သိုင်းလောကမှာ ရှိနေမယ်ဆိုတာကို တော့ ငါနဲ့ ဆရာရသေ့တို့က ယုံကြည်ထားကြတယ်၊ ရန်သူ တွေ သတ်လို့ သေသွားမယ်ဆိုရင်တောင် သတင်းကြားရမှာပဲ၊ အခုတော့ ဘာသတင်းမှ ထွက်မလာဘူး'

အားလုံးအတွေးကိုယ်စီဖြင့် ငြိမ်သက်သွားမိကြ၏။ အတန်ကြာမှ ယစ်ထုပ်သိုင်းသမားကြီးက....





'ကိုင်း နေ့မဝင်တောင်ကို မင်းတို့ပြန်ရင် ငါတို့ သားအဖ ပါ လိုက်ခဲ့မယ်၊ ဆရာရသေ့ကြီး အဲ ခြသေ့အားမာန် ဂိုဏ်း ချုပ်ကြီးနဲ့ မတွေ့ရတာလဲ ကြာပြီ'

ကပ္ပိယကြီးက....

'ဒါဆို ကျုပ်တို့ မနက်စောစောပဲ ခရီးဆက်ကြတာပေါ့၊ ဆရာရသေ့ကြီးကလဲ ခရီးထွက်ရာက ပြန်ရောက်ပြီ၊ ကျုပ်တို့ ကို မျှော်နေတော့မယ်'

(၁၁)

နေ့ခက်တစ်နေ့ နံနက်စောစောမှာပင် သူတို့သည် နေမဝင်တောင်သို့ ထွက်ခွာလာခဲ့ကြ၏။

နေမဝင်တောင်သို့ မရောက်မီ ခရီးလမ်းဆုံ တစ်နေရာသို့ ရောက်ခဲ့ကြ၏။ ထိုနေရာတွင် စားသောက်ဆိုင်၊ တည်းခိုဆောင်များ ရှိနေ၏။ သူတို့က နံနက်စာစားသောက်ရန် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်လာခဲ့ကြ၏။

စားသောက်ဆိုင်အတွင်းတွင် ခရီးသွားများ၊ စားသောက်နေသူများက ရှိနေ၏။ သူတို့က စားပွဲတစ်လုံးတွင် ဝိုင်းဖွဲ့ထိုင်လိုက်အော အရက်နှင့် စားသောက်ဖွယ်ရာများ မှာယူလိုက်၏။





စားသောက်နေစဉ်မှာပင် အပြင်ဖက်မှ မြင်းခွာသံများ ကြားလိုက်ရပြီး ဆိုင်ထဲသို့ အစိမ်းရောင်ဝတ်စုံနှင့် သိုင်းသမားတစ်စု ဝင်ရောက်ကြ၏။

ထိုသူများမှာ ရုပ်ရေကြမ်းတမ်းခက်ထန်အောဒုစရိုက်သမားများဖြစ်ကြောင်း အားလုံးက ရိပ်စားမိလိုက်ကြ၏။ ဆိုင်ရှင်မှာ ထိုလူစုကို တွေ့မြင်လိုက်ရလျှင် မျက်နှာကွက်ခနဲ ပျက်သွားရ၏။

'ဟိတ် ငါတို့အတွက် အရက်နဲ့ စားစရာတွေ ခုချက်ချင်း ယူခဲ့စမ်း'

'ကောင်း ကောင်းပါပြီ ခင်ဗျာ'

ဆိုင်ရှင်က ခုချက်ချင်းပင် အလုပ်သမားကလေးများအား စီစဉ် ညွှန်ကြားလိုက်၏။ အစိမ်းရောင် ဝတ်စုံရှင် လူထွားကြီးများက စားပွဲတစ်လုံးတွင် ဝိုင်းဖွဲ့ ထိုင်လိုက်ကြ၏။ ထိုလူစုအစင်းပိလျှ၏ အနီးတွင် ထိုင်နေသော မိန်းမချောလေး ရီကျူင့်စန်းကို တွေ့လိုက်ရလျှင် မျက်လုံးများ ဝင်းလက်သွားကြ၏။

အစိမ်းရောင်ဝတ်စုံရှင် လူကြမ်းကြီးတစ်ယောက်က....

'ဟား ဟား ဟား ဒီကနေ့တော့ စားရကံကြုံလို့ မုတ်ဆိတ်များစွဲတာပဲ၊ တကယ့် အချောအလှလေးနဲ့မှ လာတွေ့နေရတာကိုး'

လူကြမ်းကြီးတစ်ယောက်က ရီကျင့်စန်း၏ ဖွံ့ထွား လုံးကျစ်သော ကိုယ်လုံးအလှကို အဝမ်းမရနိုင် ကြည့်ရင်း....

'သိပ်နိပ်တဲ့ မဇီကလေးပါလား၊ ဒီတစ်ခါတော့ တကယ့်ဖွဲ့တော်ကြီးနဲ့ တွေ့ရတာပဲဟေ့'

တစ်ယောက်က တဟားဟား ရယ်မောလိုက်ကာ....

'ဒီလောက်လှတဲ့မိန်းကလေး တစ်ခါမှ မတွေ့ဖူးဘူးဟေ့၊ ဒီတစ်ခါ မလွတ်စေနဲ့နော်'

'အေးပါ စိတ်ချပါ'

လူကြမ်းကြီးတစ်စုက ကျယ်လောင်စွာ ပြောကြားလျက်ရှိနေကြ၏။ ကြည့်ရသည်မှာ ဤလူစုသည် ဤနယ်မြေတွင် အတော်ဆိုးသွမ်းနေသော လူစုဖြစ်ဟန် တူပေ၏။

ဆိုင်အလုပ်သမားကလေးများက လူကြမ်းကြီးများအတွက် အရက်နှင့်စားစရာများကို ယူဆောင်လာတော့ ချထားပေးလိုက်ကြ၏။ လူကြမ်းကြီးတစ်ယောက်က အရက်အိုးကို လက်ဝါးနှစ်ဖက်ဖြင့်ပွတ်လိုက်ရာ အငွေ့များ ထောင်းခနဲ ထွက်ပေါ်သွားရ၏။

လူကြမ်းကြီးများ၏ သိုင်းပညာမှာလည်း အဆင့်မနိမ့်လှပေ။ လူကြမ်းကြီးများက အရက်နှင့်စားစရာများကိုအားပါးတရ စားသောက်ရင်း ရီကျင့်စန်းကို အငမ်းမရ ကြည့်ကာ စော်ကားသော စကားများ ပြောကြားလျက်ရှိနေ၏။





မကြာမီ လူကြမ်းကြီးတစ်ယောက်က ဒယီးဒယိုင် ခြေလှမ်းများဖြင့် စင်းပိလျ တွိထိုင်နေရာ စားပွဲဆီသို့လျှောက်လာကာ ရီကျင့်စန်းကို ပြုံးရယ်ပြလိုက်ပြီး....

'ဒီကညီမလေးက သိပ်လှနေပါလား၊ အစ်ကိုကြီးတို့ဝိုင်းမှာလာပြီး စားသောက်ပါလို့ ဖိတ်ခေါ်ပါတယ်၊ အစ်ကိုကြီးတို့က သဘောကောင်းပါတယ် ဟဲဟဲဟဲ၊ ညီမလေးနားမှာထိုင်နေတဲ့ကောင်တွေကို ဂရုစိုက်မနေစမ်းပါနဲ့၊ ဟိတ်ကောင်တွေ မင်းတို့ ဒီကညီမလေးကို ငါခေါ်သွားမယ်'

ပြောရင်း ဆိုရင်းကပင် လူကြမ်းကြီး၏ လက်တစ်ဖက်က ရီကျင့်စန်း၏လက်တစ်ဖက်ကို လှမ်းရောက် ဆုပ်ကိုင်လိုက်၏။

'ဖြန်း'

ရီကျင့်စန်း၏ မြန်ဆန်သောလက်ဝါးရိုက်ချက်ကြောင့် လူကြမ်းကြီး၏ ပါးပြင်တစ်ဖက်မှာ နီမြန်းသွားရ၏။

'ဟင်....နင်က ငါ့ကိုရိုက်တယ် ဟုတ်လား၊ သိကြသေးတာပေါ့၊ ကိုင်း'

လူကြမ်းကြီးက ပြောပြောဆိုဆို သူ၏ကြမ်းတမ်းသော လက်ကြီးနှစ်ဖက်ဖြင့် ရီကျင့်စန်း၏ပါးကျဥ်ကျဥ်ကို သိမ်းဖက်လိုက်၏။

'ဝုန်း'

'ဆင့်'

လူကြမ်းကြီးမှာ ရိုက်ချက်စန်း၏ ခါးကလေးကိုပင် မဖက်နိုင်ဘဲ နောက်သို့ ပက်လက်လန်လဲကျသွားရ၏။ လူကြမ်းကြီးကို လျှပ်တစ်ပြက်တိုက်ခိုက်လိုက်သူမှာ စင်းပိုလျှံပင်ဖြစ်၏။

စင်းပိုလျှံက ဒေါသကမချုပ်တည်းနိုင်တော့ဘဲ တစ်ဟုန်ထိုး ဝင်ရောက်လာသည့် လူကြမ်းကြီးကို လက်ဝါးနှစ်ဖက်ဖြင့် ရိုက်ထုတ်ပစ်လိုက်ခြင်းပင်ဖြစ်၏။

ထို့ကြောင့် လူကြမ်းကြီးမှာ နောက်သို့ပက်လက်လန် လဲကျသွားရရင်း ပြန်အထထတွင် မြုန်းခနဲ မထနိုင်ဘဲ ကြမ်းပြင်ထက်တွင် ကုန်းကွကွကြီး ဖြစ်နေရ၏။

• 'ဖောင်း'

'အား'

စင်းပိုလျှံက ခြေထောက်ဖြင့်ကန်ပစ်လိုက်ရာ လူကြမ်းကြီးမှာ သူ့အဖော်များရှိရာဆီသို့ ဘောလုံးတစ်လုံး လိမ့်တက်သွားသလို လိမ့်ထွက်သွားရ၏။

'ဟင်'

'ဟာ'

'ဟယ်'

အစိမ်းရောင်ဝတ်စုံရှင် လူကြမ်းကြီးများမှာ မမျှော်လင့်သော ဖြစ်ရပ်ကြောင့် တအံ့တဩ ဖြစ်သွားကြရ၏။ သူတို့အား မင်တက်မိနေကြရာမှ ဝုန်းခနဲ ထရပ်လိုက်ကြ၏။





လူကြမ်းကြီးတစ်ယောက်က စင်းပိုလျှံအား လက်ညှိုးထိုးလိုက်ကာ....

'မင်းက လူစွာဝင်လုပ်တာပေါ့ ဟုတ်လား၊ ဟိတ်ကောင် မင်းက ဘယ်ကကောင်လဲ၊ ဒီနယ်မှာ မုန်တိုင်းဂိုဏ်းဆိုတာ မင်း မကြားဖူးဘူးလား'

စင်းပိုလျှံက ရယ်မောလိုက်ကာ....

'မုန်တိုင်းဂိုဏ်းတော့မသိဘူး၊ အီးပေါလေဂိုဏ်းဆိုတာပဲ ကြားဖူးတယ်၊ မင်းတို့က တကယ်ရှာ အီးပေါလော ကောင်တွေပဲ၊ မင်းတို့မှာ ဘာအစွမ်းရှိလို့လဲ'

'တောက်....ဒီခွေးကောင်လေးကို ဝိုင်းချပစ်ကြစမ်းကွာ'

'အရေခွံခွာပစ်'

'ချဟေ့'

'ယား ဟိုင်း ယား'

အစိမ်းရောင်ဝတ်စုံရှင် လူကြမ်းကြီးများက စင်းပိုလျှံတို့ထံသို့ တစ်ဟုန်ထိုး ဝင်ရောက်လာကြ၏။ ထိုပွဲကို ယစ်ထုပ်ကြီး၊ ကပ္ပိယကြီးနှင့် မိန်းမချောကလေး ရိုက်ချက်စန်းတို့က အေးဆေးစွာ ထိုင်ကြည့်နေကြ၏။

'ဖြောင်း ခွပ် ဖုန်း'

'အား အင့် အီး'

စင်းပိလျှံက ကိုယ်ကိုချာခနဲလှည့်ကာ နဂါးပတ်ခြေကန် ချက်ဖြင့် တစ်ချက်တည်း ပတ်ကန်ပစ်လိုက်ရာ ရှေ့ဆုံးမှ ပြေးဝင်လာသည့် လူကြမ်းကြီးသုံးယောက်မှာ ကန်ချက်ကို မိမိရရ ခံလိုက်ကြရပြီး နောက်သို့လန်ထွက်သွားကြရ၏။

ကျန်သုံးယောက်က စင်းပိလျှံထံသို့ပြေးဝင်လာကြပြန်လေသည်။

'ယား'

'ဖြောင်း ခွပ် ဖုန်း'

စင်းပိလျှံက လက်ရှေ ခြေထောက်ပါ မနားတမ်း တိုက်ခိုက်ပစ်လိုက်၏။ သူ၏ လက်ဖဝါးရိုက်ချက်များက လူကြမ်းကြီး နှစ်ယောက်၏နားထင်ဆီသို့လည်းကောင်း၊ ခြေကန်ချက်က လူကြမ်းကြီးတစ်ယောက် ရင်ဝဆီသို့ မြားပစ်သလိုထိုးဝင်သွား၏။

'အမယ်လေးဗျ'

'အား အို'

ထိုလူကြမ်းကြီးသုံးယောက်မှာလည်း စင်းပိလျှံ၏ လက်ချက်ကြောင့် လွင့်စဉ်ထွက်သွားကြရ၏။ လူကြမ်းကြီး ခြောက်ယောက်စလုံး ပြန်မထလာနိုင်ကြတော့ပေ။ လောကကြီးနှင့် ခဏ အဆက်ပြတ်သွားကြပြီဖြစ်လေ၏။





စင်းပိလျှံက ဆိုင်အလုပ်သမားကလေးများအား....

'ဟိတ် ဒီအတ္တဘောကောင်ကြီးတွေကို ဆိုင်အပြင်ဖက်ကို ဆွဲထုတ်သွားလိုက်စမ်း'

'ကောင်းပါပြီခင်ဗျာ'

ဆိုင်အလုပ်သမားလေးများကလည်း လူကြမ်းကြီးများကို အမြင်ကပ်နေကြသည်ဖြစ်ရာ ဖနောင့်နှင့် တစ်ယောက် တစ်ချက်စီ ဝိုင်းပေါက်ရင်း ဆိုင်အပြင်ဖက်သို့ ခြေထောက်များမှ ဆွဲကိုင်ကာ ပစ်လွှင့်ထားလိုက်ကြ၏။

ယခုမှပင် ဆိုင်ထဲမှစားသောက်နေကြသူများမှာ စိတ်အေးလက်အေး စားသောက်နိုင်ကြပြီ ဖြစ်လေ၏၊ ဆိုင်ရှင်က စင်းပိလျှံတို့စားပွဲသို့လျှောက်လာကာ ကျေးဇူးတင်စကားများကို ပြောကြားလိုက်၏။

'ကျေးဇူးတင်လိုက်တာ မောင်ရင်ရယ်၊ ဒီကောင်တွေက ကျုပ်တို့ကို အမြဲဖိုလ်ကျနေကြတာကွယ့်၊ လာပြီး စားသောက်မယ်၊ ငွေလဲမပေးဘူး သောက်စားမူးရူးပြီးရင် ရမ်းကားမယ်၊ ဆိုင်ကိုဖျက်ဆီးမယ်၊ ဒီကောင်တွေက အမြဲ စော်ကားနေကြတာ၊ မောင်ရင်လုပ်လိုက်တာ ဒီကောင်တွေ တော်တော်ဆထိနာသွားတယ်၊ နောင်ကို ဒီနေရာကို လာရဲမှာ မဟုတ်တော့ဘူး....'

ဆိုင်ရှင်၏စကားကြောင့် ယစ်ထုပ်ကြီး၊ ကပ္ပိယကြီးနှင့် ရိုကျင့်စန်း၊ စင်းပိလျံတို့မှာ ရယ်မောမိလိုက်ကြ၏။ ထို့နောက် ဆိုင်ရှင်က ယစ်ထုပ်ကြီးအတွက် အရက်အိုးများ ထပ်မံချပေးလိုက်ကာ....

'ဆရာကြီး၊ ဒီကနေ့ ငွေလုံးဝပေးစရာ မလိုပါဘူး၊ ဆရာကြီး ကျောက အရက်အိုးကြီးထဲမှာလဲ အရက်တွေ ထပ်ပြီးဖြည့်သွားပါဦး'

ယစ်ထုပ်ကြီးက သက်ပြင်းရှိုက်ရင်း....

'အင်း ခင်ဗျားပြောလို့ ခုမှပဲ သတိရတော့တယ်၊ ကျုပ်အရက်အိုးကြီးထဲမှာ အရက်က အတော်လျော့နေတာ၊ အရက်ဖြည့်သွားရမယ်'

ယစ်ထုပ်ကြီးကပြောရင်း အရက်အိုးကြီး၏အဖုံးကိုဖွင့်ကာ အရက်များထပ်ဖြည့်လိုက်၏။

'ကိုင်း သွားကြစို့'

အရက်များ ဖြည့်လိုက်ပြီးနောက် ယစ်ထုပ်ကြီးက စင်းပိလျံတို့အား ပြောကြားလိုက်၏။ ဆိုင်ရှင်က လက်နှစ်ဖက်ဆုပ်ကာ....

'နောင်ကို ကျွန်တော်တို့စားသောက်ဆိုင်မှာ အမြဲဝင်ရောက် စားသောက် တည်းခိုနိုင်ကြပါတယ်၊ ဘာမှ အားမနာကြပါနဲ့ ခင်ဗျာ'





စင်းပိလျံတို့က ဆိုင်ရှင်ကိုနှုတ်ဆက်ကာ ထွက်ခွာလာခဲ့ကြသည်။ သုံးရက်မျှ ခရီးပြင်းနှင်လာခဲ့ကြပြီးနောက် နေမဝင်တောင်သို့ ပြန်ရောက်လာခဲ့ကြ၏။

နေမဝင်တောင်ထိပ်တွင် ရသေ့ကြီး ပြန်ရောက်နှင့်နေပြီး သူတို့ကိုကြိုဆိုစောင့်ဆိုင်းနေသည်ကို တွေ့လိုက်ရ၏။

ရသေ့ကြီးက ယစ်ထုပ်ကြီးတို့သားအဖကို မြင်လိုက်ရလျှင်

'အလို ရိကျင့်ပန်းတို့သားအဖပါလား၊ ခင်ဗျားပါလာပုံထောက်ရင် တောင်အောက်မှာ ပွဲကြီးပွဲကောင်းတွေ ကြုံတွေ့ခဲ့ရတယ် ထင်တယ်'

ယစ်ထုပ်ကြီးက တဟဲဟဲ ရယ်မောရင်းက ရသေ့ကြီးယောင်ရှန်အား ဂါရဝပြုလိုက်၏။ ပြီးမှ....

'ပွဲကြီးပွဲကောင်းတင် ဘယ်ကပါ့မလဲ၊ စင်းပိလျံက သူ့ဘဝအမှန်ကိုပါ သိရှိသွားခဲ့ပြီလေ'

ရသေ့ကြီး ယောင်ရှန်က အံ့ဩဟန် မပြဘဲ ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ကာ သက်ပြင်းရှိုက်ရင်း....

'ကျုပ်မြေးတာ တစ်နေ့ သူ့ဘဝအမှန်ကိုသိသွားလိမ့်မယ်ဆိုတာ ကျုပ် ကြိုတင်သိထားပြီးသားပါ၊ အမှန်တရားဆိုတာ ကြာရှည်ဖုံးကွယ်ထားလို့ မရပါဘူး'

ထို့နောက် ရသေ့ကြီးက စင်းပိလျံအား ပထမဆုံးအကြိမ်အဖြစ်....

'ငါ့မြေး ဘိုးဘိုးဆီကို လှာစမ်းပါဦး'

စင်းပိလျှံမှာ ရင်ထဲတွင် ဆို့နင့်ကာ ရသေ့ကြီးဆီသို့ လျှောက်သွားရင်း ရှေ့တွင် ဒူးထောက်လိုက်၏။ သူက မျက်ရည်များ ကျလာသည်ကို ရသေ့ကြီး မမြင်စေရန် ခေါင်းကို ငုံ့ထားလိုက်၏။

ရသေ့ကြီးက စင်းပိလျှံ၏ နူးညံ့သော ဆံပင်များကို လက်ဖြင့် ပွတ်သပ်ရင်း....

'ငါ့မြေး ဘိုးဘိုးဟာ မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ဘိုးဘိုးတစ်ယောက်ပဲ သိပါတယ်။ ဘိုးဘိုး မင်းကို ဆက်ဆံခဲ့တာအေ မုန်းလို့မဟုတ်ပါဘူး၊ မင်းကို ထူးချွန်စေချင်လို့ပဲ ဖြစ်တယ်၊ ဘိုးဘိုးကို မင်းက အစောကြီးကတည်းက ဘဝမှန် သိသွားခဲ့ရင် သိုင်းပညာဘက်မှာ ထိခိုက်သွားမှာစိုးလို့ ဖုံးကွယ်ထားခဲ့ရတာပဲ၊ ဘိုးဘိုးကို ခွင့်လွှတ်ပါကွယ်'

စင်းပိလျှံက....

'ဘိုးဘိုးကို ကျွန်တော် ခွင့်လွှတ်ပါတယ်၊ ဘိုးဘိုးကလဲ ကျွန်တော့်ကို ဘိုးဘိုးအပေါ်မှာ အထင်အမြင် လွဲမှားခဲ့တဲ့ အတွက် ခွင့်လွှတ်ပါ'

'ထားလိုက်ပါ ငါ့မြေး'

ထို့နောက် မြေးအဘိုးနှစ်ယောက်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မဝသော အကြည့်နှင့် ကြည့်ရင်း တင်းကျပ်စွာ





ဖက်ထားလိုက်ကြ၏။ ယစ်ထုပ်ကြီး ရီကျင့်ပန်းနှင့် ကုပ္ပိယကြီးတို့ မြေးအဘိုးနှစ်ယောက်ကို ကြည့်ကာ ပီတိဖြစ်နေကြရလေသည်။

အတန်ကြာမှ မြေးအဘိုးနှစ်ယောက်တာ လူချင်းခွဲလိုက်ကြ၏။ စင်းပိလျှံက ရသေ့ကြီးအား....

'ဘိုးဘိုး ကျွန်တော့်ပေပေနဲ့ မေမေ ဘယ်ရောက်နေပါသလဲ'

ရသေ့ကြီးက သက်ပြင်းရှိုက်ရင်း....

'မင်းမေမေ့ကိုတော့ တွေ့ထားပြီးပြီ၊ မင်းပေပေကိုတော့ ရှာမတွေ့ရသေးဘူး'

'ဟင်'

သူ့မိခင် ရှာတွေ့ထားပြီဆိုသော စကားကြောင့် စင်းပိလျှံမှာ အလွန် အားရဝမ်းသာ ဖြစ်သွားရကာ ရသေ့ကြီးကို တောက်လက်သော မျက်ဝန်းအစုံဖြင့် ကြည့်ရင်း....

'ဘိုးဘိုး ကျွန်တော့်မေမေနဲ့ တွေ့ပါရစေ၊ ကျွန်တော် လူမှန်းသိခဲ့ရကတည်းက အမေဆိုတာ တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး၊ အမေလို့ ခေါ်ချင်လိုက်တာ ဘိုးဘိုးရယ်၊ ကျွန်တော့်မေမေ အခု ဘယ်မှာလဲဟင်၊ မေမေ့ဆီကို ကျွန်တော့်ကို လိုက်ပို့ပေးပါလား'

ရသေ့ကြီးက သိုက်ပြင်းရှိုက်လိုက်ပြန်ရင်း....

'ဘိုးဘိုးဟာ အစောကြီးကတည်းက ငါ့မြေးစိတ်တွေ ပျော့ညံ့သွားမှာစိုးလို့ ဒီအကြောင်းတွေကို ဖုံးကွယ်ထားခဲ့တာပဲ၊ အခု ဒီအကြောင်းတွေ သိရတော့ ငါ့မြေးရဲ့ စိတ်ဓာတ်တွေဟာ ဖယောင်းလို ပျော့သွားရပြီ မဟုတ်လား၊ မင်းမေမေဆီကို ဘိုးဘိုး အခု လိုက်မပို့နိုင်သေးဘူးကွယ့်'

'ဟင် ဘာဖြစ်လို့လဲ ဘိုးဘိုး'

'ဘိုးဘိုးက မင်းမေမေနဲ့ မင်းဖေဖေကို ကတိတစ်ခု ပေးထားခဲ့လို့ပေါ့ကွယ်၊ အဲဒီကတိက ဘာကတိလဲဆိုတော့ မင်းကို ဘိုးဘိုးက သိုင်းပညာ သင်ကြားပေးမယ်၊ အဖက်ဖက်က ပြည့်စုံတဲ့ သိုင်းသမားတစ်ယောက်၊ ဖြစ်လာတော့မှ ဘိုးဘိုးကိုယ်တိုင် မင်းကို မင်းမေမေလက်ထဲ ပြန်အပ်မယ်ဆိုတာပဲ၊ အခု ငါ့မြေးဟာ အဖက်ဖက်က ပြည့်စုံတဲ့ သိုင်းသမားတစ်ယောက် မဟုတ်သေးဘူး၊ ငါ့မြေးမှာ သိုင်းပညာ အထွတ်အထိပ်ရောက်နေပေမယ့် ဘယ်အချက်က အရေးတကြီး လိုအပ်နေတယ်ဆိုတာ ငါ့မြေး ရိပ်မိမှာပေါ့'

စင်းပိုလျံက....

'ကျွန်တော် သိပါတယ် ဘိုးဘိုး၊ ကျွန်တော့်မှာ လိုအပ်နေတာက သံမဏိငှက် မဟုတ်လား'

ရသေ့ကြီးက စင်းပိုလျံကို ချီးကျူးသောမျက်လုံးအစုံဖြင့် ကြည့်လိုက်ရင်းက....





'ငါ့မြေးကလဲ တယ်လဲ မှတ်ဉာဏ်ကောင်းပြီး တယ်လဲ အကင်းပါးပါလား၊ ငါ့မြေးပြောတာ မှန်တယ်၊ အခု ငါ့မြေးမှာ လိုအပ်နေတာ သံမဏိငှက်ပဲ၊ ဒီသံမဏိငှက်သာ ငါ့မြေးရမယ်ဆိုရင် ငါ့မြေးကို သိုင်းလောကမှာ ဘယ်သူမှ ယှဉ်နိုင်မှာ မဟုတ်တော့ဘူး၊ ဒီသံမဏိငှက်ကို ရရင် နောက်ပိုင်းအဆင်ပြေတဲ့နေ့မှာ မင်းမေမေဆီကို ဘိုးဘိုးကိုယ်တိုင် မင်းကို လိုက်ပို့ပေးမှာပေါ့ကွယ်'

ယစ်ထုပ် သိုင်းသမားကြီးက မျက်ခုံးနှစ်ဖက် မြှင့်လိုက်ရင်း...

'သံမဏိငှက် ဟုတ်လား၊ အဲဒီငှက်ကို ကျွန်တော်လဲ ကြားဖူးတယ်၊ ဒီငှက်က ဒဏ္ဍာရီပုံပြင်ထဲက ငှက်တစ်မျိုးပဲ၊ ဒီငှက် အပြင်မှာ တကယ်ရှိလို့လား'

ရသေ့ကြီးက ခေါင်းတစ်ချက်ဆတ်လိုက်ရင်း တည်ကြည်လေးနက်သော လေသံဖြင့်....

'သံမဏိငှက်ဟာ အပြင်လောကမှာ တကယ်ရှိနေပါတယ်၊ ဒီငှက်ဟာ တစ်နှစ်မှာ သုံးလလောက် အိပ်စက်နေလေ့ရှိတယ်၊ ဒီငှက်ဟာ ဒီတောင်ထိပ်ကို တစ်နှစ်တစ်ကြိမ် လာပျော်မြူးလေ့ရှိတယ်၊ သံမဏိငှက်လာတုန်းက စင်းပိုလျံကို ခေါ်ပြခဲ့ပြီးပြီ'

စင်းပိုလျံက ယစ်ထုပ်သိုင်းသမားကြီးအား....

'ဟုတ်တယ်ဘဘ၊ သံမဏိငှက်ဟာတစ်ကိုယ်လုံးအရောင်တွေ တဖိတ်ဖိတ်တောက်နေပြီး အရမ်းလှတာပဲ၊ ဗိုင်းငှက်ဟာ ပျံသွားတော့ တောင်ကိုတောင် ဖောက်ထွက်ပျံသန်းသွားတယ်'

'ဟင်'

'အို'

ကြားလိုက်ရသောစကားကြောင့် ယစ်ထုပ်သိုင်းသမားကြီးနှင့် ရိကျုင့်စန်းတို့မှာ မျက်လုံးကလေးများ ဝိုင်းစက်ကာ တအံ့တဩဖြစ်သွားကြရ၏။ ကပ္ပိယကြီးကလည်း....

'ဟုတ်ပါတယ်၊ သံမဏိငှက်ဟာ တကယ်ပဲ ရှိပါတယ်၊ ဒါကို ဘယ်သူမှ မမြင်ဖူးတော့ မယုံကြည်ခဲ့ကြပါဘူး'

ရသေ့ကြီးက...

'သံမဏိငှက်ရဲ့အသားကို စားရင် ခန္ဓာကိုယ်ဟာ သံမဏိလိုမာကျောပြီး သန်မာ ထွားကျိုင်းလာလိမ့်မယ်၊ သွေ့သွေးကိုသောက်ရင် လျင်မြန်ပေါ့ပါးပြီး အဆိပ်အမျိုးမျိုးကို နိုင်နင်းတဲ့အပြင် ခန္ဓာကိုယ်ဟာ ဖက်ရွက်တစ်ရွက်လို ပေါ့ပါးသွားနိုင်တယ်'

'သံမဏိငှက်ကို ကျွန်တော် ဘယ်နေရာမှာ သွားပြီး ရှာဖွေဖမ်းဆီးရမလဲ ဘိုးဘိုး'





ရသေ့ကြီးမှာ တစ်ချက် စဉ်းစားလိုက်ပြီး....

'သံမဏိငှက်ဟာ ဗီတောင်ကြီးတစ်တောင်မှာ ရှိနေတယ်၊ တောင်တစ်တောင်လုံးက ကျောက်သားပကတိကျောက်တောင်ကြီးပဲ၊ အင်မတန် မတ်စောက်ချောမွတ်နေတယ်၊ ယစ်ထုပ်ကြီးနဲ့ကပ္ပိယကြီးတို့က စင်းပိကျုံကို အဖော်အဖြစ် လိုက်သွားကြပါ၊ လာမယ့် လပြည့်ညဟာ သံမဏိငှက် စပြီး အိပ်တန်းတက်မယ့်ညပဲ၊ အဲဒီ လပြည့်ညမှာ သူဟာ ကျောက်ဂူထဲက ဝပ်ကျင်းမှာ ခေါင်းစိုက်ပြီး စပ်နေလိမ့်မယ်'

စင်းပိကျုံက တစ်ချက် စဉ်းစားလိုက်ရင်း....

'သံမဏိငှက်ဟာ ခါးလုံမတိုးဘူးဆိုတော့ ကျွန်တော်တို့က ဘယ်လိုဖမ်းရမှာလဲ၊ တော်ကြာ ကျွန်တော်တို့ကိုတောင် ဖောက်ထွက်သွားဦးမယ်'

ရသေ့ကြီးက ချက်ချင်းပင် ကပ္ပိယကြီးအား သေတ္တာကြီးတစ်လုံး သွားရောက် ယူဆောင်စေလိုက်၏။ ကပ္ပိယကြီးအား သေတ္တာကြီးတစ်လုံးကို ကျောင်းထဲမှ သွားရောက် ယူဆောင်လာ၏။

ရသေ့ကြီးက သေတ္တာအဖုံးကိုဖွင့်ကာ အတွင်းမှ တဖိတ်ဖိတ် တောက်လက်နေသော လေးကြီးတစ်လက်ကို ထုတ်ယူလိုက်ပြီး....

'ဒီလေးကြီးဟာ သံမဏိငှက်ကို ခွင်းနိုင်မယ့်လေးကြီးပဲ၊ မြားတံဆ သုံးချောင်းပဲရှိတယ်၊ မြားတံသုံးချောင်းဟာ မင်းရဲ့ ဆံကြိုးမှာပဲ၊ ငါမင်းကို အသေအချာ မှာကြားချင်တာက တော့ မြားတံသုံးချောင်းမြောက်မှာ သံမဏိငှက်ကိုထိအောင် ပစ်ဖို့ပဲ၊ မြားတံသုံးချောင်းမှာမှ မထိရင် သံမဏိငှက်ဟာ မင်းရဲ့အဆည်းနှလုံးကို ဖောက်စားသွားမှာပဲ'

ရသေ့ကြီးက အသေအချာမှာကြားရင်း ရှည်လျား ချွန်ထက် လေးလံလှသော မြားသုံးစင်းကို စင်းပိလျံအား သေတ္တာကြီးအတွင်းမှ ထုတ်ပေးလိုက်၏၊ ရသေ့ကြီးက လေးကြီးထက်တွင် မြားတင်ပုံတင်နည်း ပြသလိုက်ရာ....

'ဒီလေးကြီးဟာ တစ်ချိန်က ဒီတောင်မှာသီတင်းသုံးခဲ့တဲ့ ရသေ့ကြီး ယန္တစန်ကျုံ ကိုင်ဆောင်ခဲ့တဲ့ လေးကြီးဖြစ်တယ်၊ သူက သံမဏိငှက်ကိုပစ်ဖို့ ဒီလေးကြီးနဲ့ မြားသုံးချောင်းကို ပြုလုပ်ခဲ့တယ်၊ လေးနဲ့မြားပြုလုပ်ပြီးကာမှ ရသေ့ကြီးယန္တစန်ကျုံဟာ ကွယ်လွန်အနိစ္စရောက်ခဲ့တယ်၊ သူမသေခင်မှာ ငါ့ကို ပေးအပ်ပြီး သံမဏိငှက်ကို လက်ရဖမ်းဖို့ မှာကြားခဲ့တယ်၊ တစ်ခါ ငါက စင်းပိလျံအရွယ်ရောက်တဲ့အထိ စောင့်ဆိုင်းနေခဲ့တာပဲ၊ ဒါဟာ သံမဏိငှက်အတွက် ကံကောင်းနေတယ်လို့ ဆိုရမှာပေါ့၊ ရသေ့ကြီးပြောသွားပုံအရဆိုရင် ဒီမြားတွေကို လေးညှို့ပေါ်ကနေ ပစ်လွှတ် လိုက်ရင် ကျောက်တောင်ကို တောင် ဖောက်ထွက်သွားနိုင်တယ်လို့ ပြောတယ်၊ ဟုတ်မဟုတ်





ဆိုတာ သံမဏိငှက်ကို ပစ်တဲ့အချိန်ကျမှ မင်း လက်တွေ့မြင်ရတော့မှာပဲ'

ယစ်ထုပ်သိုင်းသမားကြီးနှင့် သမီးရီကျင့်စန်း၊ ကပ္ပိယ ကြီးတို့မှာ ကြီးမားသော လေးနှင့်မြားတံများကို ကြည့်၍ စာအံ့တသြ ဖြစ်နေကြရ၏။ မြားတံများမှာ ချွန်ထက်အော ပြောင်လက်တောက်ပနေကြ၏။

ယစ်ထုပ်သိုင်းသမားကြီးက....

'ဒီလေးမြားနဲ့သာခွင်းလိုက်ရရင် ဘာမှခံနိုင်မှာမဟုတ်ဘူး၊ တီထွင်တဲ့ရသေ့ကြီးကို တအံ့ယံ့ပဲချီးကျူးဖို့ ကောင်းတယ်၊ လေးနဲ့မြားက တကယ်တောင်းတာပဲ'

ကပ္ပိယကြီးက....

'သိပ်လဲချီးကျူးမနေနဲ့ဦး၊ မြားက ပစ်စရာဆိုလို့သုံးစင်းပဲ ရှိတယ်၊ စင်းပိလျံကသာ ဒီမြားသုံးစင်းနဲ့မှ သံမဏိငှက်ကို အပြတ်မရှင်းနိုင်ရင် ခင်ဗျားရောကျုပ်ပါ ကျိန်းသေ ကိစ္စချောမှာပဲ'

ကပ္ပိယကြီး၏စကားကြောင့် အားလုံးမှာ ရယ်မောမိလိုက်ကြတော့၏။

ထို့နောက် ထိုနေ့ညစာအတွက် ကပ္ပိယကြီးနှင့် ရီကျင့်စန်းတို့က စီမံချက်ပြုတ်ကာ တပျော်တပါး စားသောက်လိုက်ကြ

လေ၏ရှေသော့ကြီးမှာမူ ညစာစားသောက်ခြင်း မပြုပေ။လက်ဖက်ရည်ကြမ်းကိုသာ သုံးဆောင်ဘုဉ်းပေးနေလိုက်၏။

• • •

တောပန်းရနံ့ကလေးများက မွှေးကြိုင်သင်းပျံ့လျက် ရှိနေ၏။

စမ်းရေစီးသံလွှင်လွှင်ကလေးကလည်း မှန်မှန်ကလေးကြားနေရ၏။ ပန်းရိုင်းခင်းကြီးများထက်တွင်လိပ်ပြာရောင်စုံကလေးများနှင့် ငှက်ကလေးများက ဝဲပျံမြူးတူးလျက် ရှိနေကြ၏။

နှံနှက်ခင်းနေခြည်နုနုတွင် လူရွယ်နှစ်ယောက်က ယှဉ်တွဲလျှောက်လာကြ၏။ တစ်ယောက်က စင်းပိလျ ဖြစ်ပြီး တစ်ယောက်မှာ မိန်းမချောလေး ရီကျင့်စန်းပင်ဖြစ်ပေ၏။

စင်းပိလျက ရီကျင့်စန်းကို နေမဝင်တောင်ထိပ်၌သာယာလှပသော နေရာများကို လိုက်လံပြသနေခြင်းပင် ဖြစ်၏။

နေခြည်နုနုသည် ရီကျင့်စန်း၏ ဝင်းပသော မျက်နှာထက်သို့ ဖြာကျနေပြီး လေနုအေးကြောင့် နပူးဆံစကလေးများကလေပြည်ထဲတွင် လှုပ်ခတ်လျက် ရှိနေ၏။





စင်းပိလျမှာ မိန်းမချောလေး ရီကျင့်စန်းကို ဝ တစ်ချက် စောင်းငဲ့ကြည့်နေမိတတ်၏။ သူ့ဘဝတွင် မိန်းမချောတစ်ယောက်နှင့် ရင်းနှီးစွာ တစ်ခါမှ နီးနီးကပ်ကပ်ကို မနေခဲ့ဖူးပေ။

စင်းပိလျ စိတ်လှုပ်ရှားနေသကဲ့သို့ မိန်းမချောလေးရီကျင့်စန်းမှာလည်း ယောကျ်ားပီသကာ ခံ့ညားသည့် စင်းပိလျကြောင့် စိတ်ကလေးများ လှုပ်ရှားကာ တစ်ချက်တစ်ချက်ရင်ခုန် နေမိရ၏။ သူမကလည်း ယခုလို ယောကျ်ားပျိုတစ်ဦးတရှိုစာ တစ်ယောက်နှင့် တွဲသွားတွဲလာတစ်ခါမှ မပြုမူခဲ့ဖူးပါချေ။

ရီကျင့်စန်း၏မျက်နှာကလေးမှာ ပန်းရောင်လွှမ်းနေသဖြင့်ပို၍ ကြည့်ကောင်းနေရ၏။

'ဝုန်း'
'အိုး'

ရုတ်တရက် ကျောက်ထရံကြီးတစ်ခုထက်မှ မျောက်ဖြူကြီးတစ်ကောင်က ခုန်လွှား ဆင်းလာသဖြင့် ရီကျင့်စန်းမှာ အထိတ်တလန့်ဖြစ်သွားကာ စင်းပိလျအနီး အမှတ်မထင် တိုးကပ်မိလိုက်၏။

စင်းပိလျကလည်း အမှတ်မထင် ကိုယ်ကို ယိမ်းလိုက်ကာ ရီကျင့်စန်းမှာ စင်းပိလျ၏ ရင်ခွင်တွင်းသို့ ကျရောက်သွားရတော့၏။

စင်းပီလျံက ရယ်မောကာ မျောက်ဖြူကြီးကို ညွှန်ပြရင်း.... ဟက်ဆီမ ဘာမှမကြောက်ပါနဲ့၊ ဘွန်ဘွန်က အစ်ကိုတို့ကို ရန်မလုပ်ပါဘူး၊ သူက အစ်ကို့အတွက် ငှက်ပျောခိုင်လာပေးတာပါ'

ထိုအခါကျမှ ရီကျင့်စန်းမှာ မျက်နှာကလေး ရဲရဲနှင့် စင်းပီလျံ ရင်ခွင်ထဲမှ ရုန်းထွက်လိုက်ပြီး ကြည့်လိုက်ရာ မျောက်ဖြူကြီးသည် ငှက်ပျောခိုင်ကြီးတစ်ခိုင်ကိုင်ရင်း သွားများ ဖြီဖြီနေသည်ကို တွေ့မြင်လိုက်ရ၏။

မျောက်ဖြူကြီးက စင်းပီလျံအနီးသို့ ကုန်းကုန်းကွကွနှင့် လျှောက်လာကာ တခွီးခွီး အသံပြုလိုက်၏။

စင်းပီလျံက မျောက်ဖြူကြီး၏ ဦးခေါင်းကို ပွတ်သပ်ပေးရင်း....

'ဘွန်ဘွန် သူကငါ့မိတ်ဆွေ မှတ်ထားနော်၊ မင်းတို့သူ့ကို ရန်မလုပ်ရဘူး၊ စောင့်ရှောက်ရမယ်'

မျောက်ဖြူကြီးဘွန်ဘွန်မှာ တဝှီးဝှီးအသံပြုရင်း ငှက်ပျောခိုင်ကြီးကို မြေပေါ်သို့ချထားလိုက်၏။ ပြီးနောက် စင်းပီလျံနှင့် ရီကျင့်စန်း၏ လက်များကိုနမ်းရှုပ်ကာ ငှက်ပျောခိုင်ပေးအပ်ပြီး ကျောက်ထရံကြီးအထက်သို့ ပြန်လည် ပြေးတက်သွားတော့၏။





စင်းပီလျံက မျောက်ဖြူကြီးကိုညွှန်ပြရင်း—

'ဒီတောင်ထိပ်မှာ မျောက်ဖြူကြီးတွေရှိကြတယ်၊ အစ်ကိုက ငယ်ငယ်လေးကတည်းက ရောက်နေတာဆိုတော့ ကစားဖော် ကစားဖက်တွေက ဒီမျောက်ဖြူကြီးတွေပဲ ရှိတယ်၊ ဘွန်ဘွန်က အစ်ကို ငယ်ငယ်လေးကတည်းက ကစားခဲ့တဲ့အဖော်တွေပဲ၊ သူတို့က အစ်ကို့ကို သိပ်ချစ်တာ'

မျောက်ဖြူကြီး ဘွန်ဘွန်က လက်များဝေ့ယမ်းနှုတ်ဆက်ကာ ပျောက်ကွယ် သွား၏။ စင်းပီလျံက ရီကျင့်စန်းကို တဝေါ်ဝေါ်စီးဆင်းကျနေသော ရေတံခွန်ကြီးတစ်ခု အနီးသို့ ခေါ်ဆောင်လာခဲ့၏။ ရေအိုင်ကြီးအတွင်းတွင် ရောင်စုံငါးကလေးများက ချစ်စဖွယ် ကူးခတ်နေကြ၏။

သူတို့နှစ်ယောက်က ကျောက်တုံးကြီးတစ်တုံးအထက်တွင် အတူယှဉ်တွဲထိုင်လိုက်မိကြ၏။ သူတို့၏ဝန်းကျင်မှာ အလွန်သာယာလှပလျက်ရှိနေလေ၏။

'ဒီနေရာလေးက အတော်သာယာလှတာပဲနော်'

ရီကျင့်စန်းက ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်းက ပြောလိုက်၏။ စင်းပီလျံက....

'ဟုတ်တယ်၊ ဒီနေရာက နေမင်းတောင်ထိပ်မှာအလှဆုံးနဲ့ အသာယာဆုံးနေရာပဲ၊ ဒီနေရာထက် သာယာလှပတဲ့နေရာ

နေမဝင်တောင်ထိပ်မှာမရှိတော့ဘူး၊ ရေထဲမှာ ငါးကလေး
တွေလဲရှိတယ်'

ရီကျင့်စန်းက ရေထဲမှငါးကလေးများကို ကြည့်ရင်း...

'ငါးတွေကလဲ အများကြီးပဲနော်၊ ရောင်စုံကျောက်ငါး
ကလေးတွေပဲ'

စင်းပီလျံက ငါးကလေးများကို လက်ခုပ်ဖြင့် ခပ်ယူကာ
ရီကျင့်စန်းအား ပေးအပ်လိုက်ရင်း...

'ဒီမှာကြည့်ပါလား၊ ငါးကလေးတွေက သိပ်ချစ်စရာ
ကောင်းတာပဲ'

ရီကျင့်စန်းက ငါးကလေးများကို လက်ခုပ်ထဲ ထည့်လိုက်
ကာ...

'ဟုတ်တယ်ဗျာ၊ တစ်ကောင်နဲ့တစ်ကောင်လဲ မတူကြဘူး၊
သိပ်လှတာပဲ'

ရီကျင့်စန်းမှာ တအံ့တသြပြောလိုက်မိ၏။ ရေတံခွန်မှ ကျ
လာသော ရေများမှာ ရေအိုင်ကြီးတစ်အိုင်ဖြစ်ပေါ်ကာ ရေ
မှာ ကြည်လင်စိမ်းပြာလျက်ရှိနေ၏။ စင်းပီလျံက ကျောက်စရစ်
ခဲကလေးများကောက်ယူကာ ရေထဲသို့ ပစ်ချရင်း....

'ဒီပတ်ဝန်းကျင်ထက် လှတဲ့အရာတစ်ခုရှိတယ်၊ သူ့အလှကို
ဒီရှုခင်းတွေက လိုက်မမီပါဘူး'





'ဘယ်မှာလဲဟင်'

ရီကျင့်စန်းက တအံ့တသြမေးလိုက်မိ၏။ စင်းပီလျံ
ထံမှ ထင်ဟပ်နေသည့် ရီကျင့်စန်း၏ရုပ်ပုံလွှာကို ညွှန်ပြ
ကာ....

'ဟိုမှာလေ အလှနတ်သမီးလေး'

'အို'

ရီကျင့်စန်းမှာ မျက်နှာကလေး ရဲတက်သွားရကာ အာမေ
ဋိတ်သံ ထွက်သွားရ၏။ သူမက ခေါင်းကလေး ငုံ့လိုက်ကာ...

'ကျွန်မက ဒီလောက်မလှပါဘူးရှင်၊ ကျွန်မထက်လှတဲ့
ချောတဲ့ မိန်းကလေးတွေ အများကြီးရှိပါတယ်'

စင်းပီလျံက....

'ညီမထက် ချောတဲ့လှတဲ့မိန်းကလေး မရှိနိုင်တော့ပါဘူး၊
အစ်ကို့အမြင်မှာတော့ ညီမဟာ အလှဆုံးပါပဲ'

ရီကျင့်စန်းမှာ ရှက်သွေးကလေးများဖြာကာ မျက်နှာက
လေးပါမက ဖြူဝင်းသောလည်တိုင်က လေးပါ နီရဲသွားရ၏။
အတန်ကြာ စကားစပြတ်သွားကြရ၏။ ရီကျင့်စန်းက သက်
ပြင်းကလေး ရှိုက်သိုက်ရင်း...

နေမဝင်ကျွန်းမှာ ဆောင်ရွက်စရာတွေ အများကြီး ရှိနေပါ တော့လည်း။ သံမဏိနှက်ကိစ္စ နေစကြာဂိုဏ်းကိစ္စတွေ ဆောင်ရွက်မယ်၊ ဒီကိစ္စတွေပြီးမှ ဒီစကားတွေကို ပြောပါလား အစ်ကိုရယ်'

စင်းပီလျံက တည်ကြည်လေးနက်သော လေသံဖြင့်....

'ဟုတ်ပါတယ်၊ အစ်ကို ဒါတွေကို သိပါတယ်၊ ဒါပေမယ့် အစ်ကို့နှလုံးသားထဲက ပေါက်ကွဲ ထွက်လာတဲ့ စကားတွေကို စောင့် မျိုသိပ်နိုင်စွမ်း မရှိပါဘူး၊ ဒီအတွက် အစ်ကို့ကို ခွင့်လွှတ်ပါ'

'ခွင့်လွှတ်ပါတယ် အစ်ကိုရယ်၊ အစ်ကို့ကို ညီမ နားလည်ပါတယ်၊ ညီမပြောသလိုပဲ အစ်ကို့ မိဘတွေအတွက် ဆောင်ရွက်စရာတွေ အများကြီး ရှိနေတော့ ဒီစကားတွေကို နောင်အခါကျမှ ပြောဖို့ ညီမက သတိပေးမိတာပါ၊ ကိုင်း ပြန်ကြစို့ နော် အစ်ကို'

ရဲကျော့စန်းက စင်းပီလျံကို ကြင်နာစွာဖြင့် ပြောလိုက်၏။ စင်းပီလျံက ရဲကျော့စန်း၏ လက်ဖဝါး နုနုအလေးကို ဆုပ်ကိုင်လိုက်၏။ ရဲကျော့စန်းကလည်း စင်းပီလျံ၏ လက်ကို ပြန်လည် ဆုပ်ကိုင်လိုက်၏။ ထို့နောက်နှစ်ယောက်သား လက်ချင်းဆက်ကာ ရသေ့ကျောင်းသို့ ပြန်လာခဲ့ကြတော့၏။



(၁၂)

ခရီးထွက်ရန် နေ့ရက်အား ကျရောက်ခဲ့လေပြီ။ သံမဏိနှက် ရှိနေသည့် မြေမည်းတောင် သို့မဟုတ် မဟူရာတောင်သို့ ခရီးထွက်ရတော့မည်ဖြစ်၏။ လပြည့်ညက သိပ်မလိုတော့ပေ။

လပြည့်ညတွင် သံမဏိနှက်ကို အမိအရ ဖမ်းယူကြရမည်ဖြစ်ပေ၏။ သံမဏိနှက်ကို ဖမ်းယူရာတွင် မြားသုံးစင်းသာ သုံးစွဲခွင့် ရှိနေပေ၏။ ထို့ကြောင့် မြားသုံးစင်းတည်းနှင့် ထိမှန်အောင် ပစ်ခတ်ရမည် ဖြစ်ပေ၏။

စင်းပီလျံ၊ ယာစ်ထုပ်သိုင်းသမားကြီး ရဲကျော့ပန်းနှင့် ကပ္ပိယကြီး ငေါ့ကျစ်ဟုန်တို့သည် နေမဝင်တောင်ကြီး၏အနောက်

ဖက်သို့ တောတောင်လျှိုမြောင်များကို ဖြတ်ကာ ခရီးကြမ်း နှင်လာခဲ့ကြ၏။

ကျောင်းတွင် ရသေ့ကြီး ယောင်ရှန်နှင့် ရိုကျင့်စန်းတို့ ကျန်ရစ်ခဲ့ကြ၏။

ရိုကျင့်စန်းမှာ စင်းပိလျံကို လက်ကလေးဟပြပြနှင့် နှုတ်ဆက်ကျန်ရစ်ခဲ့ရရှာ၏။ ရိုကျင့်စန်းနှင့် စင်းပိလျံတို့ လူငယ်ဘာသာ မေတ္တာမျှနေကြပြီကို လူကြီးများက အကဲခတ်မိလိုက်ကြ၏။

သို့သော် လူကြီးများက သဘောတူထားပြီဖြစ်၍ မသိဟန်ဆောင်ကာ ဘာမှမပြောဘဲ နေလိုက်ကြ၏။

စင်းပိလျံကလည်း ရိုကျင့်စန်းကို လက်ဝှေ့ယမ်းပြကာ ထွက်ခွာလာခဲ့ရ၏။ သူနှင့်အတူ ရိုကျင့်စန်း၏ ဖခင် ယစ်ထုပ်သိုင်းသမားကြီးရိုကျင့်ပန်းနှင့် ကပ္ပိယကြီး ငေါ့ကျင်ဟွန်တို့ လိုက်ပါလာကြ၏။

တောသည် နက်သည်ထက် နက်လာကာ ကျားဟိန်းသံ၊ သမင်တောက်သံ၊ မျောက်အော်သံများကိုပင် တဖြည်းဖြည်း ကြားလာရ၏။ ကျားဟိန်းသံများကို တစ်ခါတစ်ခါ နီးကပ်စွာ ကြားလိုက်ရသော်လည်း ကျားကိုမူ မမြင်ရပေ။





စင်းပိလျံသည် ရသေ့ကြီး ပေးလိုက်သော လေးကြီးကို လက်တစ်ဖက်တွင် ကိုင်ဆောင်ထား၏၊ မြားသုံးစင်းကို ကျောတွင် ဘူးဖြင့် ထည့်ကာ လွယ်ထား၏။

ရသေ့ကြီးက လေးနှင့် မြားများကို ပေးအပ်လိုက်သော အချိန်တွင် စင်းပိလျံကို အသေအချာ မှာကြားလိုက်၏၊

'စင်းပိလျံ၊ အခု ငါမှာကြားလိုက်တာတွေကို တစ်သဝေမတိမ်း လိုက်နာပါ၊ သံမဏိငှက်ဟာ ရိုးရိုးငှက် မဟုတ်ဘူး၊ အင်မတန်မှ အစွမ်းထက်တဲ့ ငှက်ဖြစ်တယ်၊ သူ့ မီးပုံထဲသင်းရင် သတိထားပါ၊ သူ့ တစ်ကိုယ်လုံး မီးလုံးကြီး ဖြစ်ပြီး ထိုးတက်လာတာနဲ့ မြားနဲ့ တအားဆွဲပြီး ပစ်ပေတော့၊ ဒီကောင်ဟာ မြားတစ်ချက်တည်းနဲ့တော့ ကျမှာ မဟုတ်ဘူး၊ ဆက်တိုက်သာ ပစ်ပေတော့၊ မြားသုံးချက်အထိတော့ ဒီကောင် ခံနိုင်မှာ မဟုတ်ဘူး၊ သံမဏိငှက်ရရင် ကြာကြာ မထားနဲ့ မြန်မြန်သာ စားပစ်လိုက်ပေတော့'

ရသေ့ကြီးက သူ၏ မြေးဖြစ်သူအား အသေအချာ မှာကြားလိုက်သော စကားများကို စင်းပိလျံမှာ နားထဲတွင် ပြန်လည် ကြားယောင်လာရ၏၊

သူတို့ သုံးယောက်သည် တစ်တောင်ပြီးတစ်တောင် တက်နေရသလို တစ်တောပြီးတစ်တော ဖြတ်သန်းနေကြရ၏။ တော

အုပ်ကြီးများမှာ အထူး နက်ရှိုင်းသော သစ်ရဲ့တီရစ္ဆာန်များ ပေါ်များလှ၏။

သားရဲ တိရစ္ဆာန်များ ပေါများသည့်အတွက် သူတို့အဖို့ စားရေရိက္ခာ မပူရတော့ပေ။ ယစ်ထုပ်သိုင်းသမားကြီးက သူ၏မြားဖြင့် ပစ်လိုက်ရာ ရေသောက်ဆင်းလာသည့် သမင် တစ်ကောင် ရလိုက်၏။

သမင်သားများကို ဖျက်ပြီး ယူဆောင်လာခဲ့ကြ၏။

'ဝေါင်း'
'ဝှီး'
'အာဝု'

ရုတ်တရက် အနက်နှင့်အဝါ အစင်းကျားကြီးတစ်ကောင်က ကျောက်ဆောင်ကြီး တစ်ခုအထက်မှ ထွက်ပေါ်လာပြီး စင်းပိလျှံ၏ ကိုယ်ပေါ်သို့ ခုန်အုပ်ချလာရာ စင်းပိလျှံက အောက်မှပင့်ပြီး လေပွေဓားချက်ဖြင့် တိုက်ခိုက်ပစ်လိုက်၏။

'ဝေါင်း'

ကျားကြီးမှာ ဝမ်းဗိုက်ပွင့်ကာ အူများအခွေလိုက် ထွက်သွားရပြီး မြေပေါ်သို့ ဘုန်းခနဲပြုတ်ကျသွားရ၏။ ယစ်ထုပ်သိုင်းသမားကြီးနှင့် ယပ္ပိယကြီးတို့မှာ စင်းပိလျှံ၏ ဓားစွမ်းကို ကြည့်ကာ တအံ့တသြ ချီးကျူးမိလိုက်ကြ၏။





ကျားကြီးမှာ မြေပေါ်တွင် လူးလှိမ့်ကာ ကိုက်မိကိုက်ရာ ကိုက်ရင်း အသက်ပျောက်သွားရတော့၏။ ထို့နောက် သုံးယောက်သား ခရီးဆက်ခဲ့ကြ၏။

သုံးရက်မျှ တောအထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်ကျော်ခဲ့ကြပြီးနောက် ညနေစောင်းအချိန်လောက်တွင် သူနှင့်သည် မဟူရာတောင်ခေါ် မြေမည်းတောင်ကြီး၏ ခြေရင်းသို့ရောက်ရှိလာခဲ့ကြ၏။

ဝင်လုဆဲ နေရောင်အောက်တွင် မဟူရာတောင်ကြီးသည် ရွှေရည်များသွန်းလောင်းထားသကဲ့သို့ တွေ့မြင်နေရ၏။

မဟူရာတောင်ကြီးမှာ ကျောက်တောင်ကြီးတစ်တောင်ဖြစ်သော တောင်တက်လမ်းဟူ၍ မရှိဘဲ တောင်ကြောတစ်လျှောက်မှာ မတ်စောက်ချောမွတ်လျက်ရှိနေ၏။

စင်းပိလျှံ၊ ယစ်ထုပ်သိုင်းသမားကြီးနှင့် ကပ္ပိယကြီးတို့မှာ ကိုယ်ဖော့ပညာများ တတ်ကျွမ်းထားသဖြင့် တောင်ပေါ်သို့ တက်ရန် အခက်အခဲမရှိပေ။

လပြည့်ညရောက်ရန်မှာ တစ်ရက်လိုသေးသဖြင့် သူတို့သည် ရောက်သည့်နေ့တွင် တောင်ပေါ်သို့ မတက်ကြဘဲ တောင်ခြေမှာ တစ်ညတာ စခန်းချလိုက်ကြ၏။

ညဖက်တွင် တောင်ပေါ်မှထူးဆန်းသောအသံများကြား နေရပြီး မီးရောင်များ တဝင်းဝင်းတလက်လက်နှင့် ပျံသန်းသွားလာနေသည်ကို တွေ့မြင်လိုက်ရ၏။ ကပ္ပိယကြီးက....

'ဒါဟာ သံမဏိငှက် ပျော်မြူးနေတာပဲဖြစ်ရမယ်၊ မနက်ဖြန်ညဆို ဒီကောင် သူ့အသိုက်ထဲပြန်ဝင်တော့မှာပါ'

နောက်တစ်နေ့ညရောက်သည်နှင့် သူတို့သည် တောင်ပေါ်သို့ ကိုယ်ဖော်အားများသုံးကာ တက်ရောက် လာခဲ့ကြ၏။ တောင်တက်လမ်းများမှာ အထူးပင် ချောမွတ် မတ်စောက်နေသည်ကို တွေ့မြင်လိုက်ကြရ၏။

'ဝှစ် ဝှစ် ဝှစ် ဝှစ်'

'ဟူး ဟူး ဟူး ဟူး'

သုံးယောက်စလုံး ကိုယ်ဖော့ပညာရပ်အသုံးပြုကာ ချောမွတ် မတ်စောက်နေသော ကျောက်ထရံကြီးများ၊ ကျောက်တောင်ကြီးများတစ်လျှောက် ပြေးတက်လာခဲ့ကြ၏။

ညဉ့်သန်းခေါင်ယံအချိန် ရောက်သောအခါ သူတို့သည် တောင်ထိပ်သို့ ရောက်ရှိလာခဲ့ကြ၏။ မဟူရာတောင်ထိပ် တစ်ခုလုံး အေးမြသော လရောင်အောက်တွင် ရှန်းလက် ဝင်းပစွာ ရှိနေ၏။





သံမဏိငှက်ကိုမူ မတွေ့ရသေးပေ။ သူတို့က တောင်ထိပ်ရှိ ကြီးမားသော ကျောက်ဂူကြီးတစ်ခုအနီးသို့ဖြည်းညင်းစွာ ချဉ်းကပ်လာခဲ့ကြ၏။

ကျောက်ဂူကြီး တစ်ခုလုံး မီးရောင်များဖြင့် လင်းထိန်တောက်ပလျက်ရှိ၏။ သူတို့က ကျောက်ဂူဝမှနေ၍ အတွင်းသို့ ကြည့်လိုက်ကြရာ မြေပြင်အနှံ့အပြားတွင် မီးတောက်မီးလျှံကြီးများ တောက်လောင်နေသည်ကို တွေ့လိုက်ရ၏။

မီးကြားသို့ စွန့်စားပြီးဝင်မှသာ ကျောက်ဂူအတွင်းပိုင်းသို့ ရောက်ရှိမည်ဖြစ်၏။ ထို့ပြင် ပို၍ထူးဆန်းသည်မှာ မီးညွန့်မီးလျှံများသည် ဂူနံရံများဆီမှလည်းကောင်း၊ ဂူအမိုးများဆီမှလည်းကောင်း ထိုးထွက်နေကြခြင်းပင်ဖြစ်၏။

အဝေးမှကြည့်လျှင် ဂူကြီးမှာ နီရဲနေပြီး မီးလုံးကြီးတစ်လုံးပမာ မြင်တွေ့ရမည်ဖြစ်၏။ စင်းပီလျံ၊ ယစ်ထုပ်သိုင်းသမားကြီးနှင့် ကပ္ပိယကြီးတို့မှာ ဂူထဲမှအခြေအနေဆိုးကို မြင်တွေ့လိုက်ရလျှင် တအံ့တသြဖြစ်သွားကြရ၏။

သံမဏိငှက်ရှိနေသောနေရာမှာ အထူးပင်လုံခြုံလှပေသည်တကား။ သံမဏိငှက်သည် ဤဂူကြီး၏ အတွင်းပိုင်းတွင် ရှိနေသည်မှာ သေချာလှပေတော့၏။

စင်းပိုလျံက လေးနှင့်မြားကို အသင့်ပြင်လိုက်ပြီး....

'ကိုင်း....ဘာဘတို့နှစ်ယောက် ဒီနေရာနေပြီး အခြေအနေကို စောင့်ကြည့်နေကြပေတော့၊ ကျွန်တော် အထဲကို ဝင်သွားမယ်'

'အို....ဖြစ်ပါ့မလား လူကလေး၊ တော်ကြာ အသွား မတော် ခြေချော်ရင် မီးတွင်းထဲကျသွားနိုင်တယ်'

ကပ္ပိယကြီးက စင်းပိုလျံအား စိုးရိမ်တကြီး ပြောကြားလိုက်၏။ ယစ်ထုပ်သိုင်းသမားကြီးကလည်း ဂူထဲရှိမီးတွင်းများကို တစ်ချက်လှမ်းကြည့်ကာ စင်းပိုလျံအား....

'စင်းပိုလျံ' ကပ္ပိယကြီးပြောတာမှန်တယ်၊ အိန္ဒြာယ်က အတော့်ကိုများနေတယ်၊ နောက်ပြီး ဂူအတွင်းပိုင်းရဲ့ အခြေအနေကို ဘာမှမမြင်ရဘူး၊ အဝင်အထွက်က အတော့်ကိုဆိုးတယ်၊ တော်ကြာ မင်း မီးပင်လယ်ထဲရောက်ပြီး ပြန်မထွက်နိုင်ဘဲ နေဦးမယ်'

စင်းပိုလျံက အံကြိတ်ကာ လေးကို တင်းကြပ်စွာဆုပ်ကိုင်လိုက်ပြီး ပြတ်သားတင်းမာသောလေသံဖြင့်....

'ကျွန်တော် သွားမယ်၊ အားလုံးအတွက် စွန့်စားရတာပဲ၊ သေသွားလဲ သေခြင်းဟာမှန်မြတ်ပါတယ်၊ သိုင်းလောကအကျိုး အများအကျိုးအတွက် သံမဏိငှက်ကို ကျွန်တော်အသက်စွန့်ပြီး ဖမ်းမယ်'





စင်းပိုလျံက စကားဆုံးသည်နှင့် မီးတဟုန်းဟုန်းတောက်လောင်နေသော ဂူကြီး၏အတွင်းပိုင်းသို့ မီးတောက်များကို ရှောင်တိမ်းကာ ခုန်ပျံဝင်ရောက်သွားတော့၏။

'ဟာ'

'ဟင်'

ရုတ်တရက်ခုန်ဝင်သွားသည့် စင်းပိုလျံကိုကြည့်ကာ ယစ်ထုပ် သိုင်းသမားကြီးနှင့် ကပ္ပိယကြီးတို့မှာ မင်တက်မိကာ ကြက်သေ သေသွားကြရ၏။

'ဝုန်း'

'ဝှီး ဝှီး ဝှီး'

'ဝေါ ဝေါ ဝေါ'

ကျောက်ဂူအတွင်းခုန်ဝင်လိုက်သည့် စင်းပိုလျံမှာ အတွင်းရောက်သည်နှင့် အလွန်ပူပြင်းသော အပူရှိန်၏ လေဟပ်ခြင်းကို ခံစားလိုက်ရ၏။

သူက တုံ့ဆိုင်းမနေဘဲ မျက်စိလျင်လျင်ထားကာ မီးညွှန့်၊ မီးတောက်များကို ရှောင်တိမ်းရင်း ဝပ်သွားလိုက်၊ ခုန်သွားလိုက်၊ ပြေးသွားလိုက်နှင့် ရှိနေရ၏။

ရုတ်တရက် မီးလုံးကြီးသုံးလုံး စုန်းခနဲနှစ်ခြမ်းကွဲသွားကာ ခြောက်ခုဖြစ်ပေါ်လာပြီး သူ့ထံသို့ တစ်ဟုန်ထိုး ပြေးဝင်လာကြ၏။

'ဝေါ ဝေါ ဝေါ'

'ယား'

စင်းပိလျ ကလေးကြီးကိုဝှေ့ယမ်းပြီး မီးလုံးကြီး ခြောက်လုံးကြားမှ ဖောက်ထွက်ပစ်လိုက်၏။ အံ့သြစရာ ကောင်းသည်မှာ မီးလုံးကြီးများသည် လေးကြီးနှင့် ထိတွေ့လိုက်ရသည်နှင့် အစိပ်စိပ်အမြွှာမြွှာ ကွဲထွက်လွင့်စဉ်သွားကြခြင်းပင်တည်း။

'ဟင်'

စင်းပိလျ မှာ မီးလွတ်မြေတစ်ကွက် အပေါ်သို့ ခြေအစုံပြန်ရပ်မိလိုက်သည်နှင့် အစွမ်းထက်သော လေးကြီးကို ကြည့်ကာ တအံ့တသြ ဖြစ်သွားရ၏။

ဤလေးကြီးမှာ သာမန်လေးကြီးတစ်လက်မဟုတ်ဘဲ အစွမ်းထက်မြက်သော လေးကြီးတစ်လက် ဖြစ်နေပေသည် တကား။

ထို့ကြောင့်လည်း ဤအစွမ်းထက်မြက်သော လေးကြီးကို ရသေ့ကြီးကပေးအပ်လိုက်ခြင်းပင် ဖြစ်ပေတော့၏။

နှင်းထားသောမြေပြင်ပင်လျှင် ပူခြစ်နေကာ ထပြီး ပေါက်ကွဲတော့မည့်အလား ဖြစ်ပေါ်လာရ၏။ ထို့ကြောင့် သူက





ချက်ချင်းပင် လေထဲသို့ခုန်တက်ကာ ကျောက်ဂူအမိုးမှ ငေါထွက်နေသော ကျောက်စွန်းကြီးတစ်ခုကို ဖမ်းဆွဲထားလိုက်ရသည်။

'ဟင်'

ထိုကျောက်စွန်းကြီးမှာလည်း မီးခဲကြီးတစ်ခဲပမာ ဖြစ်နေရာ သူက ကြာကြာဆုပ်ကိုင်မထားဝံ့ဘဲ လေထဲမှာပင်ကျွမ်းပစ်ကာ ဂူအတွင်းပိုင်းသို့ ခုန်ဆင်းလိုက်ရ၏။

'အို'

မြင်လိုက်ရသောမြင်ကွင်းကြောင့် စင်းပိလျ မှာ အံ့အားသင့်ကာ ကြောင်အမ်းအမ်း ဖြစ်သွားရ၏။ စောစောက မီးတောက် မီးလျှံ မီးပင်လယ်ကြီးကို ဖြတ်သန်းလာခဲ့ပြီးနောက် ကျောက်ဂူအတွင်းပိုင်း ရောက်လာခဲ့ရလေပြီ။

ကျောက်ဂူအတွင်းပိုင်းမှာ လေးထောင့်သဏ္ဌာန် ကျောက်ခန်းကြီးတစ်ခန်း ဖြစ်ပေါ်နေ၏။ မြေပြင်ထက်တွင် ကြီးမားသော မီးပုံကြီးတစ်ခုသာရှိနေ၏။ အခြား မီးတောက် မီးလျှံများ မရှိပေ။

ထို မီးတဟုန်းဟုန်း တောက်လောင်နေသော မီးပုံကြီး၏ အပူရှိန်မှအပ အခြားအပူဓာတ်မရှိပေ။

ကျောက်ခန်းကြီးတစ်ခန်းလုံးတိတ်ဆိတ်နေကာ မီးတောက်လောင်သံ တစ်ခုတည်းသာ ကြားနေရ၏။

ထို ကြီးမားသော မီးပုံကြီး၏ နောက်ဖက်တွင် ကြာပွင့် သဏ္ဍာန် ကြီးမားသော အနီရောင်ကျောက်ကလပ်ကြီးတစ်ခုက ရှိနေ၏။

ထို အနီရောင် တဖျပ်ဖျပ်တောက်လက်နေသော ကျောက်ကြာပွင့်ကြီးထက်တွင် ဝင်းလက်သောအရာတစ်ခုက ရှိနေ၏၊ ထိုအရာဝတ္ထုသည်ကား အသေအချာစူးစိုက်ကြည့်မည် ဆိုပါက ထူးဆန်းသော ငှက်ကြီးတစ်ကောင် ဖြစ်နေသည်ကို တွေ့ရမည် ဖြစ်၏။

သံမဏိငှက်သည်ကျောက်ကြာပန်းပွင့်ကြီးထက်တွင် ငြိမ်နှင့် အိပ်မောကျနေခြင်းပင် ဖြစ်၏။ သူ့ တစ်ကိုယ်လုံး အမွေး အတောင်များမှ အရောင်များ တဖျပ်ဖျပ်တောက်လက်နေကာ အလွန်လှပလျက် ရှိနေပေတော့၏။

စင်းပိလျှံက အချိန်ဆိုင်းမနေတော့ဘဲ လေးညှို့ပေါ်သို့ မြားတစ်စင်းတင်လိုက်သည်နှင့် မီးပုံကြီးမှ မီးတောက်မီးလျှံကြီးများက အထက်သို့ ထိုးတက်သွားကာ သံမဏိငှက်ကိုကွယ်ပြီး မီးကန့်လန့်ကာကြီး ကာဆီးလိုက်သည့်ပမာ ဖြစ်ပေါ်သွားရရှာလေတော့၏။





'ဝုန်း ဝုန်း ဝုန်း'

မီးတောက်မီးလျှံကြီးများက ကြောက်ခမန်းလိလိ ဖြစ်ပေါ်လာကြ၏။

'ကရီး'

ရုတ်တရက် သံမဏိငှက်သည် လန့်နိုးလာကာ အသံ တစ်ချက် မြည်ဟည်းပြီး တောင်ပံကို တဖြန့်းဖြန့်း ရိုက်ခတ်ပစ်လိုက်၏။ စင်းပိလျှံက အချိန်ဆိုင်းမနေတော့ဘဲ မီးတောက်မီးလျှံများကြားမှ မြင်နေရသည့် သံမဏိငှက်ကို အသေအချာ ချိန်ရွယ်ကာ မြားတံကို လေးညှို့ပေါ်မှ နေ၍ တအား ပစ်လိုက်၏။

'ရှိုး'
'ဝုန်း'

မြားတံသည် မီးလျှံကို ဖြတ်သန်းကာ သံမဏိငှက်ဆီသို့ ဆစ်ဟုန်ထိုး ပြေးဝင်သွား၏။

'ကရီး'

သံမဏိငှက်ထံမှ စူးရှသော အော်မြည်လိုက်သံတစ်ချက်ကို ကြားလိုက်ရ၏။ သံမဏိငှက်သည် တောင်ပံကြီးများကို တဖြန့်းဖြန့်းရိုက်ခတ်လိုက်ရာ မြားတံသည် မီးပုံအတွင်းသို့ ထိုး ကျသွားသည်ကို တွေ့မြင်လိုက်ရ၏။

'ဟင်'

ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရလျှင် စင်းပီလျံမှာ တအံ့တဩ ဖြစ်ကာ မျက်လုံးအစုံ ပြူးကျယ် ဝိုင်းစက်သွားရ၏။ ပထမမြားတံမှာ ဆုံးရှုံးသွားသွားရလေပြီ။ ဒုတိယမြားတံနှင့် တတိယမြားတံသာ ကျန်ရှိနေပေတော့၏။

'ကရိ'

သူ မင်တက်မိနေစဉ်မှာပင် သံမဏိငှက်သည် တောင်ပံကြီးများကို တဖြန်းဖြန်း ရိုက်ခတ်ရင်း မီးပုံကြီးအတွင်းသို့ ထိုးဆင်းသွား၏။

'ဝူး'

'ဝုန်း'

စင်းပီလျံက ရသေ့ကြီး၏ သတိပေးစကားများကို သွားရောက်သတိရလိုက်ကာ မြားတစ်စင်းကို ထပ်မံအသင့်ပြင်လိုက်၏။ လေးညို့အပေါ်သို့မြားတင်ကာ မီးပုံကြီးအတွင်း ပျံထွက်လာမည့် သံမဏိငှက်ကို အသင့် စောင့်နေလိုက်၏။

'ငုန်း'

ရုတ်တရက် သံမဏိငှက်က မီးလုံးကြီးတစ်လုံးပမာ ပြေးထွက်လာ၏။





'ရှိုး'

'ဒေါင်'

စင်းပီလျံက မြားတံကို ပစ်လွှတ်လိုက်၏။ မြားတံက သံမဏိငှက် မီးလုံးကြီးဆီသို့ တစ်ဟုန်ထိုး ပြေးဝင်သွား၏။ မြားတံအား သံမဏိငှက်ကို ထိမှန်လိုက်သည်နှင့် မီးပွင့်မီးပွားများ တဖြန်းဖြန်း ပွင့်ထွက်သွားကာ မီးလုံးကြီးမှာ နောက်သို့ ပြန်ကန်ထွက်သွားရ၏။

'ကရိ'

မီးလုံးကြီးအတွင်းမှ သံမဏိငှက်၏ စူးရှသော အော်မြည်သံ တစ်ချက်ကို ထပ်မံ ကြားလိုက်ရ၏။ တစ်ခဏချင်းမှာပင် မီးလုံးကြီးသည် ပိုမိုကြီးမားလာပြီး ကျောက်ခန်းကြီးတစ်ခုလုံး လင်းထိန်သွားရ၏။

မီးလုံးကြီးအတွင်း ပျံသန်းနေသော သံမဏိငှက်ကို ထင်ထင် ရှားရှား တွေ့လိုက်ရလေပြီ။ သံမဏိငှက်က စင်းပီလျံကို တိုက်ခိုက်ရန် တစ်ဟုန်ထိုး ပြေးဝင်လာ၏။

စင်းပီလျံက နောက်ဆုံးမြားကို လေးညို့ပေါ် တင်ထားလိုက်ပြီးလေပြီ။ သူက မြားတံကို သူ့ထံသို့ ပျံသန်းလာနေသည့် သံမဏိငှက်ကို အသေအချာ ချိန်ရွယ်ထားလိုက်၏။

သံမဏိငှက်သည် အရောင် တဖိတ်ဖိတ်တောက်ပစွာဖြင့် ပျံသန်းလာနေ၏။ ငှက်၏ ဝန်းကျင်တွင် နီရဲသော မီးတောက်မီးလျှံကြီးများက ဝိုင်းရံလျက် ရှိနေ၏။ အလွန်ကြည့်ကောင်းကာ မြင်ရခဲသော မြင်ကွင်းတစ်ရပ်လည်း ဖြစ်၏။

စင်းပိလျှံမှာ မြားတံကို ဆွဲထားရင်း မြင်ကွင်းကို ကြည့်ကာ မင်တက်မိနေ၏။

'ပစ် ပစ်၊ ပစ်တော့လေ'

ရုတ်တရက် သူ့နောက်ဖက်မှ ယစ်ထုပ်သိုင်းသမားကြီးနှင့် ကပ္ပိယကြီး၏ အော်ဟစ်ပြောကြားလိုက်သံများကြောင့် စင်းပိလျှံမှာ အိပ်မက်မှ လန့်နိုးလာသည့်ပမာ သတိ ဝင်လာရပြီး လေးညှို့ကို လက်မှ လွှတ်လိုက်တော့၏။

'ရှိုး'

လေးညှို့ကို လွှတ်လိုက်သည်နှင့် မြားတံမှာ တစ်ဟုန်ထိုး ပြေးထွက်သွား၏။

'ဝုန်း'

'ကရိုး'

သံမဏိငှက်သည် တစ်ချက် တုန်ခါသွားပြီး စူးရှစွာ ဟစ်အော်လိုက်၏။ နောက်ဆုံး တတိယမြောက် မြားတံသည် ချက်ကောင်းကို ထိမှန်သွားလေပြီ။





မြားချက်သည် သံမဏိငှက်၏ ဦးခေါင်းကို ဖောက်ထွင်းဝင်ရောက်သွား၏။ သံမဏိငှက် ကိုယ်လုံးမှ ဝိုင်းရံနေသော မီးတောက်မီးလျှံများသည် တစ်မုဟုတ်ချင်း ငြိမ်ကျပျောက်ကွယ်သွားရ၏။

'ကရိုး'

'စုန်း'

သံမဏိငှက်သည် ဦးခေါင်းတွင် မြားတန်းလန်းဖြင့် လေထဲတွင် တစ်ပတ်ဝဲသွားကာ အောက်သို့ ပြုတ်ကျလာ၏။ စင်းပိလျှံက လေထဲသို့ ခုန်တက်ပြီး သံမဏိငှက်ကို ဖမ်းယူထားလိုက်သည်။

'ဝှစ်'

'ဟူး'

သံမဏိငှက် သူ့လက်ထဲရောက်သည်နှင့် သံမဏိငှက်မှာ အသက်ပျောက်နေပြီဖြစ်ကြောင်းကို တွေ့လိုက်ရ၏။

'ဖြောင်း'

'ဝေါ ဝေါ ဝေါ'

အနီရောင် ကျောက်ကြာပန်းကြီးမှာ ကျိုးပြတ်ထွက်သွားရသလို မီးပုံကြီးမှ မီးတောက် မီးလျှံများမှာလည်း တဖြည်းဖြည်း လျော့ပါးလာသည်။

ကျောက်ဂူကြီးအတွင်းမှ မီးတောက် မီးလျှံကြီးများမှာလည်း တဖြည်းဖြည်း ငြိမ်းကျလာရလေပြီ။

'စင်းပိလျံ၊ သံမဏိငှက်ကို မြန်မြန်စား၊ မြန်မြန်စား၊ သူ့သွေးတွေကို မြန်မြန်သောက်'

ရှတ်တရက် ကပ္ပိယကြီးက မီးတောက် မီးလျှံကြီးများ မကုန်ဆုံးမီ စင်းပိလျံကို အော်ဟစ် သတိပေးလိုက်၏။

စင်းပိလျံက ချက်ချင်းပင် သံမဏိငှက်၏ ဝမ်းဗိုက်ကို ဓားဖြင့် ခွဲချလိုက်ရာ သွေးများက ပန်းထွက်လာသည်။

စင်းပိလျံက သွေးများကို ပါးစပ်ဖြင့် တေ့ကာ စုတ်ပစ်လိုက်ပြီး တစ်ဟုန်ထိုး ပန်းထွက်လာသော သွေးများကို မော့သောက်ပစ်လိုက်၏။

ပြီးနောက် သူ အသည်းများကို ဆွဲနှုတ်ကာ အားပါးတရ စားပစ်လိုက်၏။ အမွေးအတောင်များကို ဓားဖြင့် သပ်လိုက်ပြီး ဆွဲနှုတ်ကာ အသားများကို စားပစ်လိုက်သည်။

စင်းပိလျံက ရသေ့ကြီး မှာကြားလိုက်သည့်အတိုင်း သံမဏိငှက်၏ တစ်ကောင်လုံး အသွေးအသားများကို ဝါးမျိုစားသောက်ပစ်လိုက်ခြင်းပင် ဖြစ်၏။ မကြာမီ လက်ကျန် ခြေထောက်အရိုးကလေးကိုပါ စင်းပိလျံက ဂျွတ်ခနဲ ဝါးစားပစ်လိုက်၏။





သံမဏိငှက်၏ သွေးများ သောက်လိုက်သည်နှင့် သူ့တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးကာ ခွန်အားများ အဆမတန် တိုးပွားလာသည်နှယ် ခံစားလိုက်ရ၏။

သံမဏိငှက်၏ အသားများကို စားလိုက်ရသောအခါ စင်းပိလျံမှာ တစ်ကိုယ်လုံး မီးခဲကြီးတစ်ခဲပမာ ဖြစ်ပေါ်လာရသည်။

'ဝုန်း'

ရှတ်တရက် သူ့တစ်ကိုယ်လုံး အထက်သို့မြောက်တက်သွားကာ ကျောက်တုံးကြီးတစ်တုံးနှင့် ဝင်ဆောင့်မိလိုက်သည်။ ကျောက်တုံးကြီးမှာ ကွဲထွက်သွားရသလို စင်းပိလျံမှာလည်း သတိလစ် မေ့မျောသွားရလေတော့သည်။

• • •

သူ ပြန်၍လည်းသတိရလာသောအခါ အေးမြသော ကျောက်ဂူကြီးတစ်ခုအတွင်း ရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။ သူတို့ စိုးရိမ်တကြီးနှင့် ကြည့်နေသော ယစ်ထုပ်သိုင်းသမားကြီးနှင့် ကပ္ပိယကြီးကိုပါ တွေ့လိုက်ရ၏။

စင်းပိလျှံမှာ ဦးခေါင်းတစ်ခုလုံး မှုးဝေနောက်ကျိလျက်ရှိ၏။ သူ့လည်ချောင်းတလျှောက် ခြောက်ကပ် ပူခြစ်လျက်ရှိနေ၏။

'ရေ ရေ'

စင်းပိလျှံက ရေတောင်းလိုက်ရာ ကပ္ပိယကြီးက ဝါးဆစ်ဘူးဖြင့် ထည့်ထားသည့် ရေများကို စင်းပိလျှံအား တိုက်လိုက်သည်။ အေးမြသောရေ သောက်လိုက်ရမှ စင်းပိလျှံမှာ အတော်ကလေး သက်သာရာ ရသွားသည်။

စင်းပိလျှံကို ယစ်ထုပ်သိုင်းသမားကြီးနှင့် ကပ္ပိယကြီးက တွဲကာ ဖေးမပေးလိုက်သဖြင့် စင်းပိလျှံက အသာထိုင်လိုက်သည်။

'ကျုပ်တော် သတိမေ့နေတာ ဘယ်လောက် ကြာသွားပြီလဲ'

စင်းပိလျှံက မေးလိုက်ရာ ယစ်ထုပ်သိုင်းသမားကြီးက....

'မင်း သတိမေ့နေတာ သုံးရက်တောင် ရှိသွားပြီ၊ မင်း ကျောက်တုံးကြီးနဲ့ တိုက်မိပြီး သတိမေ့သွားတာနဲ့ ကျောက်ဂူကြီးလဲ တအိအိ ပြိုကျလာတာပဲ၊ ငါနဲ့ ကပ္ပိယကြီးက မင်းကို ပွေ့ယူပြီး အပြင်ကို မနည်းအသက်လုပြေးကြရတယ်၊ အပြင်လဲရောက်ရော ကျောက်ဂူကြီးလဲ ပြိုကျသွားတာ ပြားပြားဝပ်





သွားတာပဲ၊ တစ်ခုဆန်းတာက ကျောက်ဂူကြီး ပြိုကျသွားတာဟာ ကျောက်တုံးကျောက်ဆောင် မှန်သမျှ မြေပေါ်မှာ မကျန်ရစ်ခဲ့ဘဲ ရေထဲ မြုပ်သွားသလို မြေထဲ ကျံဝင်ကုန်ကြတာပဲ'

ကြားလိုက်ရသော စကားကြောင့် စင်းပိလျှံမှာ တအံ့တဩ ဖြစ်နေရ၏။ ကပ္ပိယကြီးက....

'ငါတို့လဲ တောင်ခါးပန်းက ဗီကျောက်ဂူကြီးထဲရောက်မှ သက်ပြင်းချရတော့တယ်၊ မင်းက သတိမေ့နေတာ သုံးရက်တောင် ရှိသွားပြီ'

စင်းပိလျှံမှာ သတိရပြီး မကြာမီမှာပင် တဖြည်းဖြည်း သက်သာရာ ရလာ၏။ သူ့တစ်ကိုယ်လုံး အပူငွေ့များ ထွက်ပေါ်လာပြီး ခွန်အားများ အဆမတန်တိုးပွားနေသလို ခံစားနေရ၏။

'စင်းပိလျှံ၊ မင်းဆာနေရောပေါ့ ရော့'

ယစ်ထုပ်သိုင်းသမားကြီး သူ့ကျောမှ အရက်အိုးကြီးကို ဖြုတ်လိုက်ကာ အရက်အိုးနှင့် သမင်သားကင်များကို စင်းပိလျှံအား ပေးအပ်လိုက်၏။ စင်းပိလျှံက အရက်နှင့် သမင်သားများကို အားပါးတရစားသောက်ပစ်လိုက်၏။

စားသောက်ပြီးနောက် သူကထရပ်ကြည့်လိုက်ရာ ဝေဒနာများ လုံးဝကင်းစင်ပပျောက်နေပြီကို တွေ့ရလိုက်ရ၏။

'လူကလေး ဘယ်လိုနေသေးသလဲ'

ကပ္ပိယကြီးကမေးလိုက်ရာ စင်းပိလျှံက ဝမ်းသာ အားရဖြင့်....

'ကျွန်တော် ဘယ်လိုမှ မခံစားရတော့ဘူး။ တစ်ကိုယ်လုံး ပေါ့ပါးနေတယ်၊ ခွန်အားတွေလဲ ကြီးမား တိုးပွားနေသလိုပါပဲ'

စင်းပိလျှံ၏စကားကြောင့် ကပ္ပိယကြီးနှင့် ယစ်ထုပ် သိုင်းသမားကြီးတို့မှာ အလွန်အားရဝမ်းသာ ဖြစ်သွားကြရသည်။ ယစ်ထုပ်သိုင်းသမားကြီးက အရက်အိုးကြီးကို မော့သောက်လိုက်ပြီး....

'ကိုင်း စင်းပိလျှံ၊ သံမဏိငှက်ရဲ့ အသွေးအသားကို စား ထားပြီးပြီဆိုတော့ နည်းနည်းလောက် သူ့အစွမ်းကိုစမ်းကြည့်ပါလား'

'ကောင်းပါပြီ ဘဘ'

စင်းပိလျှံကပြောရင်း လက်ဝါးပြင်နှစ်ဖက် အတွင်းသို့ အတွင်းအားထည့်လိုက်၏၊ လက်ဝါးပြင်နှစ်ဖက်မှာ မီးခဲပမာ နီရဲလာပြီး အပူငွေ့များထွက်ပေါ်လာသည်။





'ယား'

'ဝုန်း'

သူက ခပ်လှမ်းလှမ်းမှကျောက်တုံးကြီးတစ်တုံးဆီသို့ ခုန်ပျံဝင်ရောက်ပြီး ကျောက်တုံးကြီးကို လက်ဝါးဖြင့်ရိုက်ချပစ်လိုက်ရာ ကျောက်တုံးကြီးမှာ ဝုန်းခနဲကွဲထွက်သွားသည်ကို တွေ့မြင်လိုက်ကြရ၏။

'ဟာ'

'ဟင်'

ကပ္ပိယကြီးနှင့် ယစ်ထုပ် သိုင်းသမားကြီးတို့မှာ စင်းပိလျှံ၏ ကြောက်ခမန်းလိလိ အတွင်းအားကိုကြည့်ကာ အံ့သြဝမ်းမြောက်သွားကြရသည်။

'ရော့....ဒီမှာ မင်းရဲ့ဓား'

'ဝှစ်'

ကပ္ပိယကြီးက စင်းပိလျှံ၏ဓားကို ပစ်ပေးလိုက်၏၊ စင်းပိလျှံက ဓားကိုဖမ်းယူလိုက်ပြီး ဝှေ့ယမ်းလိုက်၏၊ ဓားမှာ မီးခဲကြီးတစ်ခဲပမာ နီရဲလာပြီး အပူလှိုင်းများက တငွေ့ငွေ့ ဖြစ်ပေါ်လာရ၏။

နံဘေးမှကြည့်နေကြသော ကပ္ပိယကြီးနှင့် ယစ်ထုပ် သိုင်းသမားကြီးတို့ပင် မျှမြင်းမှုကို ခံစားမိလိုက်ကြရ၏။ ယစ်ထုပ်သိုင်းဆရာကြီးက ဓားတစ်လက်ကိုဆွဲထုတ်လိုက်ပြီး....

'ကိုင်း....မင်းရဲ့ သံမဏိအတွင်းအားဓားချက်ကို ငါလက်တွေ့ စမ်းကြည့်လိုက်မယ်၊ ကြည့်သာရှောင်ပေတော့'

'ယား'

စကားဆုံးသည်နှင့် ယစ်ထုပ်သိုင်းသမားကြီးက ဓားကိုဝေ ယမ်းကာ စင်းပိုလျံထံသို့ လူရောဓားပါ လွှားဝင်လာသည်။

'ထန်း'

'အိုး'

စင်းပိုလျံက ဓားကို ဂန္ဓလန့်ဖြတ်ကိုင်လိုက်ပြီး ဓား ဓားချင်း ခတ်ထုတ်ပစ်လိုက်ရာ ယစ်ထုပ်သိုင်းသမားကြီး၏ ဓားမှာ ထန်းခနဲ မြည်ဟည်းကာ ကျိုးပြတ်ထွက်သွားရ၏။

ထို့အတူ ယစ်ထုပ်သိုင်းသမားကြီးမှာလည်း ဓားချင်း ထိလိုက်သည်နှင့် စင်းပိုလျံ၏အတွင်းအားကိုမခံနိုင်ဘဲ တစ်ကိုယ်လုံး ကျဉ်တက်သွားကာ ထိတ်လန့်တကြား အော်ဟစ်ရင်း နောက်သို့ လွင့်စဉ်ထွက်သွားရတော့၏။





'ဟား ဟား ဟား ဟား'

ကပ္ပိယကြီးက ရယ်မောကာ ယစ်ထုပ် သိုင်းဆရာကြီးအား ပြေး၍ဖေးမပေးလိုက်၏။ ယစ်ထုပ်သိုင်းသမားကြီးက မျက်နှာရှုံ့မဲ့ကာ နှုတ်မှတကျွတ်ကျွတ်ညည်းညူရင်း မြေပြင်မှ ပြန်ထလာ၏။

စင်းပိုလျံက ယစ်ထုပ်သိုင်းသမားကြီးအား ဖေးမပေးလိုက်ကာ....

'ဘာဘာ ဘာဖြစ်သွားသေးသလဲ'

ယစ်ထုပ်သိုင်းသမားကြီးက မျက်နှာကြီး ရှုံ့မဲ့ရင်း....

'အား ဘာမှမဖြစ်ပါဘူးကွာ၊ ခါးနည်းနည်း နာသွားတာပါ အား'

ယစ်ထုပ်ကြီးကပြောရင်း အရက်အိုးကြီးကို မော့သောက်လိုက်၏။ စင်းပိုလျံနှင့် ကပ္ပိယကြီးတို့က ယစ်ထုပ်ကြီးကို ကြည့်ကာ တဟားဟား ရယ်မောမိလိုက်ကြ၏။

ယစ်ထုပ်ကြီးက စင်းပိုလျံအား....

'စင်းပိုလျံ မင်းရဲ့အတွင်းအားကတော့ အရမ်းကို ကြီးမား ပြည့်စုံနေပြီ၊ သံမဏိငှက်ဟာ တကယ့်ကိုအစွမ်းထက်တဲ့ ငှက်ပဲ၊ သံမဏိငှက်ရဲ့ အသွေး အသားတွေ မင်း စားပြီး

အတည်းက မင်းရဲ့ခွန်အားတွေ အတွင်းအားတွေက အရှမ်းကို ကြီးမားတိုးပွားလာတာပဲ'

စင်းပီလျံက သူ့ကိုယ်သူ စမ်းဆစ်ကြည့်လိုက်ရာ အတွင်းအားမှာ အဆမတန် တိုးပွားကြီးမားနေသည်ကိုတွေ့လိုက်ရ၏၊ စင်းပီလျံက အားရဝမ်းသာဖြင့်....

'ဟုတ်တယ် ဘဘ၊ ကျွန်တော့် အတွင်းအားကတော့ တကယ့်ကိုကြောက်စရာကောင်းလောက်အောင်ကြီးမားနေပြီ၊ ဒါဟာ သံမဏိငှက်ရဲ့ကျေးဇူးပဲ၊ ဒီလိုပြည့်စုံတဲ့ အတွင်းအားမျိုးနဲ့ဆိုရင် ရန်သူတွေကိုကြောက်စရာမလိုတော့ဘူး'

'ကိုင်း.... နေမစောင်းခင် တောင်အောက် ဆင်းကြရအောင်'

ကပ္ပိယကြီးကပြောလိုက်ပြီး သုံးယောက်သား တောင်အောက်သို့ဆင်းလာခဲ့ကြ၏။ ကပ္ပိယကြီးက တောအုပ်ကို ညွှန်ပြလိုက်ပြီး....

'အဲဒီတောအုပ်ကို နေမဝင်ခင်ဖြတ်ကြမယ်၊ တောအုပ်ဟိုဖက်မှာ မုဆိုးတွေနေတဲ့ အိမ်ကလေးတွေရှိတယ်၊ ဒီညတော့ မုဆိုးတွေဆီမှာ တည်းရမှာပဲ'

ထို့နောက် သုံးယောက်သား တောအုပ်ဆီသို့ ထွက်ခွာလာခဲ့ကြ၏။ တောအုပ်ကြီးတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေ၏။





တောစပ်အနီးအရောက်တွင် တောစပ်မှ ဓားလှံများကိုင်ဆောင်ထားသည့် လူတစ်စုထွက်ပေါ်လာကာ စင်းပီလျံတို့ကို ဝိုင်းရံထားလိုက်ကြ၏။

'ဟိတ်....မင်းတို့ တောင်ပေါ်က ဆင်းလာတာ မဟုတ်လား'

ထိုလူစုထဲမှ ခေါင်းဆောင်ဖြစ်ဟန် တူသူက စင်းပီလျံတို့ကို စူးရှခက်ထန်သောလေသံဖြင့် အော်ငေါက်မေးလိုက်၏။ စင်းပီလျံက....

'ဟုတ်တယ်၊ ကျုပ်တို့ တောင်ပေါ်က ဆင်းလာတာ၊ အဲဒါဘာဖြစ်သလဲ'

'ဟား ဟား ဟား ဟား ဟား'

ထိုသူက ရယ်မောလိုက်ပြီး....

'မင်းတို့ တောင်ပေါ်မှာ ရတနာတွေသွားရှာတာ မဟုတ်လား၊ အခု ရတနာတွေရရင် ငါတို့ကို တစ်ဝက်ခွဲပေးခဲ့ရမယ်'

စင်းပီလျံက....

'ခင်ဗျားတို့ ဘာတွေလာပြောနေကြတာလဲ၊ ကျုပ်တို့က ရတနာတွေသွားရှာတာမဟုတ်ဘူး၊ ကိုယ့်ကိစ္စနဲ့ကိုယ် သွားရတာ'

ထိုသူက ဟင့်ခနဲ ပြက်ရယ်ပြုလိုက်ကာ....

'မင်း အပိုတွေပြောမနေနဲ့၊ ဇီဇောင်ပေါ်မှာ ရတနာတွေ မြှုပ်နှံထားတယ်ဆိုတာလူတိုင်းသိတယ်၊ မင်းတို့ တောင်ပေါ် တက်သွားကတည်းက ငါတို့က စောင့်ကြည့်နေခဲ့တာ၊ ဘယ်မှာလဲ ရတနာတွေ၊ ငါတို့ကိုပေးစမ်း'

စင်းပိလျံက....

'ခင်ဗျားတို့က ဘာကောင်တွေလဲ'

'ငါတို့က ဒီနယ်မှာကြီးစိုးထားတဲ့ မဟူရာ ခါးပြဂိုဏ်းပဲ၊ ငါတို့ကပြောသလို နားမထောင်ရင် ရက်ရက်စက်စက် တုံ့ပြန်တတ်တယ်'

စင်းပီလျံက ရယ်မောလိုက်ကာ....

'ဟဲ ဟဲ ဟဲ ကျုပ်တို့ကလဲ အသက်မရှိတဲ့အရုပ်တွေမဟုတ်ပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့နဲ့မတိုက်ခိုက်ချင်ပါဘူး၊ ကိုယ့်လမ်း ကိုယ်သွားပါ၊ ကျုပ်တို့မှာ တောင်ပေါ်က ဘာရတနာမှ မပါပါဘူး'

'မင်းလိမ်ပြောတာ၊ ငါတို့က အကြမ်းဖက်ရလိမ့်မယ်၊မင်းပြောလို့ မရဘူးလား'

'ဒါတော့ ခင်ဗျားသဘောပဲ၊ ခင်ဗျားတို့ တိုက်ခိုက်လာမယ် ဆိုရင်တော့ ကျုပ်က ညာနေမှာ မဟုတ်ဘူး'





'ဟာ ဒီကောင် ကိုင်းကွာ'

'ဟာ'

'ဖြောင်း'

'အား'

ခါးပြခေါင်းဆောင်လူကြမ်းကြီးက ပြောပြောဆိုဆို စင်းပိလျံကို ဓါးဖြင့်ဝင်ခုတ်လိုက်၏။ စင်းပိလျံက လူကြမ်းကြီး၏ ဓါးကို လက်ဖြင့်ပုတ်ထုတ်လိုက်ကာ တစ်ဆက်တည်းပင်ရင်ဝကို ရိုက်ပစ်လိုက်ရာ လူကြမ်းကြီးမှာ နောက်သို့လွင့်စဉ်ထွက်သွားရသည်။

'ဝေါ ဝေါ ဝေါ'

လူကြမ်းကြီးမှာ မြေပေါ်တွင်လိမ့်ထွက်သွားရင်း ပါးစပ်မှသွေးများ တဝေါဝေါအန်ထွက်ကျလာကာ အသက်ပျောက်သွားရလေတော့၏။

'ဟာ'
'ဟင်'

ကျန်ခါးပြများမှာ စင်းပိလျံ၏ သိုင်းပညာနှင့် အတွင်းအားကိုကြည့်ကာ တုန်လှုပ်ချောက်ချားသွားကြရ၏။

ထို့နောက် ခေါ်ပြီမျှားသည် စင်းပိလျှံတို့ကို ရင်မဆိုင်ဝံ့ကြတော့တဲ့ သူတို့ခေါင်းဆောင်၏အလောင်းကိုယူကာ နေရာမှ အလျင်အမြန်ထွက်ခွာသွားကြ၏။



၁၃

နေမဝင်တောင်သို့ ပြန်ရောက်လာခဲ့ကြလေပြီ။

ရခေသ့ကြီးယောင်ရှန်မှာ စင်းပိလျှံကိုကြည့်ကာ အထူးပင်ဝမ်းမြောက်လျက် ရှိနေ၏။ ရီကျင့်စန်းမှာလည်း အလွန်ပင်ဝမ်းသာနေ၏။

ရသေ့ကြီးက....

'စင်းပိလျှံ'၊ မင်းဟာ ခုဆိုရင် သိုင်းပညာရေးအတွင်းအားပါ ပြည့်စုံသွားရပြီ၊ သိုင်းလောကကိုဆင်းပြီး သိုင်းလောကအကျိုး၊ အများအကျိုး ဆောင်ရွက်ရမယ်၊ နေစကြာဂိုဏ်းကြီးကို ပြန်လည်ထူထောင်ရမယ်၊ နေစကြာဂိုဏ်းမှာ အခုဆိုရင် ဒု ဂိုဏ်းချုပ်ကြီး မုရှန်ကွန်းကအုပ်ချုပ်နေတယ်၊ မင်းက မုရှန်

ကွန်းနဲ့ သွားပြီးတွေ့ဆုံရမယ်၊ မင်းအဖေရဲ့ ဗေဒါရီရတနာခေါးမြောင်ကို ပြလိုက်ရင် မုရှန်ကွန်းဟာ မင်းကို အလျှင်နေစကြာဂိုဏ်းချုပ်ကြီးရဲ့သားမှန်း သိပါလိမ့်မယ်’

ရသေ့ကြီးကပြောရင်း ရတနာများစီခြယ်ထားသည့် ခေါးမြောင် တစ်လက်ကို စင်းပီလျံအား ထုတ်ပေးလိုက်သည်၊

ခေါးမြောင်အသွားပေါ်တွင် စကြာတံဆိပ်နှင့်နေတံဆိပ်ကို ရေးထိုးထားသည်။

‘ဒီခေါးဟာ မင်းဖခင် ကိုင်ဆောင်ခဲ့တဲ့ ခေါးပဲ၊ မင်းကိုအရွယ်ရောက်ရင် ပေးအပ်ဖို့ မင်းဖခင်က ငါ့ကို အသေအချာ မှာကြားထားခဲ့တယ်၊ ခေါးပေါ်က စကြာတံဆိပ်နဲ့ နေ အမှတ်အသားဟာ နေစကြာဂိုဏ်းရဲ့ အထိမ်းအမှတ်ပဲ’

နေမဝင်တောင်သို့ ပြန်ရောက်ပြီး သုံးရက်မြောက်သောနေ့တွင် စင်းပီလျံသည် ရသေ့ကြီး၏ခွင့်ပြုချက်အရ သိုင်းလောကသို့ ဆင်းပြီး ဖခင်ကြီးအားရှာဖွေရန်နှင့် နေစကြာဂိုဏ်းကို ပြန်လည်တည်ထောင်ရန် သိုင်းလောကသို့ ထွက်ခွာလာခဲ့လေတော့သည်။

ယစ်ထုပ်သိုင်းသမားကြီး၊ ရိကျင့်စန်းနှင့် ကပ္ပိယကြီးတို့က စင်းပီလျံကို တောင်အောက်အထိ လိုက်ပို့ပေးကြသည်။





ရိကျင့်စန်းက စင်းပီလျံနှင့်အတူလိုက်ချင်သော်လည်း စင်းပီလျံ သွားမည့်ခရီးတွင် အနှောင့်အယှက်ဖြစ်နေမည်စိုးသဖြင့် မလိုက်တော့ပေ။

စင်းပီလျံသည် အားလုံးကိုနှုတ်ဆက်ကာ မြင်းတစ်စီးဖြင့် ထွက်ခွာလာခဲ့တော့သည်။

• • •

အိုထိုင်စန်တောင်။

အိုထိုင်စန်တောင်ပေါ်တွင် နေစကြာဂိုဏ်းကြီးက တည်ရှိလျက် ရှိနေ၏။ ယခုအခါ နေစကြာ ဂိုဏ်းကြီးတွင် ဂိုဏ်းချုပ်ကြီး ပျောက်ဆုံးနေသဖြင့် လက်ထောက်ဂိုဏ်းချုပ်ကြီး မုရှန်ကွန်းက နေစကြာဂိုဏ်းကြီးကို အုပ်ချုပ်လျက် ရှိနေ၏။

နေစကြာဂိုဏ်းမှာ စင်းပီလျံ၏ ဖခင်ကြီး ရှိစဉ်အခါကထက် အင်အား ပိုမိုများပြားလျက် ရှိနေ၏။

အထူးသဖြင့် နေစကြာဂိုဏ်းကြီးတွင် အနက်ရောင် သိုင်းသမားများက ထိုးဖောက်ဝင်ရောက်နေခြင်းကြောင့်ပင်တည်း။

မုရှန်ကွန်းသည် နေစကြာဂိုဏ်းတွင် အဘယ်ကြောင့်အနက်ရောင်သိုင်းသမားများကို လက်ခံထားနေရပါသနည်း။ မုရှန်ကွန်းသည် နဂိုကတည်းက ရက်စက် ကြမ်းကြုတ်သူ တစ်ယောက်ဖြစ်ပြီး ဂိုဏ်းချုပ်ကြီး မရှိတော့ပြီ ဖြစ်ရာ ဂိုဏ်းကို သူထင်သလို အုပ်ချုပ်လျက် ရှိနေပေတော့၏။

စင်းပိလျံ၏ ဖခင်ကြီးအပေါ် သစ္စာရှိသော သိုင်းသမားကြီးများသည် မုရှန်ကွန်း၏ လုပ်ရပ်များကို အထူးပင် မကျေမနပ် ဖြစ်နေကြရ၏။

သို့သော် မုရှန်ကွန်းသည် အသက် လေးဆယ်ဝန်းကျင်ခန့် ရှိသော လူတစ်ယောက်ပင် ဖြစ်၏၊ သူသည် သွေးအေးအေးနှင့် ရက်စက်တတ်သူ တစ်ယောက် ဖြစ်၏။

ယခုအချိန်တွင် သူသည် နေစကြာ ဂိုဏ်းကြီးကို ခေါင်းဆောင်အဖြစ် အုပ်ချုပ်နေရသော်လည်း လက်ထောက် ဂိုဏ်းချုပ် အဆင့်မှာပင် ရှိနေသေး၏။

ဂိုဏ်းချုပ်ကြီးနှင့် အဆက်အနွယ်များ မရှိတော့မှ သူက နေစကြာဂိုဏ်းချုပ် ရာထူးကို ရရှိမည် ဖြစ်၏။ နေစကြာဂိုဏ်းချုပ်ကြီးသည် ပျောက်ဆုံးလျက်ရှိပြီး သေသည်ရှင်သည်ကို မသိရပေ။

မုရှန်ကွန်းသည် ခန်းမဆောင်ကြီးအတွင်း လက်ထောက်ဂိုဏ်းခွဲမှူးများနှင့် တွေ့ဆုံ ဆွေးနွေးလျက် ရှိနေ၏။





လက်ထောက်ဂိုဏ်းခွဲမှူးများမှာ ယခင်ဂိုဏ်းချုပ်ကြီးလက်ထက်မှ ဂိုဏ်းခွဲမှူးဟောင်းများနှင့် နောက်ထပ် အသစ် တိုးလာသည့် ဂိုဏ်းခွဲမှူးများ ပါဝင်ကြ၏။

မုရှန်ကွန်းက ချောင်းတစ်ချက် ဟန့်လိုက်ပြီး....

'အခုဆိုရင် ငါတို့ဂိုဏ်းချုပ်ကြီးက သေသလားရှင်သလား မသိရဘူး၊ သူ သွားကလဲ ဘယ်ရောက်နေသလဲ မသိဘူး၊ ဒီတော့ နောက်ထပ် တစ်လပြည့်လို့မှ ဘာသတင်းမှ မကြားရဘူးဆိုရင် ဒီဂိုဏ်းရဲ့ ဂိုဏ်းချုပ်နေရာကို ငါကပဲ တရားဝင် ဆက်ခံရလိမ့်မယ်'

မုရှန်ကွန်းစကားကြောင့် ယခင် ဂိုဏ်းချုပ်ကြီး အပေါ်တွင် သစ္စာရှိ ဂိုဏ်းခွဲမှူးကြီးများမှာ စိုးရိမ်ထိတ်လန့် သွားမိကြရ၏။

မုရှန်ကွန်းအပေါ်တွင် သစ္စာရှိသည့် ဂိုဏ်းခွဲမှူးများကမူ အားပေး ထောက်ခံ ပြောကြားလိုက်ကြ၏။

'မှန်ပါတယ် ဂိုဏ်းချုပ်ကြီးခင်ဗျား၊ ပထမဂိုဏ်းချုပ်ကြီး မရှိတော့ရင် ဂိုဏ်းမှာ ဂိုဏ်းချုပ်ကြီးကပဲ တာဝန်ယူ အုပ်ချုပ်သင့်ပါတယ်'

ယင်းအချိန်မှာပင် အပြင်ဖက်မှ သိုင်းသမား တစ်ယောက် ဝင်ရောက်လာကာ မုရှန်ကွန်းကို အရိုအသေပြု၍လိုက်ပြီး —

'ဂိုဏ်းချုပ်ကြီးခင်ဗျား အပြင်ဖက်မှာ သိုင်းသမား လူရွယ်တစ်ယောက် ရောက်နေပါတယ်၊ သူ့နာမည်က စင်းပီလျို့ လို့ ပြောပါတယ်'

'ဟင်'

'ဟာ'

'ဟယ်'

**စင်းပီလျို့** ဆိုသော အမည်ကို ကြားလိုက်ရလျှင် မုရှန်ကွန်းအပါအဝင် ဂိုဏ်းခွဲမှူးကြီးများမှာ တအံ့တဩ ဖြစ်သွားကြရ၏။

မုရှန်ကွန်းမှာ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရပြီး....

'ဘာ စင်းပီလျို့ ဟုတ်လား၊ သူက အသက်ဘယ်လောက်ရှိနေပြီလဲ'

'သူက အသက်ဆယ့်ရှစ်နှစ် အများဆုံးပဲပါ'

'သူ့ကို ဝင်ခွင့်ပြုလိုက်ပါ၊ ငါ့ဆီကို ခေါ်လာခဲ့'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီးခင်ဗျား'

သိုင်းသမားက မုရှန်ကွန်းကို အရိုအသေ ပြုကာ ပြန်လည်ထွက်ခွာသွား၏။ မကြာမီ ထိုသိုင်းသမားနှင့်အတူ လူရွယ်တစ်ယောက် ပါရှိလာ၏။





လူရွယ်မှာ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဓားတစ်လက်ကို ကျောတွင် ပိုးလွယ်ထား၏။ လူရွယ်၏ရုပ်သွင်မှာ တည့်ကြည်ခံ့ညားလှကာ ယခင် နေစကြာဂိုဏ်းချုပ်ကြီးစင်းပီလျို့၏ မျက်နှာနှင့် တစ်သေရာတည်းပင် ဖြစ်၏။

ထိုလူရွယ်သည်ကား နေမဝင်တောင်မှ ဆင်းလာခဲ့သည့် စင်းပီလျို့ပင် ဖြစ်ပေတော့၏။ အသားအရေ ဖြူဝင်းကာ ခန္ဓာကိုယ်ကြံ့ခိုင်လှပြီး သိုင်းပညာကို ငယ်စဉ်လေးကတည်းက သင်ကြားလာခဲ့ရသဖြင့် ခန္ဓာကိုယ် အချိုးအစား ကျနကာ ကျစ်လျစ်လျက် ရှိ၏။

မုရှန်ကွန်းက စင်းပီလျို့ကို စူးစိုက်ကြည့်လိုက်ကာ....

'မင်းက ဘယ်သူလဲ'

'ကျွန်တော်က စင်းပီလျို့ပါ၊ စင်းပီလုံရဲ့ သားပါ'

'ဟင်'

'ဟာ'

ကြားလိုက်ရသော စကားကြောင့် အားလုံးမှာ အံ့အားသင့်သွားကြရ၏။ မုရှန်ကွန်းမှာ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရပြီး....

'မင်းမှာ စင်းပီလုံရဲ့ သားဖြစ်တယ်ဆိုတာ ဘာအထောက်အထား ပြနိုင်သလဲ'

'ပြနိုင်ပါတယ်'

စင်းပီလျံက ပြောရင်း အင်္ကျီအတွင်းအိတ်ထဲမှ ရတနာ ခေါးမြှောင်ကို ထုတ်ပြလိုက်၏။ မုရှန်ကွန်းက ရတနာ ခေါး မြှောင်ကို အသေအချာ စူးစိုက်ကြည့်လိုက်ရင်း....

'အင်း ဒီရတနာ ခေါးမြှောင်ဟာ ဂိုဏ်းချုပ်ကြီး စင်းပီလုံ့ ရဲ့ ရတနာခေါးမြှောင်ပဲ၊ မင်း အခု ဘယ်ကလာတာလဲ'

'ကျွန်တော် နေမဝင်တောင်က ဆင်းခဲ့တာပဲ၊ ကျွန်တော် ငယ်ငယ်လေးကတည်းက ဘိုးဘိုးရသေ့ကြီးက နေမဝင် တောင်ကို ခေါ်သွားခဲ့တာပဲ'

'မင်း အခု ဒီကိုလာတာက'

'ကျွန်တော့်ဖေဖေရဲ့ နေစကြာဂိုဏ်းကို ကျွန်တော်က ပြန် ပြီး စီမံအုပ်ချုပ်ဖို့ပဲ၊ ဖေဖေ့ကို ရှာရမယ်၊ မတွေ့တဲ့အဆုံး မှာ ကျွန်တော်က ဂိုဏ်းချုပ်ကြီးနေရာမှာ ဆက်ခံပြီး နေစကြာ ဂိုဏ်းကို တိုးတက်အောင် ဆောင်ရွက်ရမယ်'

မုရှန်ကွန်းက ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး....

'မင်းပြောတာ မှန်ပါတယ်၊ ဒါပေမယ့် မင်းမှာ ဂိုဏ်းကြီး တစ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်နေရာမှာ ဆက်ခံရလောက်အောင် အရည် အချင်း ရှိနေဖို့ လိုတယ်၊ မင်းက သိုင်းပညာကို အဆင့်ဘယ် လောက်မြင့်မြင့် သင်ကြားခဲ့ရသလဲ'





စင်းပီလျံက....

'ကျွန်တော်ဟာ ဘိုးဘိုးရသေ့ကြီးဆီက ထိပ်တန်းသိုင်း ပညာရပ်တွေကို လေ့ကျင့်သင်ကြားခဲ့ရပါတယ်'

မုရှန်ကွန်းက စင်းပီလျံကို စူးစိုက်ကြည့်လိုက်ပြီး....

'မင်းရဲ့ သိုင်းပညာအဆင့် ဘယ်လောက်ရှိတယ် ဆိုတာကို ဆန်းစစ်ရမယ်၊ ပြီးမှ မင်းကို လက်ခံထားနိုင်မယ်၊ မင်း ရှုံး သွားရင်တော့ နေမဝင်တောင်ကို ပြန်ပြီး သိုင်းပညာ လေ့ ကျင့်လိုက်ဦး၊ မင်း အနိုင်ရမယ်ဆိုရင် မင်းကို ငါတို့က လက်ခံ ထားမယ်၊ ပြီးရင် မင်းဖေဖေကို လိုက်ရှာရမယ်၊ မင်းဖေဖေ ကို တွေ့ရင် ဂိုဏ်းမှာ အကြီးအကဲအဖြစ် ထားရမယ်၊ [illegible] ရင်တော့ မင်းကိုပဲ ငါတို့ဂိုဏ်းမှာ ဂိုဏ်းချုပ်အဖြစ် [illegible] မယ်၊ မင်း ငါပြောတာကို သဘောပေါက် လက်ခံတယ် မဟုတ်လား'

စင်းပီလျံက မုရှန်ကွန်းကို စူးစိုက်ကြည့်ရင်း တည်ကြည် လေးနက်သော လေသံဖြင့်....

'ခင်ဗျားပြောတာကို ကျုပ် လက်ခံတယ်၊ ဘယ်လိုယှဉ် ပြိုင်မှာလဲ'

'ငါတို့ ဂိုဏ်းမှာ မရဏတံခါး ငါးထပ်ရှိတယ်၊ ဒီမရဏ တံခါးငါးကို ကျော်ဖြတ်နိုင်မှသာ ဂိုဏ်းချုပ်နေရာကို ဆက်ခံရ မှာ ဖြစ်တယ်'

'မရဏ တံခါးငါးထပ်က ဘယ်မှာလဲ ကျုပ် ကျော်ဖြတ်မယ်'

မုရှန်ကွန်းက တစ်ချက်ပြုံးလိုက်ရင်း....

'မရဏ တံခါးငါးထပ်ကို မကျော်ဖြတ်ခင်မှာ စဉ်းစားနိုင်တယ်၊ မရဏ တံခါးငါးထပ်ဟာ အင်မတန်မှ အန္တရာယ်များပြီး အံခန့်မသင့်ရင် သေဆုံးသွားနိုင်တယ်၊ မင်းကို ကြိုပြောထားရဦးမယ်၊ ပထမတံခါးမှာ စက်ယန္တရားတွေရှိပြီး ဒုတိယတံခါးမှာ မီးလျှံတံခါးလို့ ခေါ်တယ်၊ တတိယတံခါးဟာ ထွက်စရာ အပေါက်ငါးပေါက်ရှိပြီး၊ စတုတ္ထတံခါးဟာ ပ...ကံခါးဖြစ်တယ်၊ နောက်ဆုံး ပဉ္စမမြောက် တံခါးကတော့ အဆင့်မြင့် ဓားသမားတစ်ယောက်ကိုယ်တိုင် စောင့်ကြပ်နေတဲ့ တံခါးပဲဖြစ်တယ်၊ ကိုင်း ငါပြောတာတွေကို ဖြတ်သွားနိုင်ပါ့မလား'

စင်းပီလျံက တင်းမာပြတ်သားသော လေသံဖြင့်....

'ဂိုဏ်းစည်းကမ်းချက်အတိုင်းဆိုရင်တော့ လက်ခံရမှာပေါ့၊ ကျုပ်က ဘယ်လို အန္တရာယ်မျိုးမှ မမှုပါဘူး'

မုရှန်ကွန်းက—

'ဒါဟာ ဂိုဏ်းရဲ့ သံမဏိစည်းကမ်းချက်ပဲ၊ မင်း မယုံရင် ယောဒီမှာ ဂိုဏ်းခွဲမှူးကြီးတွေရှိတယ် မေးကြည့်ပါ'





စင်းပီလျံက....

'မေးစရာ မလိုပါဘူး၊ ကိုင်း ကျုပ်ကိုသာ မရဏ တံခါးငါးထပ်ဆီသာ လိုက်ပို့ပါ'

'မင်းက အခုပဲ သွားတော့မလို့လား၊ ခဏနားလိုက်ပါဦး၊ မရဏ တံခါးငါးထပ်က ချက်ချင်းသွားလို့ မဖြစ်သေးဘူး၊ ညဘက်ကျမှ သွားလို့ရတာ၊ အခု လောလောဆယ်တော့ ငါတို့ရဲ့ ဧည့်ဝတ်ပြုပါရစေ'

ထို့နောက် မုရှန်ကွန်းက စင်းပီလျံအား အရက်၊ စားသောက်ဖွယ်ရာ ဟင်းလျာပွဲများနှင့် ဧည့်ခံကျွေးမွေးလိုက်၏။ စားသောက်နေရင်းနှင့်ပင် မုရှန်ကွန်းက....

'စင်းပီလျံ မင်းမိဘတွေရဲ့သတင်းကို ဘာမှမကြားရဘူးလား'

'ဘာမှမကြားရပါဘူး၊ ကျွန်တော် လိုက်ရှာရဦးမယ်'

'ငါတို့လဲ ဝိုင်းဝန်းပြီးကူရှာပေးမှာပေါ့၊ ငါတို့လဲ ဂိုဏ်းချုပ်ကြီးသတင်းကို အမြဲနားထောင်ပြီး ရှာဖွေနေခဲ့တယ်၊ ဘာသတင်းမှမကြားခဲ့ရဘူး'

ထို့နောက် ညမိုးချုပ်အချိန်ရောက်သောအခါ မုရှန်ကွန်းနှင့် ဂိုဏ်းခွဲမှူးကြီးများက စင်းပီလျံအား တောင်ထိပ်သို့ ခေါ်ဆောင်သွားကြ၏။

စင်းပီလုံအပေါ် သစ္စာရှိ ဂိုဏ်းခွဲမှူးကြီးများက စင်းပီလုံ၏သား စင်းပီလျံ ရောက်လာသည်ကို တွေ့မြင်လိုက်ရလျှင် အလွန်အားရဝမ်းသာ ဖြစ်သွားကြရ၏။

မုရှန်ကွန်းအပေါ် သစ္စာခံထားကြသည့် အချို့သော ဂိုဏ်းခွဲမှူးကြီးများက စင်းပီလျံရောက်လာခြင်းကို မနှစ်မြို့နိုင်သဲ ရှိနေကြရ၏။ သူတို့က နေစကြာဂိုဏ်းတွင် မုရှန်ကွန်းကိုသာ ဂိုဏ်းချုပ်အဖြစ် တင်မြှောက်လိုနေကြ၏။

မရဏတံခါးငါးထပ်မှာ အထူးပင် ကြောက်စရာကောင်းကာ အန္တရာယ် အထူးများပြားလှပေ၏။

နေစကြာဂိုဏ်းမှ ဂိုဏ်းချုပ်နေရာ ဆက်ခံမည့်သူမှန်သမျှ ဤမရဏတံခါးငါးထပ်ကို ကျော်ဖြတ်ကြရမည်သာ ဖြစ်ပေ၏။ မရဏတံခါးငါးထပ်မှာ တောင်ထိပ်ရှိ ကြီးမားသောကျောက်လိုဏ်ခေါင်းကြီးအတွင်း ထူးခြားစွာတည်ရှိနေ၏။

ကျောက်လိုဏ်ခေါင်းကြီးအတွင်း အခန်းကြီး ငါးခန်းကို တံခါးကြီးငါးချပ်ဖြင့် ကာဆီး ပိတ်ဆို့ထားခြင်းပင် ဖြစ်၏။ အခန်းကြီးငါးခန်းစလုံး ကြောက်စရာကောင်းလှသော အန္တရာယ်များနှင့် ပြည့်နှက်လျက်ရှိနေ၏။

ပထမအခန်းတွင်စက်ယန္တရားများတပ်ဆင်ထားပြီး ဒုတိယအခန်းမှာ မီးလျှံမီးပွားများ ရှိနေ၏။ တတိယတံခါးမှာ





ထူးဆန်းသောသိုင်းသမားငါးယောက်ရှိနေပြီး၊ စတုတ္ထတံခါးမှာ တိရစ္ဆာန်များနှင့်ရှိနေ၏။ နောက်ဆုံး ပဉ္စမမြောက်တံခါးမှာကား ထိပ်တန်းဓားသမားတစ်ယောက် စောင့်ကြပ်လျက်ရှိနေ၏။

သူတို့သည် တောင်ထိပ်သို့တက်လာကြရင်း ကျောက်ဂူကြီးတစ်ခုရှေ့သို့ရောက်လာခဲ့ကြ၏။ မုရှန်ကွန်းက ကျောက်ဂူကြီးကို ညွှန်ပြလိုက်ရင်း....

'ဒီအထဲမှာ မရဏတံခါး ငါးထပ်ရှိတယ်၊ မရဏတံခါးငါးထပ်ကို ကျော်ဖြတ်နိုင်မှသာ နေစကြာဂိုဏ်းချုပ်နေရာကို ဆက်ခံနိုင်မှာဖြစ်တယ်၊ မင်း ဆုံးဖြတ်ပြီးပြီလား၊ ခုကတည်းက နောက်ဆုတ်နိုင်တယ်၊ ငါက မင်းအတွက်ပြောနေတာ'

စင်းပီလျံက တည်ကြည်ပြတ်သားသောလေသံဖြင့်....

'ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ၊ နေစကြာဂိုဏ်းအတွက် ကျွန်တော် စွန့်စားရမှာပေါ့'

မကြာမီ သူတို့သည် ကျောက်ဂူကြီး အဝသို့ ရောက်ရှိလာခဲ့ကြ၏။ ကျောက်ဂူကြီးအတွင်းဖက်တွင် မီးတုတ်များ စိုက်ထားကာ မီးရောင်များက လင်းထိန်လျက်ရှိနေကြ၏။

'မင်းက ဒီကနေ ဝင်သွားရင် အဆုံးမှာ တံခါးတစ်ချပ် ရှိတယ်၊ အဲ့ဒီတံခါးဟာ ပထမဆုံးတံခါးပဲ၊ ကိုင်း သွား သွား

ပေတော့၊တံခါးငါးထပ်ကို ကျော်ဖြတ်ပြီးတာနဲ့ တစ်ဖက်မှာ ငါတို့ စောင့်နေကြမယ်'

'ကောင်းပါပြီ'

စင်းပိလျံက ပြောကာ ကျောက်လိုဏ်ခေါင်းကြီးအတွင်းသို့ ဝင်ရောက်လာခဲ့၏။ ကျောက်လိုဏ်ခေါင်းကြီး တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။

ကျောက်လိုဏ်ခေါင်းကြီး အဆုံးတွင် ကျောက်တံခါးကြီး တစ်ချပ်ကို တွေ့မြင်လိုက်ရ၏။ ကျောက်တံခါးကြီးမှာ ကြီးမားထူထဲလှပေ၏။

'ဝေါ'

စင်းပိလျံက ကျောက်တံခါးကြီးကို အတွင်းအားဖြင့် နံဘေးသို့ လက်နှစ်ဖက်ဖြင့် တွန်းထုတ်လိုက်၏။ ကျောက်တံခါးကြီးမှာ ဝေါခနဲ မြည်ဟည်းကာ ရွေ့လျားသွားရ၏။

ကျောက်တံခါးကြီး ရွေ့ထွက်သွားသည်နှင့် အတွင်းမှ မီးရောင်များက အပြင်ဖက်သို့ ဖိတ်စဉ်ထွက်ကျလာ၏၊ စင်းပိလျံက ကျောက်ခန်းကြီး အတွင်းသို့ ကြည့်လိုက်ရာ အတွင်းတွင် ဘာမှ မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်ကို တွေ့မြင်လိုက်ရ၏။





မည်သည့် စက်ယန္တရားမှုလည်း မတွေ့ရှိရပေ။ သို့သော် စက်ယန္တရားများက လျှို့ဝှက် တပ်ဆင်ထားမည်မှာ သေချာလှပေတော့၏။ စင်းပိလျံက အခန်းထဲသို့ ခုန်ပျံဝင်ရောက်လိုက်၏။

အခန်း၏တစ်ဖက်တွင် အခြား ကျောက်တံခါးကြီး တစ်ချပ်ကိုပါ တွေ့မြင်လိုက်ရ၏။ ထို ကျောက်တံခါးကြီးမှ ဝင်ရောက်သွားလျှင် မီးလျှံတံခါးသို့ ရောက်ရှိသွားမည် ဖြစ်၏။

'ဂျိမ်း'

ရုတ်တရက် သူ့နောက်ဖက်မှ ကျောက်တံခါးကြီးက ပြန်လည် ပိတ်ဆို့သွားရလေပြီ။ စင်းပိလျံက သတိ ထားလိုက်မိ၏။

'ရှီး ရှီး ရှီး'

'ဝှစ် ဝှစ် ဝှစ်'

ရုတ်တရက် နံရံ လေးဖက်လေးတန်ဆီမှ အသံများ ထွက်ပေါ်လာရ၏။ ချွန်ထက်သော လှံတံများက နံရံများဆီမှ ထွက်ပေါ်လာကြ၏။

'ထန်း ထန်း ထန်း'

စင်းပိလျှံက ခါးကို ဝှေ့ယမ်းခတ်ထုတ်ပစ်လိုက်ရာ လှိုင်းတံပိုး များမှာ လွင့်စဉ် ထွက်သွားကြရ၏၊ ခါးပုံ့များကလည်း အဆက်မပြတ် ထွက်ပေါ်၏။

စင်းပိလျှံက ခါးပုံ့များကို အင်္ကျီလက်စကြီး နှစ်ဖက်ဖြင့် ဝှေ့ယမ်းခတ်ထုတ်ပစ်လိုက်၏။ အပေါ်မှ သံချွန်ရှည်ကြီးများ က ကျဆင်းလာရာ စင်းပိလျှံက ဖမ်းဆုပ်ထားလိုက်ပြီး အတွင်း အားဖြင့် ဖြတ်တောက်ချိုးဖွဲ့ပစ်လိုက်၏။

'ဖြောင်း ဖြောင်း ဖြောင်း'

အပေါ်မှ ကျဆင်းလာသော သံချွန်ရှည်ကြီးများမှာ စင်းပိလျှံ၏ အတွင်းအားကြောင့် ကျိုးပြတ်သွားကြရ၏။

'ဂျိမ်း ဂျိမ်း ဂျိမ်း'

ရုတ်တရက် စက်ယန္တရားကြီးများ၏ လည်ပတ်သံကြီးများ ထွက်ပေါ်လာကာ အောက်ကြမ်းပြင်ကြီးမှာ နှစ်ခြမ်းကွဲကာ ပွင့်ထွက်သွားရ၏။

အထက်မှလည်း သံမဏိပိုက်ကွန်ကြီးများက အုပ်မိုးကျ လာ၏။

'ယား'

'ဝုန်း'





စင်းပိလျှံက သံမဏိ ပိုက်ကွန်ကြီးများကြားမှ ခုန်ပျံ ထွက်သွား၏။ သူက ဒုတိယကျောက်တံခါးကြီးကို လက်ဝါး ဖြင့် ရိုက်ဖွင့်ပစ်လိုက်၏။

ကျောက်တံခါးကြီး ကွဲကြေ ပွင့်ထွက် သွားပြီးနောက် အတွင်းမှ မီးတောက်ကြီးများကို တွေ့မြင်လိုက်ရ၏။

မီးတောက်မီးလျှံကြီးများမှာ ကျောက်ခန်းကြီးတစ်ခန်း လုံး ပြည့်နှက်လျက် ရှိနေ၏။ စင်းပိလျှံသည် ကျောက်သား ကျောက်မှုန်များနှင့်အတူ ရောထွေးကာ အတွင်းသို့ ကျဆင်း သွားရ၏။

သံမဏိငှက်၏ အသွားအသားကို စားထားသောကြောင့် စင်းပိလျှံမှာ မီးတောက်မီးလျှံများအတွင်း ကျရောက်သွား သော်လည်း အေးမြလျက် ရှိနေရ၏။

သံမဏိငှက်က မီးပုံအတွင်းသို့ပင် ထိုးဆင်းခဲ့သည် မဟုတ် ပါလား။ ထို့ကြောင့်ပင် စင်းပိလျှံသည် မီးတောက်မီးလျှံ များအတွင်း ကျရောက် သွားသော်လည်း မီးလောင်ကျွမ်း မသွားရခြင်းပင် ဖြစ်ပေ၏။

မီးလျှံတံခါးဆိုသည့်အတိုင်း ကျောက်ခန်းကြီးတစ်ခန်းလုံး မီးတောက်မီးလျှံများနှင့် ပြည့်နှက်လျက်ရှိနေ၏။

'ဝုန်း ဝုန်း ဝုန်း'

မီးတောက်မီးလျှံကြီးများ သာမက မီးလုံးကြီး များသာ လည်း တဝုန်းဝုန်း မြည်ဟည်းကာ ပြေးလွှားလျက် ရှိနေလေသည်။

'ဟူး ဟူး ဟူး'

စင်းပီလျံက မျက်နှာဆီသို့ တစ်ဟုန်ထိုး ပြေးဝင်လာသည့် မီးလုံးကြီးသုံးလုံးကို လက်ဝါးဖြင့် ရိုက်ထုတ် ပစ်လိုက်ရ၏။

မီးလုံးကြီးသုံးလုံးမှာကွဲကြေကာ လွင့်စဉ် ထွက်သွားရ၏။ စင်းပီလျံက တတိယမြောက် ကျောက်တံခါးကြီးများဆီသို့ ခုန်ဝင်ကာ လက်ဝါးဖြင့် ရိုက်ထုတ်ပစ်လိုက်၏။

'ဝုန်း'

ကျောက်တံခါးကြီး ပွင့်ထွက်သွားသည်နှင့် စင်းပီလျံမှာလည်း အတွင်းသို့ ပျံလွှားငှက်တစ်ကောင် ပမာ ထိုးဆင်း ကျရောက်သွား၏။ ကျောက်ခန်းကြီးအတွင်းတွင် သိုင်းသမား ငါးယောက် ရှိနေကြ၏။

သိုင်းသမား ငါးယောက်စလုံး မျက်နှာတွင် အဝတ်များ စည်းထားကြသလို ခမောက်ဝိုင်းကြီးများ ဆောင်းထားကြ၏။ လက်များထဲတွင် တဖိတ်ဖိတ်တောက်လက်နေသော ဓားများ ကို ကိုင်ဆောင်ထားကြ၏။

ငါးယောက်စလုံး နက်ပြာရောင်ဝတ်စုံများ ဝတ်ဆင်ထား ကြပြီး စင်းပီလျံကို စက်ဝိုင်းသဏ္ဌာန် ဝိုင်းရံ ထားလိုက်ကြ သည်။

'ယား'

'ဟိုင်း'





'ထန်း ထန်း ထန်း'

ဓားသမားငါးယောက်၏ ဓားချက်များကို စင်းပီလျံက သူ့ဓားဖြင့်ဝှေ့ယမ်းကာကွယ်ပေးလိုက်ရ၏။ ဓားသမား ငါး ယောက်မှာ အလွန့်လျှင်မြန်ပြီး ဓားချက်များကမြန်ဆန်လှပေ သည်။

စင်းပီလျံမှာ ဓားသမားငါးယောက်ကို အထူးသတိထား တိုက်ခိုက်နေရ၏။ ဓားသမားငါးယောက်၏ ဓားချက်များက စင်းပီလျံ၏ကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်များပမာ အဆက် မပြတ် ကျရောက်နေ၏။

'ချွမ်း'

'အိုး'

ဓားသမားငါးယောက်မှာ စင်းပီလျံ၏ ဓားချက်ကြောင့် ဓားကျိုးထွက်သွားရသလို နောက်သို့ လွင့်စဉ်ထွက်သွားရ၏။ ထိုသူကျသွားသောနေရာတွင် သံချွန်ရှည်ကြီးများ ထွက်ပေါ် လာကာ ထိုသူမှာလည်း သံချွန်များကြားတွင်အသက်ပျောက် သွားရလေတော့၏။

'ဝှစ် ဝှစ် ဝှစ်'

ဓားလေးလက်က လေတိုက်ခတ်သလို ဝင်ရောက်လာကြပြန် သည်။ စင်းပီလျံက အထက်သို့ခုန်တက်ကာ ဓားချက်များကို ရှောင်တိမ်းပေးလိုက်ပြီး ဓားသမားနှစ်ယောက်ကို ဟသ်ာခြေ ကွက်ဖြင့် ကန်ထုတ်ပစ်လိုက်၏။

'ဖောင်း ဖောင်း'

'အား အီး'

ခေါ်သမားနှစ်ယောက်မှာ အော်ဟစ်ကာ လွင့်ထွက်သွားကြရ၏။ ထိုနှစ်ယောက်မှာလည်း သံချွန်များကြားသို့ ကျဆင်းကာ မရှုမလှအသက်ပျောက်သွားကြရတော့၏။

'ဟင်'

'ဟာ'

ကျန် ခေါ်သမား နှစ်ယောက်မှာ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ တုန်လှုပ် ချောက်ချား သွားကြရလေသည်။

'ယား ဟိုင်း'

ခေါ်သမားနှစ်ယောက်က မာန်သွင်းကာ ခေါ်များကို ဝှေ့ယမ်းပြီး စင်းပီလျံထံသို့ ခုန်ပျံဝင်ရောက်လာကြ၏။

'ထန်း'

စင်းပီလျံက ခေါ်နှစ်လက်ကို သူ့ခေါ်ဖြင့်ပူးကပ်ပေးလိုက်ပြီး နောက်သို့ တွန်းထုတ်ပစ်လိုက်၏။

'ဝုန်း'

'အား အင့်'

ပြင်းထန်သော အတွင်းအားအရှိန်ကြောင့် ခေါ်သမား နှစ်ယောက်မှာ နောက်သို့ လွင့်စဉ်ထွက်သွားကြရ၏။ ချွန်ထက်သော သံချွန်ရှည်ကြီးများ ခေါ်သမားနှစ်ယောက်၏ကျောပြင်များကို ဖောက်ထွက်သွားကြ၏။

ခေါ်သမား ငါးယောက်စလုံး ကျဆုံးသွားသည်နှင့် စင်းပီလျံက စတုတ္ထမြောက်ကျောက်တံခါးကို တွန်းဖွင့်ပစ်လိုက်လေသည်။





'ဝုန်း'

ကျောက်တံခါးကြီးပွင့်သွားသည်နှင့် အတွင်းတွင်များပြားလှသော မြွေအုပ်ကြီးများကို တွေ့မြင်လိုက်ရ၏။ မြွေကြီးများမှာ လူနံ့ရသည်နှင့် တရှူးရှူးခေါင်းထောင်လာကြ၏။

အခန်းတစ်ဖက် နံရံတွင် ပဉ္စမမြောက် နောက်ဆုံး မရဏတံခါးကို လှမ်းမြင်နေရလေပြီ၊ ထိုအခန်းထဲတွင် ထိပ်တန်းခေါ်သမားတစ်ယောက်သည် သူ့ကို တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စောင့်ဆိုင်းနေပေလိမ့်မည်။

လောလောဆယ် ရင်ဆိုင်နေရသည်မှာ အလွန်ကြောက်စရာကောင်းသော မြွေကြီးများပင် ဖြစ်၏။ ဤမြွေအုပ်ကြီးများကိုကျော်ဖြတ်နိုင်မှသာ ပဉ္စမမြောက် မရဏတံခါးကို ရောက်ရှိမည်ဖြစ်ပေသည်။

'ရှူး ရှူး ရှူး'
'ခွီး ခွီး ခွီး'

မြွေကြီးများက အသံပြုကာ ခေါင်းကြီးများ ထောင်ထလာကြ၏။ စင်းပီလျံက အင်္ကျီအတွင်းအိတ်ထဲမှ မေ့ဆေးမှုန့်များကို ထုတ်ယူကာ ကျောက်ခန်းကြီးအတွင်း ပစ်သွင်းလိုက်သည်။

မေ့ဆေးအမှုန့်များ၏ လက်ချက်ကြောင့် မြွေကြီးများမှာ တွန့်လိမ်ကာ လိမ့်ဆင်းထွက်သွားကြရ၏။ မကြာမီ မေ့ဆေးမှုန့်များ တန်ခိုးသတ္တိကြောင့် မြွေကြီးများမှာ ငြိမ်သက်သွားကြရ၏။

စင်းပီလျံက မြွေကြီးများကြားမှ ဖြတ်လျှောက်လာခဲ့လေသည်။

‘ရှူး’

ရုတ်တရက် သူ့ခေါင်းထက်မှ အသံကြီးတစ်သံ ကြားလိုက်ရပြီး မြွေကြီးတစ်ကောင်က သူ့အပေါ်သို့ လျှောခနဲ ခုန်ဆင်းလာသည်ကို တွေ့လိုက်ရ၏။

‘ဝုစ်’

‘ခွီး’

စင်းပီလျံက ဓားကို လျှပ်ပြက်သလို ဝေ့ယမ်းပစ်လိုက်ရာ မြွေကြီး၏ ဦးခေါင်းမှာ ပြတ်ထွက်ပြီး လွင့်စဉ်ထွက်သွားရသည်။

မြွေကြီးမှာ ကြီးမားလှသော မြွေကြီးတစ်ကောင်ပင် ဖြစ်၏။ မြွေကြီးမှာ အထက်မှအောက်သို့ ခေါင်းတခြား ကိုယ်တခြားဖြစ်ကာ ပြုတ်ဆင်းကျလာရသည်။

မြွေကြီးများအားလုံး ငြိမ်သက်သွားပြီးနောက် ပဥ္စမမြောက် တံခါးဆီသို့ သွားမည်ပြုစဉ် နောက်ကျောဘက်မှ ရှူးခနဲ အသံကြီးတစ်သံကို ကြားလိုက်ရလေသည်။

‘ဝှီ’

အရိပ်မည်းမည်း သဏ္ဌာန်ကြီးကြောင့် စင်းပီလျံမှာ တစ်ဘက်သို့ ခုန်ပျံရှောင်တိမ်းပေးလိုက်ရ၏။ သူက ချာခနဲလှည့်ပြီး ရင်ဆိုင်လိုက်ရာ ကြီးမားသော မြွေကြီးတစ်ကောင်က သူ့ထံသို့ တစ်ဟုန်ထိုး ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရ၏။





မြွေကြီးမှာ တစ်ကိုယ်လုံး အစိမ်းရောင် တောက်ပနေပြီး အစွယ်ကြီးများမှာ ဖွေးလက်လျက် ရှိနေသည်။

‘ဒုတ်’

‘ခွီး’

စင်းပီလျံက ဓားနှင့် ခုတ်ချလိုက်ရာ မြွေကြီး၏ ဦးခေါင်းမှာ နှစ်ခြမ်းကွဲထွက်သွားပြီး သွေးများက ပန်းထွက်သွားရ၏။ ထို့နောက် မြွေကြီးသည် တွန့်လိမ်ကာ ငြိမ်သက်သွားရလေတော့၏။

‘ဝုန်း’

စင်းပီလျံက နောက်ဆုံး ပဥ္စမမြောက် ကျောက်တံခါးကြီးကို လက်ဝါးဖြင့် ရိုက်ဖွင့်လိုက်၏။ ကျောက်တံခါးကြီး ပွင့်ထွက်သွားသည်နှင့် စင်းပီလျံက အတွင်းသို့ ခုန်ဝင်လိုက်သည်။

အတွင်းတွင် လူတစ်ယောက် ရပ်နေ၏။ ထိုသူကို ကြည့်ရသည်မှာ ဓားတစ်လက် ထောင်ထားသည့်အလား ရှိနေသည်။ ဓားရိပ်ဓားငွေ့များက အခန်းကြီးတစ်ခန်းလုံး ဖုံးလွှမ်းထားလျက်ရှိ၏။

ထိုသူသည် အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး အသက်မှာ သုံးဆယ်ဝန်းကျင်ခန့် ရှိနေ၏။ ထိုသူသည် ထိပ်တန်းဓားသမားတစ်ယောက် ဖြစ်ဟန်တူပေသည်။

ကိုင်ထားသော ဓားမှာ ပြာလဲ့လဲ့ တောက်ပနေပြီး ဓားရိပ်ဓားငွေ့များက ထိုသူ၏ ကိုယ်ကို ဖုံးလွှမ်းနေ၏။ ထိုသူက ဟက်ခနဲ ရယ်မောလိုက်ပြီး အေးစက်ခက်ထန်သော လေသံဖြင့်

'မင်းက ဘယ်ဆိုးလို့တုန်း ဘောင်ရုံတန်ရုံ သိုင်းသမားဟာ ဒီအထိရောက်အောင် ဘယ်သူမှ မလာနိုင်ကြဘူး။ ငါ့ဆီကို အရောက်လာနိုင်တာ မင်းတစ်ယောက်ထည်းပဲ ရှိသေးတယ်၊ ငါ့ဆီ ရောက်လာမှတော့ မင်းအတွက် ဘယ်လိုမှ မျှော်လင့်ချက် မရှိတော့ဘူး'

စင်းပိလျံက ဓားကို တင်းကြပ်စွာ ဆုပ်ကိုင်ထားရင်း....

'ခင်ဗျား ဘယ်သူလဲ'

'ငါက မရဏဓားသမား ကောက်အူချုံပဲ၊ ဒီနောက်ဆုံး တံခါးပေါက်ကို စောင့်ကြပ်နေရတဲ့ ဓားသမား၊ ဒီနေရာ ရောက်တဲ့ လူမှန်သမျှ ငါ့ကို ဘယ်သူမှ ကျော်မသွားနိုင်ကြဘူး'

မရဏ ဓားသမား ကောက်အူချုံက စူးရှခက်ထန်လှသော လေသံဖြင့် ပြောကြားလိုက်၏။

စင်းပိလျံက ဟက်ခနဲ ပြက်ရယ်ပြုလိုက်ကာ....

'ကျုပ်ကတော့ ခင်ဗျားကို ကျော်ဖြတ် သွားနိုင်မှာပါ၊ မယုံရင် စမ်းကြည့်ပေတော့'

'ကောင်းပြီ၊ မင်း ငါ့ဓားကိုသာ ကြည့်ရှောင်ပေတော့'

'ယား'

စကားဆုံးသည်နှင့် မရဏ ဓားသမား ကောက်အူချုံက ဓားကို ဝှေ့ယမ်းကာ စင်းပိလျံထံသို့ လွှားဝင်သာ၏။

'ဟိုင်း'

'ချွင်း'

စင်းပိလျံ မရဏဓားသမား ကောက်အူချုံ၏ ဓားကို ဓား





ဓားချင်း ခတ်တုတ်ပစ်လိုက်ရ၏။ ဓားနှစ်လက်မှာ ထန်းခနဲ မြည်ဟည်းကာ မီးများ ပွင့်ထွက်သွား၏။

ဓားချင်း ထိခတ်လိုက်သည်နှင့် နှစ်ယောက်စလုံး ကြီးမားသော အတွင်းအားပိုင်ရှင်များ ဖြစ်ကြောင်း အကဲခတ်မိလိုက်ကြ၏။

မရဏဓားသမား ကောက်အူချုံသည် စင်းပိလျံအား ပြင်းထန်သော ဓားချက်ဖြင့် သုံးချက်ဆင့်၍ တိုက်ခိုက်ပစ်လိုက်၏။

'ထန်း ထန်း ထန်း'

စင်းပိလျံက နဂါးအမြီးယမ်းဓားချက်ဖြင့် တိုက်ခိုက် ပစ်လိုက်ရာ ကောက်အူချုံ၏ ဓားသုံးချက်မှာ နောက်သို့ ပြန်ကန်ထွက်သွားရလေ၏။

စင်းပိလျံက မာန်သွင်းကာ ဘီလူးခေါင်းဖြတ် ဓားချက်ဖြင့် ပြင်းထန်စွာ တိုက်ခိုက်ပစ်လိုက်၏။

'ယား'

'ချွမ်း'

မရဏဓားသမား ကောက်အူချုံက အတွင်းအား စုစည်းကာ စင်းပိလျံ၏ ဓားကို သူ့ဓားဖြင့် ကာကွယ်ပေးလိုက်၏။ ထို့နောက် ကောက်အူချုံက အထက်ဆို့လွှားတက်ကာ ကျွမ်းပစ် ရှောင်ထွက်သွား၏။

စင်းပိလျံက အထက်သို့ လွှားတက်ကာ လိုက်လံ တိုက်ခိုက်ပစ်လိုက်၏။ စင်းပိလျံ၏ ဓားရိပ်ဓားငွေ့များက မရဏ ဓားသမား ကောက်အူချုံ၏ ခန္ဓာကိုယ်ကို ဖုံးလွှမ်းပစ်လိုက်၏။

မိုးဆမ်းပန်းစာပေ

ကောက်အူချုံက အပြင်းအထန် ကာကွယ်ပေးလိုက်သဖြင့် သာ၈ ဝမ်းဗိုက်ပွင့်ကာ အူအခွေလိုက် ထွက်ကျမသွားရခြင်းပင် ဖြစ်၏။ ကောက်အူချုံက လေထဲတွင် ကျွမ်းတစ် ပတ်ပစ် လိုက်ပြီး စင်းပိလျံထံသို့ လက်နက်ပုန်းများကို ပစ်လွှတ်လိုက်၏။

'ဝှစ် ဝှစ် ဝှစ်'

လက်နက်ပုန်းများက စင်းပိလျံထံသို့ တစ်ဟုန်ထိုး ပြေးဝင်လာကြ၏။ စင်းပိလျံက အင်္ကျီလက်စကြီး တစ်ဖက်ကို ဝှေ့ယမ်းပစ်လိုက်ရာ လက်နက်ပုန်းများမှာ လွင့်စဉ်ထွက်သွားကြရ၏။

'ယား'

'ချွမ်း'

ဓားချင်း ဆိုင်လိုက်မိကြပြန်၏။ စင်းပိလျံက ဘုန်းတော်ကြီး တရားထိုင် ဓားကွက်နှင့် တိုက်ခိုက်လိုက်သလို မရဏ ဓားသမား ကောက်အူချုံက ပျံလွှားအသိုက်ဆင်း ဓားချက်ဖြင့် တိုက်ခိုက်ပစ်လိုက်၏။

'ထန်း'

'အိုး'

စင်းပိလျံ၏ဓားချက်ကြောင့် မရဏဓားသမားကောက်အူချုံမှာ ဓားကျိုးထွက်သွားရသလို ရင်ဝတွင် ဓားချက်ထိကာ နောက်သို့ လွင့်စဉ်ထွက်သွားရ၏။

ကောက်အူချုံမှာ ရင်ဝမှ သွေးများ ပန်းထွက်လာရပြီး အော်ဟစ်ကာ အသက်ပျောက်သွားရတော့၏။ ကောက်အူချုံ





အသက်ပျောက်သွားသည်နှင့် စင်းပိလျံက ကျောက်တံခါးရှက်ကို တွန်းဖွင့်လိုက်ရာ ကျယ်ဝန်းသော ခန်းမဆောင်ကြီး တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။ မီးတုတ်အလင်းရောင်များက လင်းထိန်လျက် ရှိနေ၏။

စင်းပိလျံက ခန်းမဆောင်ကြီး၏ တစ်ဖက်ထိပ်ရှိ ကျောက်စင်မြင့်ကြီးဆီသို့ လျှောက်သွားကြည့်လိုက်၏။

ကျောက်စင်မြင့်ကြီးထက်တွင် လူ့သေခေါင်းကြီးတစ်လုံးသာ ရှိနေ၏။ ခေါင်းကြီးမှာ အနက်ရောင်ဆေးခြယ်ထားပြီး အဖုံးကို ပိတ်ထား၏။ ခန်းမဆောင်ကြီးအတွင်း ထိုခေါင်းကြီးမှအပ အခြား မည်သည့်အရာမှ ရှိမနေပါချေ။

'ကျွီ အီ အီ'

မကြာမီ လေတစ်ချက် တိုက်ခတ်သွားပြီးနောက် ခေါင်းဖုံးကြီးက တဖြည်းဖြည်း ရွေ့လျားသွား၏။ စင်းပိလျံက ခေါင်းနက်ကြီးကို စူးစိုက်ကြည့်နေမိ၏။

ခေါင်းဖုံးကြီး တဖြည်းဖြည်း ရွေ့လျားသွားပြီးနောက် အတွင်းမှ ဖြူဖွေးသော လက်တစ်ဖက်က တရွေ့ရွေ့ ထွက်ပေါ်လာ၏။ စင်းပိလျံမှာ တစ္ဆေသရဲ အယုံအကြည် မရှိသူဖြစ်၍ ခေါင်းကြီးကို ကြည့်ကာ စိုးရိမ်ထိတ်လန့်မှု မဖြစ်မိပါချေ။

မကြာမီ ဆံပင်ဖားလျားချထားသော အမျိုးသမီးကြီး တစ်ယောက်က ခေါင်းထဲမှ တဖြည်းဖြည်း ထလာ၏။ အမျိုးသမီးကြီးသည် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး သူမ၏

ဆန့်တန်းထားသောလက်နှစ်ဖက်မှ လက်ချောင်းများမှာ စွန်း
လက်သည်းပမာ ချွန်ထက်သောက်ကွေးလျက် ရှိနေသည်။

အမျိုးသမီး၏ မြူးကျယ်နီရဲသော မျက်လုံးအစုံက စင်းပိ
လျံအား စူးစိုက်ကြည့်လျက် ရှိနေ၏။ လက်နှစ်ဖက်ကိုလည်း
ရှေ့သို့ ဆန့်တန်းထား၏။

'ယား'

'ချွမ်း'

စင်းပိလျံက အမျိုးသမီးကြီး၏ကုတ်ချိုကျသော စွန်လက်
သည်းနှစ်ဖက်ကို ဓားဖြင့် ခုတ်ပိုင်းဖြတ်ပစ်လိုက်၏။ သို့သော်
သူ့ဓားမှာ နောက်သို့ ပြန်ထွက်လာရ၏။

အမျိုးသမီးကြီး၏လက်နှစ်ဖက်ကို ဓားနှင့် ခုတ်ရသည်မှာ
ကျောက်တုံး ကျောက်စိုင်များကို ခုတ်ရသည်နှင့် တူနေလေ
သည်။

စင်းပိလျံက ဓားချက်သုံးချက်ဆင့်ကာ တိုက်ခိုက်လိုက်
သော်လည်း ဓားသုံးချက်စလုံး နောက်သို့ ပြန်ကန်ထွက်လာရ
သည်။

'ယား'

'ချွမ်း'

အမျိုးသမီးကြီးကမာန်သွင်းရင်း ခုန်ပျံဝင်ရောက်ကာ စင်း
ပိလျံ၏မျက်နှာနှင့် ရင်ဝကို ချွန်ထက်သော လက်ချောင်းများ
ဖြင့် ကုတ်ဆွဲပစ်လိုက်၏။ စင်းပိလျံမှာ တစ်ဖက်သို့ ခုန်ထွက်
ကာ အမြန်ရှောင်တိမ်းပေးလိုက်ရ၏။





ထိုချွန်ထက်သော စွန်လက်သည်းများနှင့်သာကုတ်ဆွဲခံလိုက်
ရပါက နေရာမှာပင် တစ်ချက်တည်းနှင့် အသက်ပျောက် သွား
ရပေလိမ့်မည်။

အမျိုးသမီးကြီးက စူးရှသောအသံဖြင့်အော်ဟစ်ရင်းရှေ့သို့
တရကြမ်းခုန်ဝင်ကာ ဆက်တိုက် တိုက်ခိုက်ပစ်လိုက်၏။ စင်းပိ
လျံမှာ အံစွမ်းကုန်ရှောင်တိမ်းပေးနေရ၏။

စင်းပိလျံမှာ ဓားကိုအဆက်မပြတ်ဝှေ့ယမ်းရင်း နောက်သို့
ဆုတ်ပေးနေရာမှ နောက်ဆုံးတွင် နံရံနှင့်ကျောပင်ထိကပ်လာခဲ့
မိရ၏။

'ယား'

အမျိုးသမီးကြီးက အောင်သေချာသွားသည့် အော်သံကြီးဖြင့်
ဟန်ဖြင့် လက်နှစ်ဖက်ကိုဝှေ့ယမ်းကာ စင်းပိလျံထံသို့ ခုန်ပျံ
ဝင်ရောက်လာ၏။

စင်းပိလျံက အတွင်းအားစုစည်းကာ အားမာန်ပါးသည့်
လက်ဝါးရိုက်ချက်ဖြင့် အမျိုးသမီးကြီး၏ ရင်ဝကိုပင့်ကာရိုက်
ပေးလိုက်၏။

'ဝုန်း'

'အွန့်'

အမျိုးသမီးကြီးမှာ အော်ညည်းကာ လွင့်စဉ်ထွက်သွားရ
သည်။ ပါးစပ်မှ သွေးများမှာလည်း တပွက်ပွက် အန်ထွက်
သွားရ၏။ သို့ဖြစ်သည့်တိုင် အမျိုးသမီးကြီးက နောက်တစ်
ကြိမ် ပြန်ခုန်ထလာပြန်သည်။

'ယား'

အမျိုးသမီးကြီးက နောက်ဆုံးအကြိမ်အဖြင့် ကြိုးစားလိုက်ခြင်းပင် ဖြစ်၏။ သူမက ခုန်ပျံဝင်ရောက်လာရင်း စင်းပိလျံ၏ ခေါင်းပေါ်သို့ လက်ငါးချောင်းဖြင့် ကုတ်ချလိုက်သည်။

ထိုလက်ငါးချောင်းနှင့်သာ ကုတ်ချခံလိုက်ရပါက သူ့ဦးခေါင်းတွင် အပေါက်ငါးပေါက် ဖြစ်ပေါ်သွားရပေလိမ့်မည်။ စင်းပိလျံက အံကို ကြိတ်ကာ အတွင်းအားကို ခါးဆီသို့ ပို့လွှတ်လိုက်ပြီး အမျိုးသမီးကြီး၏ ဝမ်းဗိုက်ကို အောက်မှ ပင့်ကာ ဖြတ်ခုတ်ပစ်လိုက်သည်။

'ဟိုင်း'

'ဝုစ်'

'အား'

အမျိုးသမီးကြီး၏ ဝမ်းဗိုက်မှာ ပွင့်ထွက်သွားကာ သွေးများက ဖြန်းခနဲ ရဲထွက်သွားရ၏။ အမျိုးသမီးကြီးမှာ တစ်ဘက်သို့ ကျွမ်းပစ်ကာ ကျသွားရသည်။

စင်းပိလျံက အင်္ကျီလက်စမှ လေအားဖြင့် ရိုက်ထုတ်လိုက်ရာ အမျိုးသမီးကြီးမှာ အော်ဟစ်ရင်း ခေါင်းနက်ကြီးအတွင်းသို့ ဝုန်းခနဲ ကျဆင်းသွားရ၏။

အမျိုးသမီးကြီးမှာ ယခုမှ တကယ်ပင် လူသေအလောင်းတစ်ခုသို့ ရောက်သွားရလေတော့၏။

စင်းပိလျံက ခေါင်းအဖုံးကြီးကို ပြန်ပိတ်လိုက်၏။ ယင်းအချိန်မှာပင် နံရံတစ်ဖက်မှ ကျောက်ပြားကြီးတစ်ချပ်က ဝေါခနဲ ရွေ့လျားသွားကာ နေစကြာဂိုဏ်းချုပ်ကြီး မုရှန်ကွန်းနှင့် ဂိုဏ်းခွဲမှူးများ ထွက်ပေါ်လာကြသည်။





ဂိုဏ်းခွဲမှူးများက စင်းပိလျံအား အရိုအသေ ပြုလိုက်ကြသည်။ လက်ထောက်ဂိုဏ်းချုပ်ကြီး မုရှန်ကွန်းက စင်းပိလျံအား လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုလိုက်ပြီး....

'ဂိုဏ်းချုပ်ကြီးရဲ့သားကို အရိုအသေပြုပါတယ်၊ နေစကြာဂိုဏ်းချုပ်နေရာကို ဆက်ခံဖို့ရာ မနက်စောစောမှာ ငါးနှင်းနှစ်သောက်ချင်း ဓားချင်း ယှဉ်ရမယ်၊ ငါ့ကို အနိုင်ယူပြီဆိုရင်တော့ မင်းဟာ နေစကြာ ဂိုဏ်းချုပ်နေရာကို ဆက်ခံနိုင်ပါပြီ'

စင်းပိလျံက မျက်မှောင်ကြုတ်လိုက်ပြီး ...

'ဒီမရဏ တံခါးငါးထပ်ကို ကျော်နိုင်တဲ့လူဟာ ဂိုဏ်းချုပ် မဖြစ်ပေဘူးလား'

'ဖြစ်ပါတယ်၊ ဒါပေမယ့် ထုံးစံအရတော့ လက်ထောက်ဂိုဏ်းချုပ်နဲ့ ဓားချင်းယှဉ်ရမယ်၊ လက်ထောက်ဂိုဏ်းချုပ်ကို အနိုင်ရမှသာ ဂိုဏ်းချုပ်နေရာကို ရနိုင်မယ်'

'ကောင်းပြီလေ၊ မနက် နေထွက်တာနဲ့ ခင်ဗျားနဲ့ ကျုပ် ယှဉ်ပြိုင်ကြတာပေါ့'

ထို့နောက် သူတို့က နေစကြာအိမ်ကြီး၏ ခန်းမဆောင်ကြီးအတွင်းသို့ ပြန်လျှောက်လာခဲ့ကြသည်။

နေစကြာ ဂိုဏ်းသားများအားလုံးက စင်းပိလျံကို အရိုအသေ ပြုလိုက်ကြသည်။

ကုလားထိုင်များတွင် ထိုင်လိုက်မိကြပြီးနောက် အစေခံများက အရက်နှင့် စားသောက်ဖွယ်ရာများကို ယူဆောင်လာခဲ့ကြသည်။

မုရှန်ကွန်းက စင်းပီလျံကို အရက်များ လောင်းငှဲ့ပေးလိုက်ရင်း....

'စင်းပီလျံ နေစကြာဂိုဏ်းမှာ ဂိုဏ်းချုပ်ကြီး ဖြစ်လာရင် ဘာတွေ လုပ်မယ်လို့ စိတ်ကူးထားပါသလဲ'

စင်းပီလျံက လေးနက်တည်ကြည်သော လေသံဖြင့်....

'နေစကြာဂိုဏ်းမှာ သိုင်းလောကသားတွေ ဖိတ်ကြားပြီး သိုင်းပြိုင်ပွဲကြီးတစ်ရပ် ကျင်းပမယ်၊ အရည်အချင်းရှိတဲ့ လူတွေကို နေစကြာဂိုဏ်းဝင်တွေအဖြစ် စည်းရုံးရမယ်၊ အခု စီးပွားရေးလုပ်ငန်း ဘာတွေလုပ်ထားသလဲ'

'အခုလောလောဆယ်မှာတော့ မြင်းမွေးမြူရေးခြံ ခြောက်ခြံရှိပါတယ်၊ ချောပွဲလုပ်ငန်းက လေးခုရှိပါတယ်၊ စိုက်ပျိုးရေးခြံကြီးတွေက ဆယ်ခြံရှိပါတယ်'

စင်းပီလျံက....

'လူအင်အား များလာတဲ့အခါ စီးပွားရေးလုပ်ငန်းတွေကို ပိုပြီး တိုးချဲ့ ဆောင်ရွက်လုပ်ကိုင်ရမယ်၊ သိုင်းပြိုင်ပွဲကြီး ကျင်းပပြီးတဲ့အခါမှာ လူအင်အား ပိုများလာလိမ့်မယ်၊ ကျွန်တော်တို့ ဂိုဏ်းမှာ လူအင်အားပိုများလာအောင် အင်အားတွေ ပိုတောင့်တင်းအောင် လုပ်ရမယ်'

မုရှန်ကွန်းက....

'မင်းပြောတာ ကောင်းပါတယ်၊ သိုင်းပြိုင်ပွဲကြီး ကျင်းပပြီးရင် ငါတို့ဂိုဏ်းမှာ လူအင်အား ပိုများလာလိမ့်မယ်၊ စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်ရမယ်'





စင်းပီလျံက....

'ပျောက်ဆုံးနေတဲ့ ကျွန်တော့် ဖေဖေနဲ့ မေမေကို လိုက်ရှာရမယ်၊ ကျွန်တော့် ဖေဖေကို တွေ့ရင်တော့ နေစကြာဂိုဏ်းမှာ ဂိုဏ်းချုပ်ကြီးအဖြစ် ပြန်ပြီးတင်ရမယ်'

မုရှန်ကွန်းက....

'ဟုတ်တယ်၊ ဂိုဏ်းချုပ်ကြီးကို အမြန်ဆုံး လိုက်ရှာရမယ်၊ ငါတို့လဲ ကူပြီး ရှာဖွေပေးမှာပါ၊ ကိုင်း သောက်လိုက်ပါဦး'

စင်းပီလျံက အရက်တစ်ခွက် သောက်လိုက်ရ၏။ မရက်မှာ မွေးကြိုင် သင်းပျံ့နေပြီး လည်ချောင်းတစ်လျှောက် ပူဆင်းသွားရ၏။ ဂိုဏ်းခွဲမှူးကြီးများကလည်း စင်းပီလျံနှင့် စကားလက်ဆုံကျနေမိကြ၏။

အတော်ကလေး ညဉ့်နက်လာတော့မှ စင်းပီလျံမှာ အိပ်ရာဝင်လာခဲ့လေတော့၏။

## (၁၄)

အရှက်ဦး....

အရှေ့ဖက်မိုးကုပ်စက်ဝိုင်းဆီမှ အရှက်ဦးလင်းရောင်ခြည်များက ယှက်သန်း ထွက်ပေါ်လာခဲ့လေပြီ။ လေပြည်လေနုကလေးများက တသုန်သုန် တိုက်ခတ်လျက် ရှိနေ၏။

အိပ်တန်းထလာသည့် ငှက်များက တောင်းကင်ထက်တွင် ပျံဝဲလျက် ရှိနေကြ၏။

အိုထိုင်စန်တောင်ထိပ်ရှိ ကျောက်ကလပ်ကြီးထက်တွင် လူနှစ်ယောက်က မျက်နှာချင်းဆိုင်ရပ်လျက် ရှိနေကြ၏။

တစ်ယောက်မှာ စင်းပိလျ ဖြစ်ပြီး တစ်ယောက်မှာ နေစကြာ ဂိုဏ်း၏ လက်ထောက် ဂိုဏ်းချုပ်ကြီး မုရှန်ကွန်း





ပင် ဖြစ်၏။ နှစ်ယောက်စလုံးက ဓားများကို ဆုပ်ကိုင်ထားကြ၏။

နေစကြာ ဂိုဏ်းခွဲမှူးများနှင့် ဂိုဏ်းသားများက နေစကြာဂိုဏ်း အလံများ ကိုင်ဆောင်ကာ ကျောက်ကလပ်ကြီး၏ တစ်ဖက်ရှိ တောင်ကုန်းတစ်ကုန်းထက်မှ စီတန်းရပ်ကြည့်နေကြ၏။

ယခုပွဲသည် စင်းပိလျ အတွက် အဆုံးအဖြတ်ပွဲပင် ဖြစ်၏။ သူက နေစကြာဂိုဏ်းမှ လက်ထောက် ဂိုဏ်းချုပ်ကြီး ဖြစ်သူ မုရှန်ကွန်းကို အနိုင်ရမှသာ နေစကြာဂိုဏ်းချုပ် ရာထူးကို ရရှိမည် ဖြစ်ပေ၏။

မုရှန်ကွန်းကလည်း နှယ်နှယ်ရရ မဟုတ်။ အင်အားကြီးမားသော သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်း၏ လက်ထောက်ဂိုဏ်းချုပ်ကြီး ဖြစ်သည့်အားလျော်စွာ တိုက်ပွဲအတွေ့အကြုံရော သိုင်းပညာပါ ရင့်ကျက်သူတစ်ယောက်ပင် ဖြစ်၏။

'ထန်း'

နှစ်ယောက်သား ဓားချင်းယှက်လိုက်မိကြ၏။ အတွင်းအားချင်း စမ်းလိုက်ခြင်းပင် ဖြစ်၏။ ဓားချင်း ယှက်လိုက်မိသည်နှင့် မုရှန်ကွန်းမှာ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရှာ....

'ဟင် ဒီကောင်လေးရဲ့ အတွင်းအားက မသေးငယ်ပါလား၊ ငါ သူ့ကို အထင့်သေးလို့ မရတော့ဘူး'

ဓားချင်း ပြန်ခွာကာ မုရှန်ကွန်းက စကြာဓားချက်ကို အသုံးပြုပြီး စတင် တိုက်ခိုက်လာ၏၊

ဓားရိပ်ဓားငွေ့များက စကြာသဏ္ဍာန် လည်ပတ်နေကာ တဝိုးဝိုး တဝှစ်ဝှစ် မြည်ဟည်းနေ၏။ ထိုဓားချက်နှင့်သာ အထိခံလိုက်ရပါက စင်းပိလျံမှာ အပိုင်းပိုင်း ပြတ်ထွက်သွားရပေလိမ့်မည်။

'ယား'

'ချမ်း'

စင်းပိလျံက ဓားကို ကန့်လန့်ဖြတ် ကိုင်လိုက်ပြီး ဝိညာဉ် နောက်လိုက် ဓားချက်ဖြင့် တိုက်ခိုက်ပစ်လိုက်ရာ မုရှန်ကွန်း၏ စကြာဓားချက်များမှာ ပျက်ပြားသွားရ၏။ စင်းပိလျံ၏ ဓားချက်များကြောင့် မုရှန်ကွန်းမှာ နောက်သို့ပင် ယိမ်း ထွက်သွားရ၏။ မုရှန်ကွန်းမှာ မျက်လုံးအစုံပင် ပြူးကျ ဝိုင်းစက်သွားရ၏။

စင်းပိလျံက ဓားကို လှန်လိုက်ပြီး ဘီလူးဝမ်းဖော ဓားချက်ဖြင့် ထိုးလှန် တိုက်ခိုက်ပစ်လိုက်ရာ ဓားချက်က မု ကွန်း၏ ဝမ်းဗိုက်ဆီသို့ ဟူးခနဲ ထိုးဖောက် ဝင်ရောက်သွား





မုရှန်ကွန်းက ကိုယ်ကို တစ်ဖက်သို့ ယိမ်းကာ သူ့ဓားနှင့် အမြန်ဆုံး ကာကွယ်ပေးလိုက်သဖြင့်သာ ဝမ်းဗိုက် ပွင့်ထွက်မသွားရခြင်းပင် ဖြစ်၏။

မုရှန်ကွန်းက အထက်သို့ လွှားတက်ကာ နတ်သမီးပန်းကြဲ ဓားချက်ဖြင့် တိုက်ခိုက်ပစ်လိုက်ရာ ဓားချက်များက စင်းပိလျံ၏ ကိုယ်ပေါ်သို့ ပန်းများကြဲချလိုက်သည့်အလား တဖွဲဖွဲ ကျရောက်သွားကြ၏။

စင်းပိလျံက ဓားကို အထက်သို့ ဝှေ့ယမ်းကာ ကိုယ်ကို နောက်သို့ အမြန်ဆုံး လှန်ချပေးလိုက်ရ၏။

'ဟူး'

'ဝှစ်'

မုရှန်ကွန်း၏ဓားချက်များက စင်းပိလျံ၏ ကိုယ်နံဘေးမှ ပွတ်ကာသီကာကလေး လွဲချော်ထွက်သွားရ၏။

စင်းပိလျံမှာ သူ့ကိုယ်နံဘေးမှ ဟူးခနဲ ပြေးထွက်သွားသော ဓား လေတိုးမှုကိုပင် ခံစားလိုက်ရ၏။ ဓား လေတိုးမှုကြောင့် အေးစိမ့်စိမ့်ပင်ဖြစ်သွားရ၏။

စင်းပိလျံက ဓားကို ရှေ့သို့ညွှန်လိုက်ကာ နတ်သမီး ရေဆင်း ဓားချက်ဖြင့် တိုက်ခိုက်ပစ်လိုက်၏။ စင်းပိလျံ၏ဓားချက်က မုရှန်ကွန်း၏ရင်ဝကို မြားပစ်သလို ထိုးဝင်သွား၏။

'ဝှီး'

မုရှန်ကွန်းက ကိုယ်ကိုယိမ်းကာ ရှောင်ထွက်ပြေးသွား၏။ တစ်ချိန်တည်းမှာပင် မုရှန်မျန်း၏ဘယ်ခြေ အထက်သို့ ဖျပ်ခနဲ မြောက်တက်လာကာ စင်းပီလျံ၏ ရင်ဝကို ကန်ပစ်လိုက်လေသည်။

စင်းပီလျံက မုရှန်ကွန်း၏ခြေကန်ချက်ကို မြင်လိုက်ရသည်နှင့် မုရှန်ကွန်း၏ ဘယ်ခြေကို သူ့ဘယ်ခြေဖြင့် ပြန်တားထားလိုက်၏။

'ဖြောင်း'

ခြေကွက်ချင်း ထိခတ်လိုက်သံကြီးမှာ ကြောက်ခမန်းလိလိ ထွက်ပေါ်လာ၏။ နှစ်ယောက်စလုံး နောက်သို့ယိုင်ဆင်းသွားမိကြရ၏။

ဓားကွက်နှစ်ရာကျော်လာသည့်တိုင် တစ်ယောက်နှင့် တစ်ယောက် ထိမိအောင် မစွမ်းဆောင်နိုင် ကြသေးချေ။ စင်းပီလျံက အတွင်းအားကို စုစည်းကာ ခုနစ်စဉ်ကြယ်တံခွန် ဓားကွက်ကို ထုတ်သုံးတိုက်ခိုက်ပစ်လိုက်ရတော့၏။

'ဝှစ် ဝှစ် ဝှစ်'

များပြားလှသော ဓားရိပ်ဓားချက်များကြားမှ ခုန်ပျံထွက်သွားပြီးနောက် မုရှန်ကွန်းမှာ မျက်နှာ ကွက်ခနဲ ပျက်ကာ အလွန်ထိတ်လန့်တုန်လှုပ်သွားရ၏။





ဓားရိပ်ခုနစ်ရိပ်တို့က ကြယ်ပွင့်များအလား လင်းဖြာထွက်သွားကြ၏။ ခုနစ်စဉ်ကြယ် ဓားကွက်ကို တွေ့မြင်လိုက်ရလျှင် မုရှန်ကွန်းမှာ အလွန်အံ့ဩကာ မျက်လုံး မျက်ဆန် ပြူးကျယ်ဝိုင်းစက်သွားရ၏။

ခုနစ်စဉ်ကြယ်တံခွန်ဓားကွက်များမှာ ရသေ့ကြီးယောင်ရှနီ ကိုယ်ပိုင်တီထွင်ထားသော ဓားကွက်ဖြစ်ပြီး သိုင်းလောကတွင် မည်သူမှမသိကြပါသေးချေ။

ထို့ကြောင့် မုရှန်ကွန်းမှာ မည်သို့မည်ပုံပြန်လည်တိုက်ခိုက်ရမည်ကိုပင် မသိတော့ဘဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရလေတော့၏။ ထိုစဉ်မှာ မုရှန်ကွန်း အလွန်ထိတ်လန့်သွားရသည်။

အကြောင်းမှာ သူ၏ အင်္ကျီရင်ဘတ်စကြီးမှာ အလျားလိုက် ကွဲထွက်သွားသည်ကို မြင်လိုက်ရသောကြောင့်ပင်တည်း။

'ဟင်'

မုရှန်ကွန်းသည် မျက်နှာ ကွက်ခနဲ ပျက်သွားပြီးနောက် အတွင်းအားစုစည်းကာ ဓားကို ခပ်စွေစွေကိုင်လိုက်ရင်း စင်းပီလျံထံသို့ လူရောဓားပါလွှားဝင်တိုက်ခိုက်ပစ်လိုက်၏။

မုရှန်ကွန်းတိုက်ခိုက်လိုက်သော ဓားကွက်မှာ မိုးကြိုး ဓားချက် ဖြစ်၏။ ဓားလေတိုးသံမှာ ကြောက်ခမန်းလိလိ ထွက်ပေါ်လာ၏။

စင်းပီလျံက မိုးကြိုးဓားချက်ကို တွေမြင် လိုက်ရသည်နှင့် ဓားကိုလှန်လိုက်ကာ အထက်သို့လွှားတက်ပြီး ကြယ်တံခွန်ဓားချက်ဖြင့် ခုတ်ပိုင်းချလိုက်လေတော့၏။

'ချမ်း'

'အိုး'

စင်းပီလျံ၏ ပြင်းထန်သောဓားချက်ကြောင့် မုရှန်ကွန်း၏ ဓားမှာ လက်ထဲမှာပင် ဆက်လက် ဆုပ်ကိုင်ထားနိုင်စွမ်း မရှိတော့ဘဲ လက်ထဲမှ လွင့်စဉ်ထွက်သွားရတော့၏။

တစ်ချိန်တည်းမှာပင် စင်းပီလျံ၏ဓားက မုရှန်ကွန်း၏ရင်ဝကို လာရောက် ထောက်ထားလိုက်ရာ မုရှန်ကွန်းမှာ ထိတ်လန့်ချောက်ချားပြီး မျက်လုံးအစုံ ပြူးကျယ် ပိုင်းစက်သွားရလေသည်။

စင်းပီလျံက ဟက်ခနဲရယ်မောလိုက်ပြီး...

'ကိုင်း ခင်ဗျားရှုံးသွားပြီ မဟုတ်လား၊ နေစကြာဂိုဏ်းမှာ ဂိုဏ်းချုပ်ဘယ်သူဆိုတာ ခုလောက်ဆို သဘော ပေါက်ရော ပေါ့....'

'ကျုပ်ရှုံးသွားပါပြီ၊ ခုအချိန်ကစပြီး မင်းဟာ နေစကြာဂိုဏ်းချုပ်ကြီး ဖြစ်သွားပါပြီ'





မုရှန်ကွန်းက ထိတ်ထိတ်လန့်လန့်နှင့်အရှုံးပေးလိုက်ရတော့သည်၊ သူက စင်းပီလျံကို မည်သို့မျှ ယှဉ်ပြိုင် အနိုင်ရမည် မဟုတ်ကြောင်းကို ကောင်းကောင်းကြီး ရိပ်စားမိလိုက်ရလေပြီ....!

'နေစကြာဂိုဏ်းချုပ်ကြီးစင်းပီလျံ'

'ကျန်းမာပါစေ၊ ချမ်းသာပါစေ'

'နေစကြာ ဂိုဏ်းချုပ်ကြီး စင်းပီလျံ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ'

တစ်ဖက်မှ ကြည့်နေကြသော နေစကြာ ဂိုဏ်းသားများက ဓားများ လှံများကို မြှောက်ကာ အော်ဟစ် အားပေးလိုက်ကြ၏။

ယင်းအချိန်မှာပင် နေစကြာဂိုဏ်းထဲ ရောက်နေသော မုရှန်ကွန်း၏သက်ရှိ အနက်ရောင် ဂိုဏ်းခွဲမှူးကြီး တစ်ယောက်က ကျောက်ကလပ်ကြီး အထက်သို့ လွှားတက်လာပြီး....

'ကျုပ်ဟာ အနက်ရောင် ဂိုဏ်းခွဲမှူးကြီးတွေ၊ ဂိုဏ်းသားတွေရဲ့ ကိုယ်စား ယှဉ်ပြိုင်ပါရစေ၊ ကျုပ်ရှုံးသွားရင် ကျုပ်တို့ဟာ အဖြူရောင်သိုင်းသမားတွေဘဝကို ခံယူဖို့ ကတိပြုပါတယ်'

ထိုသူက ဓားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ စင်းပီလျံအား အရိုအသေပြုပြီး ပြောကြားလိုက်ခြင်းပင် ဖြစ်၏။

စင်းပိလျ ကြ မုရှန်ကွန်းအား....

'ဒီလူက ကျုပ်တို့နေစကြာဂိုဏ်းက ဂိုဏ်းခွဲမှူးတစ်ယောက်လား'

'ဟုတ်ပါတယ်၊ သူ့နာမည်က နာအာအော့လို့ ခေါ်ပါတယ်၊ သူက နေစကြာဂိုဏ်းထဲ ရောက်နေတဲ့ အနက်ရောင် သိုင်းသမားတွေရဲ့ ခေါင်းဆောင်ပါ'

စင်းပိလျ က မျက်ခုံးနှစ်ဖက် မြှင့်လိုက်ရင်း....

'ကျုပ်တို့ ဂိုဏ်းထဲမှာ အနက်ရောင် သိုင်းသမားတွေက ဘယ့်နှယ်ကြောင့် ရောက်နေရတာလဲ၊ ခင်ဗျားက ဘာဖြစ်လို့ လက်ခံထားရတာလဲ'

'သူတို့က သိုင်းပညာမှာ ထူးချွန်ကြသူတွေ ဖြစ်ပါတယ်၊ သူတို့ကို စည်းရုံးပြီး တဖြည်းဖြည်းနဲ့ အဖြူရောင် သိုင်းလောကသားတွေ ဖြစ်လာအောင် လုပ်ပေးမယ် ဆိုပြီး လက်ခံထားတာပါ'

'သူတို့ ရောက်လာတာ ဘယ်လောက်ကြာပြီလဲ'

'တစ်လနှစ်လလောက်ပဲ ရှိပါသေးတယ်'

ထို့နောက် စင်းပိလျ က အနက်ရောင် ဂိုဏ်းခွဲမှူးကြီး နာအာအော့ကို စူးစိုက် ကြည့်လိုက်ရာ....





'ခင်ဗျားပြောတဲ့အတိုင်း ကတိတည်ပါ့မလား'

'ကျုပ်တို့က အနက်ရောင် သိုင်းသမားတွေ ဖြစ်ပေမယ့် စကားကို ဖျက်လေ့ မရှိပါဘူး၊ ကျုပ်ရှုံးသွားရင် ကျုပ်တို့ဟာ စိတ်သစ်လူသစ်နဲ့ နေစကြာဂိုဏ်းမှာ ပါဝင် ထမ်းဆောင်ပါ့မယ်၊ သိုင်းလောကအကျိုး အများအကျိုး ဆောင်ရွက်ပါ့မယ်'

'ကောင်းပြီ၊ ဒါဆိုရင် လက်မထောက် ဂိုဏ်းချုပ်ကြီး ဘေးကို ခဏလောက် ဖယ်နေလိုက်ပါ'

မုရှန်ကွန်းအာ ကျောက်ဖလပ်ကြီးထက်မှ လှသားဆင်းသွားရာ ကျောက်ကလပ်ကြီးထက်တွင် စင်းပိလျ နှင့် နာအာအော့တို့ နှစ်ယောက်သာ ကျန်ရစ်ခဲ့ကြ၏။

'ရှမ်း'

နာအာအော့က သူ့ဓားကို ရှမ်းခနဲ ဆွဲထုတ်ပစ်လိုက်၏။ နာအာအော့၏ ဓားမှာ စင်းပိလျ ကဲ့သို့ပင် နှစ်ဖက်သွားဓားဖြစ်ကာ ဓားမှာ ဝင်းလက်တောက်ပလျက် ရှိနေ၏။

စင်းပိလျ က ဓားဦးကို ရှေ့သို့ ညွှန်လိုက်ပြီး....

'ခင်ဗျားကို ကျုပ်က ဓားသုံးကွက် အသာပေးလိုက်မယ်၊ ဒီဓားသုံးကွက်အတွင်း ခင်ဗျား ကျုပ်ကို ထိအောင် တိုက်ခိုက်

ပါ၊ သုံးကွက်ကျော်ရင် ကျုပ်ကခင်ဗျားကို ဓားချက်တစ်ချက်တည်းနဲ့ အနိုင်တိုက်ခိုက်လိုက်မယ်'

စင်းပိလျံ၏ စကားကြောင့် အနက်ရောင်ဂိုဏ်းခွဲမှူးကြီး နာအာဘေ့သည် စိတ်ထဲတွင် ထောင်းခနဲဖြစ်သွားရပြီး—

'ကောင်းပြီ၊ ကျုပ်ဓားသုံးကွက်ကို ခံနိုင်ရင် ခံပေတော့'

'ယား'

စကားဆုံးသည်နှင့် နာအာဘေ့က ဓားကို ဝှေ့ယမ်းကာ စင်းပိလျံထံသို့ လူရောဓားပါ လွှားစင်လာတော့၏။

နာအာဘေ့၏ ပထမ ဓားကွက်မှာ ကြယ်ကြွေဓားကွက်ဖြစ်၏။ ဓားရောင်မှာ ဝင်းခနဲထွက်ပေါ်လာကာ ကြယ်ကြွေကျသကဲ့သို့ ဖြစ်ပေါ်လာ၏။

'ဝှီး'

စင်းပိလျံက ကြယ်ကြွေဓားကွက်ကို မြင်လိုက်ရသည်နှင့် အထက်သို့ ခုန်တက်ကာ ရှောင်တိမ်းပေးလိုက်၏။ နာအာဘေ့၏ ပြင်းထန်မြန်ဆန်သော ဓားချက်က သူ့ခြေဖဝါးအောက်မှ ပွတ်ကာသီကာကလေး ပြေးထွက်သွားရ၏။

ပထမဓားချက် လွဲချော်သွားသည်နှင့် နာအာဘေ့က အံကို ကြိတ်လိုက်ကာ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်





ရင်း ခြေသံ့ရင်ခွဲ ဓားချက်ဖြင့် ဝင်ရောက် တိုက်ခိုက်ပစ်လိုက်ပြန်၏။

'ယား'

'ဟူး'

နာအာဘေ့၏ ဓားချက်က စင်းပိလျံ၏ ရင်ဝသို့ တစ်ဟုန်ထိုး ဝင်ရောက်လာ၏။ စင်းပိလျံက မြေပြင်တွင်ဖျတ်ခနဲ ဝပ်ကာ လှိမ့်ထွက်ပေးလိုက်၏။

'ဝှစ် ဝှစ် ဝှစ်'

နာအာဘေ့က ချက်ချင်းပင် နဂါးမြေလူး ဓားချက်ဖြင့် အတင်း လိုက်လံ ခုတ်ပိုင်းတိုက်ခိုက်ပစ်လိုက်၏။ စင်းပိလျံက မြေပေါ်တွင် လူးလှိမ့်ကာ အရှောင်အတိမ်း ကောင်းသဖြင့်သာ အသက်ပျောက်မသွားရခြင်းပင် ဖြစ်၏။

စင်းပိလျံက ဓားချက်များကြားမှ ထိုးဖောက်ထွက်သွားသည်။ နာအာဘေ့မှာ သတ်မှတ်ထားသည့်အတိုင်း ဓားကွက်ပြည့်မြောက်သွားပြီ ဖြစ်သော်လည်း စင်းပိလျံ၏ ခန္ဓာကိုယ်ကို မဆိုထားနှင့် အင်္ကျီစကလေးပင် ထိအောင် တိုက်ခိုက်နိုင်စွမ်း မရှိပါချေ။

ဓားကွက်သုံးကွက် ပြည့်မြောက်သွားလျှင် စင်းပိလျံက ဓားကို ရှေ့သို့ ညွှန်လိုက်ပြီး—

'ကိုင်း ခင်ဗျားကို အသာပေးတဲ့ ဓားကွက်သုံးကွက် ပြည့်မြောက်သွားပြီ၊ ဒီတစ်ခါ ကျုပ်အလှည့်ပဲ၊ ကျုပ်ပြောတဲ့အတိုင်း ကျုပ်က ဓားကွက်တစ်ကွက်ပဲ သုံးလိုက်မယ်၊ ကြည့်သာ ရှောင်ပေတော့'

'ယား'

စကားဆုံးသည်နှင့် စင်းပီလျံက ဓားကို ဘယ်လက်သို့ ပြောင်းကိုင်လိုက်ပြီး လှိုင်းလုံးအားမာန် ဓားချက်ဖြင့် နာအာအေ့ထံသို့ ခုန်ပျံတိုက်ခိုက်ပစ်လိုက်၏။

လှိုင်းလုံးအားမာန် ဓားချက်ကိုတွေ့မြင်လိုက်ရလျှင် နာအာအေ့မှာ အကြီးအကျယ် ထိတ်လန့် ချောက်ချားသွားရလေသည်။

လှိုင်းလုံးအားမာန် ဓားချက်ကို သူက တစ်ခါမှ မမြင်ဖူးသောကြောင့်ပင် ဖြစ်သည်။

လှိုင်းလုံးအားမာန် ဓားချက်ဆိုသည့်အတွက် ဓားချက်က ရေလှိုင်းလုံးကြီးပမာ ပြင်းထန်စွာ လိမ့်ဆင်း ဝင်ရောက်လာသည်။

ဓားလှိုင်းကြီးများက ရေလှိုင်းလုံးကြီးများ တစ်လုံးပြီး တစ်လုံး ဆင့်ကာ လိမ့်ဆင်းလာသလို အားမာန်ကြီးလှပေ၏။





နာအာအေ့က သူ၏ ဓားနှင့် အစွမ်းကုန် ဝေ့ယမ်း ကာကွယ်ပေးလိုက်သည်။

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

'ဖြောင်း'

'အိုး'

ဓားကျိုးထွက်သွားသံနှင့်အတူ နာအာအေ့မှာလည်း စူးရှစွာ အော်ဟစ်ကာ နောက်သို့ လွင့်စဉ်ထွက်သွားရသည်။ စင်းပီလျံ၏ လှိုင်းလုံးအားမာန် ဓားချက်ကြောင့် နာအာအေ့၏ ဓားမှာ ခါးလယ်မှ ကျိုးထွက်သွားရသလို နာအာအေ့မှာလည်း တစ်ကိုယ်လုံး ဓာတ်လိုက်သလို ထုံကျဉ်တက်သွားရသည်။

ထို့ကြောင့်လည်း နာအာအေ့က ထိတ်လန့်တကြား အော်ဟစ်ကာ နောက်သို့ လွင့်စဉ်ထွက်သွားရခြင်းပင် ဖြစ်ပေတော့၏။ ယခုပွဲတွင် နာအာအေ့က အကြီးအကျယ် ရှုံးနိမ့်သွားရလေပြီ။

နာအာအေ့က လက်နှစ်ဖက်ဆုပ်ကာ စင်းပီလျံအား အရှိအသေ ပြုလိုက်ပြီး....

'ကျုပ် ရှုံးသွားပါပြီ၊ ကျုပ် ကတိအတိုင်း ကျုပ်ခေါင်းဆောင်တဲ့ အနက်ရောင် သိုင်းသမားတွေဟာ ဂိုဏ်းချုပ်ကြီးရဲ့ ဂိုဏ်းထဲမှာ အဖြူရောင် သိုင်းသမားတွေအဖြစ် ခံယူပြောင်းလဲပြီး သိုင်းလောကအကျိုး အများအကျိုး ဆောင်ရွက်ပါတော့မယ်'

အနက်ရောင် ဂိုဏ်းခွဲမှူးကြီး နှာအာဘော်၏ စကားကို ကြားလိုက်ရလျှင် စင်းပီလျှံမှာ အလွန် အားရဝမ်းသာ ဖြစ်သွားရကာ....

'ဂိုဏ်းခွဲမှူးကြီးရဲ့စကား ကြားရတာ ကျုပ်အတွက် အင်မတန်မှ မင်္ဂလာရှိတဲ့ စကားပဲ ဖြစ်ပါတယ်၊ တကယ်တော့ ကျုပ်တို့တာ သိုင်းလောကကြီးထဲမှာ ကျင်လည်လှုပ်ရှားနေကြတဲ့ သိုင်းလောကသားတွေပါပဲ၊ သိုင်းလောကကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ဖို့နဲ့ သိုင်းလောကအကျိုး ဆောင်ရွက်ကြရမှာ ခင်ဗျားတို့ ကျုပ်တို့ တာဝန်ပါပဲ။ ဂိုဏ်းခွဲမှူးကြီးလဲ ကျုပ်ရဲ့ နေစကြာဂိုဏ်းကြီးမှာ ဂိုဏ်းခွဲမှူးရာထူးနဲ့ပဲ ဆက်လက်ထမ်းဆောင်ပါ၊ ကျန်တဲ့ အနက်ရောင်သိုင်းသမားတွေကိုလဲ အဖြူရောင် သိုင်းသမားတွေအဖြစ် ပြောင်းလဲပြီး သူတို့ လက်ရှိတာဝန်တွေအတိုင်း ဆက်လက်ထမ်းဆောင်ခွင့် ပြုပါတယ်'

'ဂိုဏ်းချုပ်ကြီးက အခုလို ကျုပ်တို့အပေါ်မှာ သဘောထားကြီးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျုပ်တို့





ဟာ နေစကြာဂိုဏ်း အကျိုးအတွက် သိုင်းလောကအကျိုးအတွက် အသက်စွန့် တာဝန်ထမ်းဆောင်မယ်ဆိုတဲ့ အကြောင်း ကတိပြုပါတယ်'

ဂိုဏ်းခွဲမှူးကြီး နှာအာဘော်က စင်းပီလျှံအား အရိုအသေပြု ပြောကြားလိုက်၏၊ ထို့နောက် ကျောက်ကလပ်ကြီးဖက်မှ ခုန်လွှား ဆင်းသွားတော့၏။ နေစကြာ ဂိုဏ်းသားများနှင့် ဂိုဏ်းခွဲမှူးကြီးများက...

'နေစကြာဂိုဏ်းချုပ်ကြီး ကျန်းမာပါစေ'
'နေစကြာဂိုဏ်းချုပ်ကြီး ကျန်းမာပါစေ'
'နေစကြာဂိုဏ်းချုပ်ကြီး ကျန်းမာပါစေ'

နေစကြာ ဂိုဏ်းခွဲမှူးကြီးများနှင့် ဂိုဏ်းသားများ အော်ဟစ် ကြွေးကြော်လိုက်သံများမှာ အိုထိုင်စန် တောင်ထိပ်တစ်ခုလုံး ပဲ့တင်ထပ်မျှ ဆူညံ ပွက်လောရိုက်သွားရတော့သည်။

စင်းပီလျှံက ကျောက်ကလပ်ကြီးထက်မှ နေ၍ နေစကြာ ဂိုဏ်းသားများအား....

'ခုအချိန်ကစပြီး ကျုပ်ဟာ နေစကြာဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးအဖြစ်နဲ့ အရေးကြီးတာတွေကို မှာကြားချင်တယ်၊ သိုင်းလောကသားအချင်းချင်း စည်းလုံး ညီညွတ်ကြရမယ်၊ အနက်ရောင် သိုင်းလောကသားတွေကိုလဲ စည်းရုံးခေါ်ဆောင်ရမယ်၊ လက်တွဲရမယ်၊ သိုင်းလောကအကျိုး အများအကျိုး ဆောင်ရွက်ရမယ်၊ နေစကြာဂိုဏ်းမှာ ခုအချိန်ကစပြီး အလျင်ကထက်

ပို့ပြီး စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်ရမယ်၊ နေစကြာဂိုဏ်းရဲ့ အင်အားကို ကြီးထွားအောင်လုပ်ဆောင်ရမယ်၊ မကြာခင်မှာ ကျုပ်တို့နေစကြာဂိုဏ်းမှာ သိုင်းပြိုင်ပွဲကြီးတစ်ရပ် ကျင်းပမယ်၊ အရည်အချင်းရှိတဲ့ လူတွေကို အဆင့်တွေ တိုးပေးပြီး လူသစ်တွေကို စည်းရုံးရမယ်၊ စီးပွားရေးလုပ်ငန်းတွေက ရလာတဲ့ ငွေတွေနဲ့ သိုင်းလောကအကျိုးဆောင်ရွက်ရမယ်၊ တရားဥပဒေ စိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းရေး အတွက် အစွမ်းကုန်ကြိုးစား ဆောင်ရွက်ကြရမယ်၊ သိုင်းလောကမှာ အမျိုးမျိုးနှောင့်ယှက်ဒုက္ခပေးနေတဲ့ ဒုစရိုက် သိုင်းသမားတွေကို ရှာဖွေဖော်ထုတ် ချေမှုန်းကြရမယ်'

နေစကြာဂိုဏ်းသားများ၏ အောင်ပွဲခံဟစ်ကြွေးကြော်သံများမှာ ဆူညံပွက်လောရိုက်သွားရလေတော့၏။

● ● ●

နေစကြာဂိုဏ်းသို့ ဧည့်သည် သုံးယောက် ရောက်ရှိလာပြီး မကြာမီမှာပင် စင်းပီလျံမှာလည်း ဧည့်သည်များနှင့် အတူလိုက်ပါသွား၏။ ထိုဧည့်သည်များသည်ကား နေမဝင်တောင်မှ ကပ္ပိယကြီး ငေါ့ကျင်ဟုန်၊ ယစ်ထုပ် သိုင်းသမားကြီး ရီကျင့်ပန်းနှင့် သမီးဖြစ်သူ ရီကျင့်စန်းတို့ပင် ဖြစ်ကြ၏။

သူတို့သုံးယောက် ရောက်လာရခြင်းမှာ ဆရာသခင်ရသေ့ကြီး အတော်ကလေး မကျန်းမမာဖြစ်နေသောကြောင့်ပင် ဖြစ်





သည်။ ထို့ကြောင့် စင်းပီလျံမှာ နေမဝင်တောင်သို့ အမြန်လိုက်ပါသွားရတော့၏။

နေမဝင်တောင်သို့ရောက်သောအခါ ဆရာသခင်ရသေ့ကြီးမှာ အတော်ကလေး မကျန်းမမာ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ရသေ့ကြီးမှာ တစ်ချိန်က အတွင်းဒဏ်များကြောင့် မောဟိုက်နေကာ အိပ်ရာထက်တွင်လဲနေသည်ကို တွေ့မြင်လိုက်ကြရသည်။

'ဘိုးဘိုး...ကျွန်တော်ရောက်လာပါပြီ၊ ဘိုးဘိုး ဘာမှမဖြစ်စေရပါဘူး၊ အားတင်းထားစမ်းပါ ဘိုးဘိုးရယ်'

စင်းပီလျံက သူ၏အဘိုး ရသေ့ကြီးကို အိပ်ရာထက်တွင် ဖေးမကာ ပြောလိုက်၏။ ရသေ့ကြီးက ပါးစပ်မှသွေးတစ်ပွက်အန်ထွက်ကျလာရင်း...

'လူကလေး၊ မင်း အခု နေစကြာဂိုဏ်းချုပ်ကြီးဖြစ်နေပြီမဟုတ်လား'

'ဟုတ်ပါတယ် ဘိုးဘိုး၊ ကျွန်တော် အခု နေစကြာဂိုဏ်းမှာ ဂိုဏ်းချုပ်ဖြစ်နေပါပြီ'

'မင်းဖေဖေကို သိုင်းလောကမှာလိုက်ရှာပါ၊ မင်းမေမေကဖူကွမ်းဖေ့ သီလရှင်ကျောင်းမှာ သီလရှင် ဝတ်နေတယ်၊ မင်းမေမေကိုလဲ သွားတွေ့လိုက်ပါ'

'စိတ်ချပါ ဘိုးဘိုး၊ ကျွန်တော် သွားတွေ့လိုက်ပါ့မယ်၊ ဘိုးဘိုးသာ ကျန်းမာအောင်နေပါ၊ ဘိုးဘိုး ဘာမှ မဖြစ်နိုင်ပါဘူး'

ရခဲသ့ကြီးက ချောင်းတဟွတ်ဟွတ်ဆိုးရင်း....

'အဟွတ် အဟွတ် အဟွတ် ဘိုးဘိုးအခြေအနေကို ဘိုးဘိုး သိပါတယ် ငါ့မြေးရယ်၊ ဘိုးဘိုး တစ်ချိန်က အတွင်းဒဏ်ရာ တွေက ခုဆိုမှပြန်ပေါ်လာနေပြီ၊ ဘိုးဘိုးဟာ ကြာရှည်မနေရ တော့ပါဘူး၊ ဘိုးဘိုးကိုယ် ဘိုးဘိုး သိပါတယ်'

မှန်ပေသည်။ ရခဲသ့ကြီးမှာ အလွန် မာဟိုက်နေပြီး အရိုး ပေါ် အရေတင်ကာ ပိန်ချုံးလျက် ရှိနေ၏။ မျက်ကွင်းကြီး များမှာ ဟောက်ပက်ဖြစ်ကာ အသားအရေမှာ သွေး မရှိ တော့သလို ဖြူဖပ်ဖြူရော်ဖြစ်လျက် ရှိနေ၏။

စင်းပိလျှံတို့ နေမဝင်တောင်သို့ရောက်ပြီး နောက်နှစ်ရက် မျှ အကြာတွင် ရခဲသ့ကြီးမှာ အမောဖောက်လာလေတော့ သည်။

ရခဲသ့ကြီးက မသေဆုံးမီ စင်းပိလျှံအား အသေအချာ မှာကြားထားခဲ့၏။

'မင်းဖေဖေကို လိုက်ရှာပါ၊ မင်းမေမေဆီကိုလဲ သွားတွေ့ လိုက်ပါ၊ သိုင်းလောကအကျိုး အများအကျိုးဆောင်ရွက်ပါ၊ နေစကြာဂိုဏ်းကြီးကိုမပြိုကွဲအောင် ထိန်းသိမ်း စောင့်ရှောက် ပါ....'

ရခဲသ့ကြီးမှာ စင်းပိလျှံကို မှာကြားစရာရှိသည်များ မှာ ကြားနေရင်း စင်းပိလျှံနှင့် ရှီကျင့်စန်းတို့ကို လက်ဆက်ပေး ကာ သေဆုံးသွားရရှာတော့၏။





ထိုသို့လက်ဆက်ပေးခဲ့သဖြင့် စင်းပိလျှံမှာ နေစကြာဂိုဏ်း သို့ ပြန်ရောက်လျှင် ရှီကျင့်စန်းနှင့် လက်ထပ်ရမည် ဖြစ်ပေ သည်။

ရခဲသ့ကြီး၏အလောင်းကို နေမဝင်တောင်ထိပ်ရှိ ကျောက် ကလပ်ကြီးထက်မှာပင် ကောင်းမွန်စွာမြှုပ်နှံပေးလိုက်ကြ၏။ စင်းပိလျှံ၊ ယစ်ထုပ်သိုင်းသမားကြီး၊ ကပ္ပိယကြီးနှင့် ရှီကျင့် စန်း တို့က ရခဲသ့ကြီးမြှုပ်နှံထားရာ ကျောက်ကလပ်ကြီးကို နောက်ဆုံးအခေနှင့် အရိုအသေပြုလိုက်ကြ၏။

ပြီးနောက် သူတို့သည် နေမဝင်တောင်မှထွက်ခွာလာခဲ့ကြ သည်။ ကပ္ပိယကြီးကမူသူတို့နှင့်မလိုက်တော့ဘဲ နေမဝင်တောင် မှာပင် နေရစ်ခဲ့၏။

ယစ်ထုပ်သိုင်းသမားကြီးနှင့် ရှီကျင့်စန်းတို့ကမူ စင်းပိလျှံ နှင့်အတူ နေစကြာဂိုဏ်းသို့ လိုက်ပါလာခဲ့ကြ၏။

နေစကြာဂိုဏ်းသို့ ပြန်ရောက်သည်နှင့် သိုင်းလောကသား များကို ဖိတ်ကြားကာ သိုင်းပြိုင်ပွဲကြီးတစ်ရပ်ကို ကျင်းပရန် စိုင်းပြင်းကြ၏။

နေစကြာသိုင်းပြိုင်ပွဲဟု နာမည်ပေးကာ ဖိတ်စာများကို သိုင်းဂိုဏ်းကြီးများသို့ ပို့ဆောင်ပေးထားလိုက်၏။

ပြိုင်ပွဲစင်မြင့်ကြီးကိုလည်း ကြီးကျယ် ခမ်းနားစွာဆောက် လုပ်လိုက်ကြ၏။ စင်းပိလျှံမှာ လုပ်ဆောင်စရာပေါင်းများ မြောက် မြားစွာ ရှိနေ၏။

သူသည် မိခင်ကြီးကို သွားရောက်ကန်တော့ရန် ရှိနေသလို သိုင်းလောကမှ ပျောက်ဆုံးနေသော သူ၏ ဖခင်ကြီးကိုလည်း ရှာဖွေရဦးမည်။

နေစကြာသိုင်းပြိုင်ပွဲ ကျင်းပမည့်ရက်မှာ တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သလို စင်းပီလျံနှင့် ရီကျင့်စန်းတို့၏ ချစ်ခြင်းမေတ္တာမှာလည်း ပိုမို၍ခိုင်မြဲလာခဲ့ရလေတော့၏။

ဒုတိယတွဲကို ဆက်လက်ဖတ်ရှုပါရန်။

မောင်နှင်းဆွေ

# ပေါင်နှင်းဧချ



ကုလုံ၊၆၊

ဝင်းရွှေချမ်းမြို့